မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် | ၂၀၁၆ ခုနှစ်၊ ဧပြီ ၈ ရက်၊ သောကြာနေ့ | အတွဲ (၅၅)၊ အမှတ် (၁၉၁)

အစိုးရယန္တရားလည်ပတ်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး ပထမဦးဆုံးကျင်းပ

စာမျက်နှာ-၃

ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ဆွေးနွေး



နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ စတီဗင်ဒီရွန်နှင့်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် ပညာတော်သင် စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ စတီဗင်ဒီရွန်တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

မြန်မာနိုင်ငံအတွက် ကနေဒီယန်ဒေါ်လာ ၄၄ သန်း ကူညီမည်

နေပြည်တော် ဧပြီ ၇

မြန်မာနိုင်ငံ၏ ဖက်ဒရယ်ပြည်ထောင်စုစနစ် အောင်မြင်စွာထူထောင်နိုင်ရေး၊ အုပ်ချုပ်မှုစနစ် တိုးတက်ကောင်းမွန်ရေးနှင့် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကနေဒီယန်ဒေါ်လာ ၄၄ သန်း ကူညီထောက်ပံ့ပေးသွားမည်ဟု ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ စတီဗင်ဒီရွန်က ယနေ့နံနက်ပိုင်းတွင်

စာမျက်နှာ ၃ ကော်လံ ၄ ◆

နှစ်သစ်ကူးအခါသမယတွင် နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွှယ်ပြီး အမှုရင်ဆိုင်နေရသည့် ကျောင်းသား၊ ကျောင်းသူများ ပြစ်မှုမှ အမြန်ဆုံးလွတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မည်

စာမျက်နှာ-၃

မြန်မာ့အလင်း

မြန်မာ့နှစ်သစ်မင်္ဂလာနှင့် လွတ်ငြိမ်းချမ်းသာခွင့်

နှစ်သစ်ကူးအခါသမယတွင် နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့် ဆက်နွှယ်ပြီး အမှုရင်ဆိုင်နေရသည့် ကျောင်းသား ကျောင်းသူများ ပြစ်မှုမှ အမြန်ဆုံးလွတ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးက ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။

ဧပြီလ ၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်လိုက်သော အဆိုပါကြေညာချက်သည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး၏ ပွဲဦးထွက် ကြေညာချက်ဖြစ်ပြီး ပြည်သူ့အစိုးရတက်လာချိန်တွင် အနေးနှင့်အမြန် လွတ်မြောက်နိုင်မည်ဟု မျှော်လင့်ခဲ့ကြသည့် နိုင်ငံရေးအကျဉ်းသားများ၊ အမှုများစွာဖြင့် စွဲချက်တင် တရားစွဲဆိုခံနေရသည့် ကျောင်းသားများနှင့် ပြည်သူများ လွတ်မြောက်ရေးအတွက် လက်တွေ့ကျကျ စတင်ဆောင်ရွက်တော့မည်ဆိုသည်ကို ပြည်သူသို့ အသိပေးလိုက်ခြင်းလည်းဖြစ်သည်။

ဆောင်ရွက်သွားမည့် နည်းလမ်းသုံးသွယ်ကိုလည်း ပြဋ္ဌာန်းထားရာ (က)နိုင်ငံတော်သမ္မတက ပြစ်ဒဏ်ကျခံနေရသူအား စည်းကမ်းချက်ထား၍ဖြစ်စေ၊ စည်းကမ်းချက်မထားဘဲဖြစ်စေ ပေးပိုင်ခွင့်ရှိသည့် လွတ်ငြိမ်းသက်သာခွင့်၊ (ခ) နိုင်ငံတော်သမ္မတက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်ဖြင့် ပေးပိုင်ခွင့်ရှိသည့် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်နှင့် (ဂ) အစိုးရရှေ့နေတစ်ဦးဦးက လူတစ်ယောက်ကို စီရင်ချက်မချမှတ်မီ ၎င်းအပေါ် စွဲဆိုထားသည့်အမှုကို တရားရုံး၏သဘောတူညီချက်ဖြင့် ရုပ်သိမ်းခြင်းတို့ ဖြစ်သည်။

အဆိုပါ နည်းလမ်းသုံးသွယ်အနက်မှ နည်းလမ်း(က)နှင့် (ဂ) တို့ကိုအသုံးပြုကာ နိုင်ငံရေးအကျဉ်းသားများ၊ တက်ကြွလှုပ်ရှားသူများနှင့် နိုင်ငံရေးနှင့်ဆက်နွှယ်ပြီး အမှုရင်ဆိုင်နေရသော ကျောင်းသား ကျောင်းသူများ အမြန်ဆုံးလွတ်မြောက်ရေးကို ဆောင်ရွက်မည်ဖြစ်ရာ နှစ်သစ်ကူးအခါသမယ သင်္ကြန်မတိုင်မီ ပြန်လည်လွတ်မြောက်လာနိုင်မည်ဟု မျှော်လင့်ရသည်။

ပြည်သူက တစ်ခဲနက် ရွေးချယ်တင်မြှောက်ခဲ့သည့် ပြည်သူ့အစိုးရ ပေါ်ပေါက်လာပြီးသည့်နောက်တွင် မြန်မာ့နိုင်ငံရေးမြင်ကွင်းသည်လည်း ပြောင်းလဲလာခဲ့ပြီဖြစ်သည်။ နိုင်ငံတော်သမ္မတကပေးသည့် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် အကျဉ်းသားများကို အကျဉ်းထောင်အသီးသီးမှ အကြိမ်ကြိမ်လွှတ်ပေးခဲ့ဖူးရာတွင် ပြစ်မှုဆိုင်ရာဥပဒေဖြင့် ပြစ်ဒဏ်ကျခံနေရသူ ရာဇဝတ်အကျဉ်းသားများ အများစုပါဝင်ခဲ့ပြီး ၎င်းရာဇဝတ်သားများက ပြည်သူများနေထိုင်ရာ ရပ်ရွာများတွင် တရားဥပဒေစိုးမိုးမှုကို ခြိမ်းခြောက်ခဲ့သည့် ဖြစ်ရပ်များ မကြာသေးသည့် အတိတ်ကာလက ဖြစ်ပေါ်ခဲ့ရာ ပြည်သူများအတွင်း ဝေဖန်မှုများ အများအပြား ထွက်ပေါ်လာခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည် လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး ကြေညာချက်အမှတ် (၁/၂၀၁၆) အရ နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွှယ်ပြီး အမှုရင်ဆိုင်နေကြရသော ကျောင်းသား ကျောင်းသူများ လွတ်မြောက်ရေးသည် ပြည်သူလူထုက ရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့အစိုးရ၏ ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း ရည်ညွှန်းထားရာ ယခင်ကာလက လွတ်ငြိမ်းချမ်းသာခွင့်များနှင့် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ လုံးဝမတူ ကွဲပြားခြားနားနေမည်ဟု ယုံကြည်ပါကြောင်း။ ။

မြန်မာနိုင်ငံ ပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံတကာနှင့် ပြည်တွင်းရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ငြိမ်းချမ်းအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

နေ့အပူချိန် တိုးလာနိုင်

နေပြည်တော် ဧပြီ ၇
မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။
(မိုး/ဇလ)

ရန်ကုန်မြို့တော်မဟာသင်္ကြန် ဗဟိုမဏ္ဍပ်၌ ရုပ်ရှင်၊ သဘင်၊ ဂီတဖျော်ဖြေမှုများတင်ဆက်မည်

ရန်ကုန် ဧပြီ ၇
ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ကို ၁၃၇၇ ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ဟု အမည်ပြောင်းထားကြောင်း သိရသည်။

ရန်ကုန်မြို့တော် မဟာသင်္ကြန် ဗဟိုရေကစားမဏ္ဍပ် **(ယာပုံ)** တွင် ယိမ်းအကပြိုင်ပွဲများ၊ မူကြိုကလေးများ၏ ယိမ်းအကများ၊ ယိမ်းအကအဖွဲ့များ၏ ဖျော်ဖြေမှုများ၊ တိုင်းရင်းသား ယိမ်းအကအဖွဲ့များစသည့် ယိမ်းအဖွဲ့ ၅၈ ဖွဲ့တို့၏ ယှဉ်ပြိုင်ကပြ ဖျော်ဖြေမှုများအပြင် ရုပ်ရှင်၊ သဘင်၊ ဂီတ သီဆိုဖျော်ဖြေမှုများပါဝင်ပြီး ယိမ်းအကပြိုင်ပွဲကို နံနက် ၈ နာရီမှ ၉ နာရီ၊ ညနေ ၅ နာရီမှ ည ၇ နာရီ၊ ရုပ်ရှင်၊ သဘင်၊ ဂီတဖျော်ဖြေမှုများကို ညပိုင်းတွင် ပြည်သူများအား စည်ကားသိုက်မြိုက်စွာ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၇-၄-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၆၈၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၂၃၃၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၆၈၅၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

ဒီဇယ်	၄၇၀ / ၅၀၀ ကျပ်
အောက်တိန်း ၉၂	၅၃၀ / ၅၅၀ ကျပ်
အောက်တိန်း ၉၅	၆၃၀ / ၇၃၀ ကျပ်
ပရီမီယံဒီဇယ်	၅၁၀ / ၅၄၀ ကျပ်

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၁၉၂.၀
ဥရောပ	တစ်ယူရို	၁၃၅၉.၄
စင်ကာပူ	တစ်ဒေါ်လာ	၈၈၅.၁၉
ထိုင်း	တစ်ဘတ်	၃၃.၈၃၅
အိန္ဒိယ	တစ်ရူပီး	၁၇.၉၁၉
တရုတ်	တစ်ယွမ်	၁၈၃.၉၃
မလေးရှား	တစ်ရင်းဂစ်	၃၀၇.၂၂

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၁၃၇၊
Fax- ၀၁-၈၆၀၄၅၄၆

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၉/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်)

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၆၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဆ) နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဦးစီးအဖွဲ့ဥက္ကဋ္ဌများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁)	ဦးကေဆိုင်း	နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
(၂)	ဦးခွန်စံလွင်	ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
(၃)	ဦးဝင်းကျော်(ခ) ဦးအိုက်မိန်း	ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
(၄)	ဦးကျောက်တယ်ချန်	ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
(၅)	ဦးခွန်ထွန်းလူ(ခ)ဒီကီ	"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အစိုးရယန္တရားလည်ပတ်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး ပထမဦးဆုံးကျင်းပ

နိုင်ငံတော်သမ္မတအိမ်တော်ကို တွေ့ရစဉ်

နေပြည်တော် ဧပြီ ၇

၂၀၁၆ ခုနှစ် မတ် ၃၀ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး အစိုးရယန္တရားလည်ပတ်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၁/၂၀၁၆)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ဒုတိယသမ္မတများဖြစ်ကြသော ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

◆ ***ရှေ့ဖုံးမှ***

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်။

နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများဖြစ်ကြသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် မစ္စတာ စတီဗင်ဒီရွန်တို့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ကြရာ မြန်မာနိုင်ငံ၌ ဖက်ဒရယ်ပြည်ထောင်စုစနစ် အောင်မြင်စွာထူထောင်နိုင်ရေးအတွက် ကနေဒါနိုင်ငံ၏ အကောင်းဆုံးနည်းဗျူဟာနှင့် အတွေ့အကြုံများ မျှဝေပေးရေး၊ အုပ်ချုပ်မှုစနစ် တိုးတက်ကောင်းမွန်ရေးအတွက် အဓိကကျသည့် သတင်းအချက်အလက်ကဏ္ဍတွင် ပူးပေါင်းကူညီပေးရေး၊ အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များအတွက် အသေးစားစီးပွားရေးလုပ်ငန်းများနှင့် အခွင့်အလမ်းများဖန်တီးပေးရေး စသည်ဖြင့် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးများသည် သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ပြီး နှစ်နိုင်ငံသဘောထားများကို သတင်းမီဒီယာများအား ရှင်းလင်းပြောကြားကြသည်။ **(ဝဲပုံ)**

မြန်မာနိုင်ငံနှင့် ကနေဒါနိုင်ငံတို့၏ ကုန်သွယ်မှုပမာဏသည် နှစ်စဉ်တိုးတက်လျက်ရှိရာ ၂၀၁၅ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုး စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၂၇ သန်းအထိ ရှိခဲ့ကြောင်း ကနေဒါအစိုးရက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

နှစ်သစ်ကူးအခါသမယတွင် နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွှယ်ပြီး အမှုရင်ဆိုင်နေရသည့် ကျောင်းသား၊ ကျောင်းသူများ ပြစ်မှုမှ အမြန်ဆုံးလွတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး
(ကြေညာချက်အမှတ် ၁/၂၀၁၆)
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်)

၁။ နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွှယ်ပြီး အမှုရင်ဆိုင်နေကြရသော ကျောင်းသား၊ ကျောင်းသူများ လွတ်မြောက်ရေးသည် ပြည်သူလူထုက ရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့အစိုးရ၏ ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ပါသည်။ ဤသို့ဆောင်ရွက်နိုင်ရန် အောက်ပါအတိုင်း နည်းလမ်းသုံးသွယ်ကို ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)တွင် နိုင်ငံတော်သမ္မတသည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါသည်။ ပြစ်ဒဏ်ကျခံနေရသူ တစ်ဦးဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ၊ တစ်စုတစ်ဖွဲ့ကိုဖြစ်စေ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပေးနိုင်ပါသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)ပါ ပြဋ္ဌာန်းချက်အရလည်း နိုင်ငံတော်သမ္မတက ပြစ်ဒဏ်ကျခံနေရသူအား စည်းကမ်းချက်ထား၍ဖြစ်စေ၊ စည်းကမ်းချက်မထားဘဲဖြစ်စေ လွတ်ငြိမ်းသက်သာခွင့်ပေးနိုင်ပါသည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးပိုင်ခွင့်ရှိပါသည်။ ပြစ်မှုဖြင့် ပြစ်ဒဏ်ကျခံနေရသူများ၊ ပြစ်မှုဖြင့်အမှုရင်ဆိုင်နေကြရသူများအားလုံး အကျုံးဝင်ပါသည်။ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ဖြစ်ပါသည်။

(ဂ) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ အရ မည်သည့်အစိုးရရှေ့နေမဆို စစ်ဆေးစီရင်သောအမှုများတွင် စီရင်ချက်မချမီ လူတစ်ယောက်ကို ၎င်းအပေါ်စွဲဆိုထားသော အမှုမှ ယေဘုယျအားဖြင့်ဖြစ်စေ၊ ၎င်းကိုကြားနာစစ်ဆေးနေသည့် ပြစ်မှုများအနက် ပြစ်မှုတစ်ရပ်နှင့်စပ်လျဉ်း၍ဖြစ်စေ၊ ပြစ်မှုအများနှင့်စပ်လျဉ်း၍ဖြစ်စေ တရားရုံး၏သဘောတူညီချက်ဖြင့် ရုပ်သိမ်းနိုင်ပါသည်။

၂။ ထို့ကြောင့် နှစ်သစ်ကူးအခါသမယတွင် နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွှယ်ပြီး အမှုရင်ဆိုင်နေရသည့် ကျောင်းသား၊ ကျောင်းသူများ ပြစ်မှုမှ အမြန်ဆုံးလွတ်မြောက်ရေးအတွက် ဆောင်ရွက်ပေးနိုင်သည့် နည်းလမ်းမှာ အပိုဒ် ၁၊ အပိုဒ်ခွဲ(က)နှင့်(ဂ)တို့ဖြစ်ပါသဖြင့် ယင်းနည်းလမ်းများကိုအသုံးပြု၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

(ပုံ) အောင်ဆန်းစုကြည်
နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်

ပါကစ္စတန်၌ မိုးနှင့်အခြားဘေးအန္တရာယ်များကြောင့် လူ ၉၂ ဦးသေဆုံး

အစ္စလာမ္မာဘတ် ဧပြီ ၇

လွန်ခဲ့သော ငါးရက်အတွင်း ပါကစ္စတန် အနောက်မြောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ယင်းသဘာဝဘေးအန္တရာယ်များကြောင့် စုစုပေါင်း လူ ၉၂ ဦး သေဆုံးခဲ့ကြောင်း၊ အခြား ၇၇ ဦးလည်း ဒဏ်ရာများရရှိခဲ့ကြောင်း ဒေသတွင်းသတင်းမီဒီယာများက ဖော်ပြသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့က ယင်းဒေသများတွင် ထိခိုက်မှုနှင့် ဆုံးရှုံးမှုအများဖြစ်ပွားခဲ့ကြောင်းဖော်ပြခဲ့ပြီး အစိုးရအဖွဲ့က အရေးပေါ်အခြေအနေကြေညာခဲ့ကာ ကူညီမှုများဆောင်ရွက်ရန် ကြိုးစားနေကြောင်း သိရသည်။

(ဆင်ဟွာ)

ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကျင်းပမည်ဖြစ်၍ အဓိကအကြမ်းဖက်သမားများစာရင်း တရုတ်တောင်းခံ

ပေကျင်း ဧပြီ ၇

ယခုနှစ်အတွင်း ဂျီ-၂၀ ထိပ်သီး အစည်းအဝေးကို တရုတ်နိုင်ငံ ဟန်ဇုမြို့၌ ကျင်းပမည်ဖြစ်သည်။

တရုတ်အစိုးရသည် ယခု ပြုလုပ်မည့် ဂျီ-၂၀ ထိပ်သီး အစည်းအဝေးကို ပစ်မှတ်ထားတိုက်ခိုက်ရန် အလားအလာရှိသည့် အကြမ်းဖက်အုပ်စုများနှင့် အကြမ်းဖက်သမားများ၏ အမည်စာရင်းကို တောင်းခံထားကြောင်း နိုင်ငံပိုင်သတင်းစာက ကြာသပတေးနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ အစည်းအဝေးကို စက်တင်ဘာလ အစောပိုင်းတွင် ကျင်းပရန် မျှော်မှန်းထားပြီး ကမ္ဘာ့ထိပ်သီးခေါင်းဆောင်များ တက်ရောက်မည်ဖြစ်သည်။

တရုတ်နိုင်ငံ အကြမ်းဖက်တန်ပြန်တိုက်ခိုက်ရေး ထိပ်တန်းအရာရှိ ဟူလီက အကြမ်းဖက်နှိမ်နင်းရေးလုပ်ငန်းမှာ ခက်ခဲရှုပ်ထွေးကြောင်း၊ အစည်းအဝေးကြီး လုံခြုံစိတ်ချစွာနှင့် အောင်မြင်အောင် ကျင်းပနိုင်ရေး ကမ္ဘာ့နိုင်ငံအသီးသီးက တရုတ်နိုင်ငံနှင့် အတူလက်တွဲ ဆောင်ရွက်မည်ဟု ယုံကြည်ထားကြောင်း ချိုင်းနားဒေးလီးသို့ ပြောသည်။

ဂျီ-၂၀ ထိပ်သည်းအစည်းအဝေး၏ လုံခြုံရေးကို အဓိကနှောင့်ယှက် ဖျက်ဆီးနိုင်သည့် အကြမ်းဖက်အုပ်စုများ၏ အမည်စာရင်း လွှဲပြောင်းပေးရေးနှင့် ရဲများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တရုတ်နိုင်ငံက တောင်းဆိုထားသည်။

တရုတ်နိုင်ငံသည် အရှေ့တာကစ္စတန် အစ္စလာမ္မစ်လှုပ်ရှားမှုအဖွဲ့ကဲ့သို့သော အုပ်စု၏ ခြိမ်းခြောက်မှု အန္တရာယ်နှင့် ရင်ဆိုင်နေရသည်။

မကြာသေးမီနှစ်များ အတွင်းက စီကျန်းပြည်နယ် အနောက်ပိုင်း Uighur မူဆလင်လူမျိုးများ နေထိုင်ရာဒေသ၌ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူ ရာပေါင်းများစွာ သေဆုံးခဲ့သည်။

တရုတ်နိုင်ငံသည် အနောက်နိုင်ငံများနှင့် အကြမ်းဖက်တန်ပြန်တိုက်ခိုက်ရေးကို အတူပူးပေါင်းဆောင်ရွက်လိုသည်။

(ရိုက်တာ)

ငုယင်ဟွမ်ဖူးအား ဗီယက်နမ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်

ဟန္နိုင်း ဧပြီ ၇

ငုယင်ဟွမ်ဖူးအား ဗီယက်နမ်ပါလီမန်က ကြာသပတေးနေ့တွင် နိုင်ငံ၏ ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်တင်မြှောက်လိုက်ပြီ ဖြစ်သည်။

မဲပေးခွင့်ရှိသူ ၄၉၀ တွင် ထောက်ခံမဲ ၄၄၉ မဲဖြင့် ပါလီမန်က ရွေးချယ်တင်မြှောက်ခဲ့ရာ ဗီယက်နမ်အစိုးရအဖွဲ့၏ ဝန်ကြီးချုပ်သစ် ဖြစ်လာသည်။

ငုယင်တန်ဇွန်း နေရာတွင် အစားထိုးရန် ရွေးချယ်လိုက်သော အသက် ၆၁ နှစ်အရွယ်ရှိ ဖူးသည် ဗီယက်နမ်ဝန်ကြီးအဖွဲ့ကို ဦးဆောင်မည်ဖြစ်သည်။ မိမိအနေဖြင့် နိုင်ငံ၊ ပြည်သူနှင့် ဗီယက်နမ်ဆိုရှယ်လစ်ဖွဲ့စည်းပုံ အခြေခံဥပဒေတို့ကို အကြွင်းမဲ့ကာကွယ်ပေးရန် သစ္စာအဓိဋ္ဌာန်ပြုပါကြောင်း ဖူး၏ကြေညာချက်တွင် ဖော်ပြသည်။

ဗီယက်နမ်ပြည်သူ၊ နိုင်ငံနှင့် ပါတီတို့၏ အကျိုးစီးပွားကို အပြည့်အဝ ကာကွယ်ပေးသွားမည် ဖြစ်ကြောင်း ၎င်းကကတိကဝတ်ပြုပြောကြားသည်။

ပြီးခဲ့သည့် ဇန်နဝါရီလကတည်းက နိုင်ငံအဓိကခေါင်းဆောင်အချို့ကို ဗီယက်နမ်ဗဟိုကွန်မြူနစ်ပါတီသစ် အဖွဲ့ဝင် ၂၀၀ အနက်မှ ရွေးကောက်တင်မြှောက်ခြင်း မရှိခဲ့ပေ။

(ဆင်ဟွာ)

ဂျပန်ကိုယ်ပိုင် ကာကွယ်ရေးတပ်မတော်လေမှ လေယာဉ်တစ်စင်းကို ပြန်လည်တွေ့ရှိ

တိုကျို ဧပြီ ၇

လွန်ခဲ့သော အစောပိုင်းရက်များက ကာဂိုရှီမာစီရင်စု တောင်ကုန်းထူထပ်သောနေရာတွင် ရေဒါမြင်ကွင်းမှ ပျောက်ဆုံးသွားသော ကိုယ်ပိုင်ကာကွယ်ရေးတပ်မတော်လေမှ လေယာဉ်တစ်စင်းကို ပြန်လည်တွေ့ရှိခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ပြောခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာနနှင့် မီဒီယာများ၏အစောပိုင်းသတင်းဖော်ပြချက်များတွင် နှလုံးခုန်ရပ်သွားသော အခြေအနေများနှင့် လူခြောက်ဦးကို တွေ့ရှိခဲ့ကြောင်း သတင်းဖော်ပြခဲ့ပြီး ဒဏ်ရာရရှိသူများနှင့် သေဆုံးသူအရေအတွက်ကို အသေးစိတ်ဖော်ပြခြင်းမရှိသေးကြောင်း သိရသည်။

ကာဂိုရှီမာစီရင်စုရှိ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေး တပ်မတော်လေ၏ ကနိုရာ လေတပ်အခြေစိုက်စခန်းအနီး တာကာကူမာဒေသမှ မီးခိုးလုံးများ မြင့်တက်လာသည်ကို မျက်မြင်တွေ့ရှိသူတစ်ဦး၏ သတင်းပေးမှုကို ဒေသတွင်းသတင်းမီဒီယာများက ဖော်ပြခဲ့သည်။ သို့သော်လည်း မြူခိုးများထူထပ်မှုနှင့် ရာသီဥတုဆိုးရွားမှုများကြောင့် ရှာဖွေမှုများကို ရပ်နားခဲ့ရကြောင်း သိရသည်။

ယူ ၁၂၅ ဂျက်လေယာဉ်သည် လေတပ်စခန်းမှ မွန်းလွဲ ၁ နာရီ ထွက်ခွာပြီး အနည်းငယ်အကြာ ညနေ ၄ နာရီတွင် ပြန်လည်ဆင်းသက်ရန် စီစဉ်ထားခဲ့ကြောင်း သိရသည်။

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်မတော်မှ လေယာဉ်များသည် ပျောက်ဆုံးလေယာဉ်ကို ပိုက်စိပ်တိုက်ရှာဖွေနေကြောင်း သိရသည်။

(ဆင်ဟွာ)

ကမ္ဘာပေါ်တွင် ဆီးချိုဖြစ်သူ ၄၂၂ သန်းအထိရှိလာ ပြည်သူများ နေထိုင်စားသောက်ပုံများပြန်လည်သုံးသပ်သင့်

ဂျီနီဗာ ဧပြီ ၇

ကမ္ဘာတစ်ဝန်း ဆီးချိုရောဂါဖြစ်ပွားမှု အရေအတွက်သည် ၁၉၈၀ ပြည့်နှစ်လွန်နောက်ပိုင်း လေးဆနီးပါးတိုးလာကာ လူပေါင်း ၄၂၂ သန်းအထိရှိလာကြောင်း၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖြစ်ကြောင်း၊ ကိုယ်အလေးချိန်မြင့်တက်ခြင်း အဝလွန်မှုတို့ကြောင့်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ဗုဒ္ဓဟူးနေ့တွင် ပြောသည်။

ကြာသပတေးနေ့တွင် ကျရောက်သော ကမ္ဘာ့ကျန်းမာရေးနေ့ အခမ်းအနားတွင် ဆီးချိုရောဂါနှင့် ပတ်သက်၍ ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံစာတစ်ရပ်ကို WHO က ပထမဆုံးအကြိမ် ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ ဆီးချိုရောဂါ ကာကွယ်ရေးနှင့် ကုသရေးကို အရှိန်မြှင့်တင်လုပ်ဆောင်သွားရန် အသိပေးလိုက်ခြင်းဖြစ်သည်။

မိမိတို့ အနေဖြင့် ဆီးချို ရောဂါဖြစ်ပွားမှုကို ဟန့်တားရန် လိုအပ်လာပြီ ဖြစ်ကြောင်း၊ လူတို့အနေဖြင့် နေထိုင်စားသောက်ပုံများ ပြန်လည် စဉ်းစားသင့်ပြီ ဖြစ်ကြောင်း၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများကို များများ လုပ်ကြရန်လိုပြီဖြစ်ကြောင်း၊ WHO ညွှန်ကြားရေးမှူးချုပ် မာဂရက်ချန်းက ပြောကြားလိုက်သည်။ အစိုးရများအနေဖြင့် ဆီးချိုရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုအသိပညာပေးရေးနှင့် ကုသရေးအစီအမံများကို ထိရောက်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း ၎င်းကပြောသည်။

(ဆင်ဟွာ)

အိုင်အက်စ်တို့က အလုပ်သမား ၃၄၄ ဦးကို ပြန်ပေးဆွဲ

ဒမတ်စကတ် ဧပြီ ၇

ဒမက်စကတ်မြို့အနီး ဘိလပ်မြေစက်ရုံမှ ဆီးရီးယားအလုပ်သမား ၃၄၄ ဦးကို အိုင်အက်စ်စစ်သွေးကြွများက ဖမ်းဆီးသွားသည်ဟု ယူဆရကြောင်း အစိုးရကို ထောက်ခံသည့် ရှမ်း FM ရေဒီယိုက ဗုဒ္ဓဟူးနေ့တွင် ကြေညာခဲ့သည်။

ဒမတ်စကတ်မြို့အရှေ့မြောက်ဘက် ဒူမေရာမြို့ရှိ ဘိလပ်မြေစက်ရုံကို အိုင်အက်စ်တို့က ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ဓားစာခံများကို တနင်္လာနေ့ မွန်းလွဲပိုင်းက ခေါ်ဆောင်သွားခဲ့ပြီး မည်သည့်နေရာသို့ ခေါ်ဆောင်သွားသည်ကိုမူ မသိရသေးပေ။ တိုက်ခိုက်ခံရသည့် ဘိလပ်မြေစက်ရုံမှာ ပုဂ္ဂလိကပိုင်ဖြစ်ပြီး ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသူအားလုံးမှာ နိုင်ငံသားများပင်ဖြစ်သည်။ ဆီးရီးယားလေတပ်မှ တိုက်ခိုက်ခံရသည့်စက်ရုံသို့ ဒရုန်းတစ်ခုစေလွှတ်ခဲ့ပြီး စစ်ဆေးခဲ့ရာ စက်ရုံ၌ လူနှင့်စက်ပစ္စည်းများ မရှိတော့ဘဲ အဖိုးတန်စက်ပစ္စည်းများလုယက်ခံထားရကြောင်း တွေ့ရှိရသည်။ ဒူမေရာမြို့ကို အိုင်အက်စ်အဖွဲ့နှင့် ဆီးရီးယားစစ်တပ်တို့က တစ်ခြမ်းစီခွဲ၍ အုပ်ချုပ်ထားသည်။ ဖမ်းဆီးခံထားရသူများအားလုံး လွတ်မြောက်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဆင်ဟွာ)

မြန်မာ့အရေးနဲ့ ကမ္ဘာ့အရေး

အောင်ကျော်အေးချမ်း

ဧပြီလ ၅ ရက်နေ့မှာ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ မြန်မာနိုင်ငံကို အလည်အပတ်ခရီးစဉ်အဖြစ် လာရောက်ခဲ့တာ တွေ့ရပါတယ်။ ဒါဟာ အစိုးရသစ်ရဲ့ ငါးရက်သားရှိတဲ့ကာလအတွင်း ပထမဆုံးရောက်ရှိလာတဲ့ နိုင်ငံခြားရေးဝန်ကြီးတစ်ဦးအဖြစ် မစ္စတာ ဝမ်ယိကို မှတ်တမ်းတင်ရမှာဖြစ်ပါတယ်။ ဒီလိုတရုတ်နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံသို့ လာရောက်ခြင်းဟာ အစိုးရသစ်ကို ဂုဏ်ပြုတဲ့အနေနဲ့သာ ရောက်ရှိလာတာဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ပါတယ်။

တရုတ်-မြန်မာ ဆက်ဆံရေးဟာ အရေးကြီးကြောင်း၊ နိုင်ငံရေးအရတင်မကဘဲ လူမှုရေး၊ စီးပွားရေးအရပါ အများကြီးအရေးကြီးကြောင်း၊ ဒီအရေးကြီးမှုကို တရုတ်နိုင်ငံအနေနဲ့လည်း အသိအမှတ်ပြုတယ်လို့ မြင်ကြောင်း၊ အစိုးရသစ်ရဲ့ နိုင်ငံခြားရေးမူဝါဒအရဆိုရင် တစ်ကမ္ဘာလုံးနဲ့ ခင်မင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ချင်ကြောင်း၊ တစ်ကမ္ဘာလုံးနဲ့ ခင်မင်ရင်းနှီးစွာ ငြိမ်းချမ်းရေးအတွက် လူသားများရဲ့ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်တဲ့နေရာမှာ အိမ်နီးချင်းနိုင်ငံတွေကလည်း ပါဝင်ပြီး အတူလက်တွဲဆောင်ရွက်မယ်လို့ ယုံကြည်ကြောင်း၊ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဒီလိုလာရောက်တဲ့အတွက် အစိုးရသစ်ကိုကောင်းသောဆုများ တောင်းပေးတဲ့အတွက် အင်မတန်ကျေးဇူးတင်ကြောင်း ပြောလိုတယ်လို့ ဒေါ်အောင်ဆန်းစုကြည်က သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။

အမှန်ကတော့ မြန်မာ့အပြောင်းအလဲနဲ့ အစိုးရသစ်ဖွဲ့စည်းတဲ့ဖြစ်စဉ်ကို စောင့်ကြည့်ရတာဟာ သည်းထိတ်ရင်ဖို ဇာတ်လမ်းတစ်ခုကို ကြည့်ရသလို ဖြစ်ခဲ့တာပါ။ ဖေဖော်ဝါရီလ ၁ ရက်နေ့ လွှတ်တော်အသစ် စတင်ခေါ်ဆိုချိန်ကစလို့ အစိုးရသစ်ဖွဲ့စည်းပြီးတဲ့ ဧပြီလ ၁ ရက်နေ့အထိ ကြားကာလအတွင်း နိုင်ငံတကာသတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာလည်း မြန်မာနိုင်ငံအကြောင်း ပလူပျံနေအောင် ရေးသားချက်တွေ တွေ့ခဲ့ကြရတာပါ။

ဒီနေရာမှာ သူတို့ရဲ့ရေးသားချက်တချို့ကို ကောက်နုတ်တင်ပြလိုပါတယ်။ South China Morning Post သတင်းစာ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှာ ဒေးဗစ်ဒေါ့ဝဲလ်ရဲ့ ရေးသားမှုမှာ မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ အရှေ့ဖျား စီးပွားရေးဂျာနယ်က အလွန့်အကျွံအကောင်းမြင်နဲ့ ခန့်မှန်းခဲ့ဖူးကြောင်း၊ အဲဒါကတော့ မြန်မာနဲ့ ဖိလစ်ပိုင်နှစ်နိုင်ငံဟာ ခရစ်နှစ် ၂၀၀၀ ပြည့်လောက်ရောက်ရင် အာရှရဲ့ ထိပ်ဆုံးနေရာလောက်မှာ ရောက်လာမယ်လို့ ခန့်မှန်းခဲ့တာဖြစ်တယ်။ ဒီခန့်မှန်းချက်ကတော့ တက်တက်စင်အောင် လွဲခဲ့တာဖြစ်တယ်။ ဖိလစ်ပိုင်ဟာ ဒီကနေ့အထိ စိတ်ပျက်စရာအနေအထားမှာ ရှိနေတုန်းဖြစ်ပြီး မြန်မာကို ခန့်မှန်းတာကတော့ ပိုပြီးမှားကြောင်း၊ မြန်မာနိုင်ငံကို ၆၂ ခုနှစ်မှာ ဦးနေဝင်း အာဏာသိမ်းလိုက်ခြင်းဟာ ၅၃ သန်း သော မြန်မာပြည်သူတွေကို ဒုက္ခရောက်စေရုံသာမက အာရှတစ်ခုလုံးအတွက်ပါ နစ်နာစေခဲ့တယ်လို့ ရေးပါတယ်။

၁၉၇၆ ခုနှစ် ကွယ်လွန်ခါနီးအချိန်မှာ မော်စီတုန်းဟာတရုတ်ပြည်ကို အနိမ့်ဆုံးအဆင့်ရောက်အောင် ဆွဲချမိခဲ့ပြီဆိုတာကို သဘောပေါက်လာတဲ့အတွက် တိန့်ရှောင်ဖိန်ကို ကျေးလက်မှာ အကျယ်ချုပ်ချထားရာကပြန်ခေါ်ခဲ့ပြီး တိုင်းပြည်ကိုခေါင်းဆောင်စေခဲ့တာဖြစ်ကြောင်း၊ လက်ရှိမြန်မာဟာ ထိုအခြေအနေနဲ့ နည်းနည်းတူနေပြီး မြန်မာ့အပြောင်းအလဲမှာလည်း တိန့်ရှောင်ဖိန်လိုပုဂ္ဂိုလ်မျိုး လိုနေပြီလို့ ရေးပါတယ်။ ဒီနေရာမှာစာရေးသူက အသက် ၇၀ အရွယ်ရှိ ဒေါ်အောင်ဆန်းစုကြည်နဲ့ လူငယ်မျိုးဆက်တွေကို အလေးထားပြောဆိုထားတာပါ။ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ဧပြီလ ၁ ရက်နေ့အထိကြားကာလ တည်ငြိမ်အေးချမ်း စွာ အာဏာလွှဲပြောင်းမှုဟာ မြန်မာပြည်သူတွေအတွက်သာမက ထောင်ပေါင်းများစွာသော မြန်မာနိုင်ငံမှာ ပြန်လည်ရင်းနှီးမြှုပ်နှံလိုသူတွေအတွက်လည်း အရေးကြီးနေကြောင်း ရေးထားတာပါ။

အခုနိုင်ငံတော် အကြံပေးပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းကိစ္စမှာ တပ်မတော်နဲ့ကွဲလွဲချက်ရှိခဲ့ပေမယ့် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ လုပ်ပိုင်ခွင့်ပိုရမှသာ အမျိုးသားရင်ကြားစေ့ရေးကို ပိုလုပ်ဆောင်နိုင်မှာဖြစ်တဲ့အပြင် တပ်ရဲ့အကျိုးစီးပွားရပ်တည်မှုကို ထိခိုက်စေမှာမဟုတ်တဲ့အတွက် အားလုံးက နားလည်လက်ခံပေးကြဖို့ မျှော်လင့်

နောက်တစ်ပုဒ် ကောက်နုတ်ပြောပြလိုတာကတော့ မြန်မာ့တပ်မတော်နဲ့ စစ်ဘက်၊ အရပ်ဘက်ဆက်ဆံရေးများအကြောင်း ရေးသားလေ့ရှိတဲ့ ဩစတြေးလျအမျိုးသားတက္ကသိုလ်က အင်ဒရူးဆဲ့လ်ရဲ့ မတ်လ ၂၉ ရက် နီကီအေးရှင်းရီဗျူးပါ ဆောင်းပါးပါ။ ဒီဆောင်းပါးမှာ အဓိကအားဖြင့် ဒေါ်အောင်ဆန်းစုကြည်ဟာ “ရွေးကောက်ခံအာဏာရှင် ဖြစ်သွားနိုင်သလား”ဆိုတဲ့ သုံးသပ်မှုများအပေါ် အချက်(၇)ချက်လောက်နဲ့ သုံးသပ်ဖော်ပြသွားတာဖြစ်တယ်။ ဒီဆောင်းပါးမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံတကာအဆင့်မှာ ထင်ပေါ်ကျော်ကြားမှု၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမီးပီသစွာပြင်းပြတဲ့ တိုင်းပြည်ချစ်စိတ်၊ နှစ်ရှည်လများ သူ့အပေါ်သက်ရောက်ခဲ့တဲ့ ရုပ်ပိုင်း၊ စိတ်ပိုင်းအရ ထိခိုက်စေမှုများနဲ့ နိုင်ငံတကာရော ပြည်တွင်းမှာရော ရောက်လေရာ အုံနဲ့ ကျင်းနဲ့ ထောက်ခံကြိုဆိုမှုများကြောင့် မြန်မာ့အရေးမှာ သူဟာ တစ်ဦးတည်းသော ထူးခြားစွာခေါင်းဆောင်မှုပေးနိုင်မယ့်သူအဖြစ် ယုံကြည်မှုရှိလာစေတယ်လို့ ရေးတာပါ။ တစ်ဖက်မှာလည်း တပ်မတော်ကကျွမ်းကျင်မှုနဲ့ အခြားအရည်အချင်းများထက် သစ္စာရှိမှုကပိုအရေးကြီးတယ်လို့ ခံယူတာဖြစ်ပြီး ဒါဟာ ဦးနေဝင်းရဲ့ ‘လူတော်လူကောင်း’ ဆိုသော မြန်မာ့ဆိုရိုးကို ပြောင်းပြန်လှန်ထားတဲ့ ‘လူကောင်းလူတော်’ ဆိုတဲ့ ယုံကြည်မှုအစွဲကနေ ဆင်းသက်လာတာလို့ ဆိုထားတာပါ။ နောက်တစ်ချက်ကတော့ မြန်မာနိုင်ငံရဲ့ လူမျိုးနဲ့ဘာသာ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ အုပ်စုတွေကွဲပြားနေမှု၊ ပြိုင်ဆိုင်နေမှုတွေကြောင့် တပ်က ခိုင်မာတဲ့ဗဟိုအစိုးရတစ်ရပ်ရှိမှသာ မြန်မာရဲ့တည်ငြိမ်အေးချမ်းမှုနဲ့ အချုပ်အခြာအာဏာစိုးပိုင်မှုတွေရှိမယ်လို့ ယူဆလာစေတဲ့အချက်ဖြစ်ပါတယ်။

နောက်တစ်ပုဒ်ကတော့ ဒီပလိုမက်စာစောင်ပါ ဆောင်းပါးတစ်စောင်မှာ မြန်မာ၊ ဖိလစ်ပိုင်နဲ့ အင်ဒိုနီးရှားတို့ဟာ ဒီမိုကရေစီသေဆုံးသွားတဲ့ နိုင်ငံများအဖြစ်က ပြန်လည်ရှန်းထနေရပုံကိုရေးတာပါ။ မြန်မာနိုင်ငံဟာ ၁၉၆၂ ခုနှစ်မှာ အာဏာသိမ်းခံရပြီး အင်ဒိုနီးရှားဟာလည်း မရှေးမနှောင်း ၁၉၆၅ ခုနှစ်မှာ အာဏာသိမ်းခံရတာပါ။ ဖိလစ်ပိုင်ကတော့ ၁၉၇၂ ခုနှစ် ဖာဒီနန်မားကို့စ် ကစစ်အုပ်ချုပ်ရေးကြေညာပြီး ၁၉၈၆ ခုနှစ်အထိ ရှည်ကြာတဲ့ အာဏာရှင်ဖြစ်ခဲ့တာပါ။ အင်ဒိုနီးရှားကတော့ ဗိုလ်ချုပ်တချို့ သေဆုံးခဲ့တဲ့ပုန်ကန်မှုတစ်ခုကို အကြောင်းပြုပြီး ကွန်မြူနစ်နဲ့ ကွန်မြူနစ်လိုလားသူ သိန်းပေါင်းများစွာကို သတ်ဖြတ်ပြီး ဗိုလ်ချုပ်ကြီး ဆူဟာတို အာဏာရလာတာပါ။ မြန်မာနိုင်ငံကတော့ အဲဒီအချိန်က အင်ဒိုနီးရှားထက်တစ်ဦးချင်း ဝင်ငွေသုံးဆ၊ ထိုင်းနိုင်ငံထက် နှစ်ဆနဲ့ တောင်ကိုရီးယားနဲ့ တန်းတူလောက်ရှိနေခဲ့တဲ့ အာရှရဲ့အလားအလာအကောင်းဆုံး နိုင်ငံဘဝကနေ ဖွံ့ဖြိုးမှုအနိမ့်အဆင့်ကို ရောက်သွားခဲ့ရတာပါ။ ဖိလစ်ပိုင်မှာ ၁၉၈၆ ခုနှစ်မှာ မားကို့စ်ကို လူထုအုံကြွမှုနဲ့ဖြုတ်ချနိုင်ခဲ့ပြီး အင်ဒိုနီးရှားမှာတော့ ၁၉၉၈ ခုနှစ်မှာ ဆူဟာတို နုတ်ထွက်သွားခဲ့ရတာပါ။ အခုဖိလစ်ပိုင်မှာ နောက်ဆုံးရွေးကောက်ပွဲတစ်ခုကျင်းပ ဖို့ရှိနေပါတယ်။ အင်ဒိုမှာတော့ သမ္မတလေးဆက်ပြောင်းပြီးနောက် အရပ်သား သမ္မတဝီဒိုဒိုတက်လာပါတယ်။ မြန်မာကတော့ တကယ့်ပြဿနာတွေကို အခုမှ ဖြေရှင်းရမယ့်အခြေအနေလို့ရေးတာပါ။

အခုတင်ပြခဲ့တဲ့ ကောက်နုတ်ချက်အချို့ကို ကြည့်ပြီး စာဖတ်သူများအဖို့ အကြမ်းဖျင်းသုံးသပ်မှုတချို့ လုပ်နိုင်မှာပါ။ တကယ်အဖြစ်မှန်၊ အခြေအနေမှန်ကိုတော့ ကြည့်သူများက ပိုသိတာဖြစ်ပါတယ်။ ဒါပေမယ့် မြန်မာပြည်သူများအနေနဲ့ ရာစုနှစ်တစ်ဝက်လောက်အားကိုးရာမဲ့ဖြစ်ခဲ့တဲ့အတွက် တစ်ခါတစ်ရံနိုင်ငံခြားသတင်းရေးသားမှုများကို လိုတာထက်ပိုပြီး အလေးထားမိတာတွေလည်းရှိခဲ့တာဖြစ်ပါတယ်။ နိုင်ငံခြား သတင်းစာဆရာ (သို့)နိုင်ငံခြားရောက် မြန်မာစကောလား စသူတို့ရဲ့ရေးသားမှု သုံး၊ လေးခုလောက်နဲ့ မြန်မာ့ဒီမိုကရေစီအရေးကို ပြောင်းလဲသွားစေနိုင်မှာတော့ မဟုတ်ပါဘူး။

အခုတွေ့မြင်နေရချက်တွေအရတော့ အမျိုးသားရင်ကြားစေ့ရေး အစိုးရပုံသဏ္ဌာန်တစ်ရပ်ကို အလွန်သတိကြီးစွာ ဖော်ဆောင်နေတာကို တွေ့မြင်ရတာပါ။ အခုနောက်ဆုံး ထုတ်ပြန်ချက်အရ ယခင်သမ္မတရုံး ညွှန်ကြားရေးမှူးကိုပဲ ပြန်ပြီးတော့ သမ္မတရုံးမှာ ပြန်လည်တာဝန်ယူစေတာဖြစ်တယ်။ ဒီလိုကိစ္စတွေ အပေါ်ထက်သန်တဲ့ ဒီမိုကရေစီအင်အားစုများဘက်က စိုးရိမ်မှုများရှိစေနိုင်တဲ့တိုင်၊ ဒါဟာ သမ္မတမင်ဒဲလား လုပ်ဆောင်ခဲ့တဲ့ ရင်ကြားစေ့ရေးပုံစံမျိုးတွေပဲ ဖြစ်တာတွေ့ရပါတယ်။ အခုနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းကိစ္စမှာ တပ်မတော်နဲ့ကွဲလွဲချက်ရှိခဲ့ပေမယ့် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ လုပ်ပိုင်ခွင့်ပိုရမှသာ အမျိုးသားရင်ကြားစေ့ရေးကို ပိုလုပ်ဆောင်နိုင်မှာဖြစ်တဲ့အပြင် တပ်ရဲ့အကျိုးစီးပွား ရပ်တည်မှုကို ထိခိုက်စေမှာမဟုတ်တဲ့အတွက် အားလုံးကနားလည်လက်ခံပေးကြဖို့ မျှော်လင့်မိပါတယ်။ မြန်မာ့အရေးဟာ မြန်မာတွေကိုယ်တိုင်ပဲ ဖြေရှင်းရမှာပါ။ မြန်မာ့နိုင်ငံရေးလောကအီလိများ၊ တပ်မတော်ခေါင်းဆောင်များနဲ့ တိုင်းရင်းသား ခေါင်းဆောင်များကြား အကျေအလည် ညှိနှိုင်းမှုကသာလျှင် မြန်မာ့အနာဂတ်ကို အဆုံးအဖြတ်ပေးမှာပဲဖြစ်ပါကြောင်း တင်ပြရပါတယ်။

ယာဉ်ကြောပိတ်ဆို့မှု လျှော့ချနိုင်မည့် ငမိုးရိပ်(သုနန္ဒာ)တံတားသစ်၌ ယာဉ်များစတင်ဖြတ်သန်း

ရန်ကုန် ဧပြီ ၇

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ သုနန္ဒာလမ်းမပေါ်နှင့် မြောက်ဒဂုံမြို့နယ် ရာဇသင်္ကြန်လမ်းအား ဆက်သွယ်ပေးထားသော ငွေကျပ်ခြောက်ဘီလီယံခန့် ကုန်ကျတည်ဆောက်ထားသည့် ငမိုးရိပ်(သုနန္ဒာ)တံတားသစ် တည်ဆောက်ရေးစီမံကိန်းမှာ ယခုအခါ တံတားတစ်စင်းလုံး တည်ဆောက်ပြီးစီးသွားပြီဖြစ်သဖြင့် ယနေ့နံနက်ပိုင်းက ယာဉ်များအား စတင်ဖြတ်သန်းသွားလာခွင့် ပြုလိုက်ပြီဖြစ်ပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့် Myanmar V-Pile ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက နံနက် ၇ နာရီခွဲအစောပိုင်း စတင်ဖြတ်သန်းမောင်းနှင်ကြသော ယာဉ်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် Myanmar V-Pile ကုမ္ပဏီလီမိတက်မှ တည်ဆောက်ခဲ့သော အဆိုပါတံတားအကျယ်မှာ ယာဉ်သွားလမ်းအကျယ် ဖွဲ့စည်းထားပုံအရ နှစ်လမ်းသွား (အသွားအပြန်) မောင်းနှင်နိုင်မည်ဖြစ်ပြီး ၁၁ ဒသမ ၅ မီတာ ရှိမည်ဖြစ်ကာ တံတား၏ ဘေးလက်ရန်း(Barrier)အား ယာဉ်မတော်တဆမှုများ ဖြစ်ပွားလာပါက လုံခြုံမှုရှိစေရေးအတွက် RC စနစ်ဖြင့် ဆောင်ရွက်ထားကြောင်း သိရသည်။

တံတားသစ်စီမံကိန်း၏ ပင်မတံတားအရှည်မှာမီတာ ၁၅၆ မီတာ ရှိမည်ဖြစ်ပြီး ချဉ်းကပ်တံတားနှစ်ဖက်ပါဝင်ပါက တံတားတစ်စင်းလုံး၏အရှည် ၂၄၇ မီတာ ရှိမည်ဖြစ်သည်။ မော်တော်ယာဉ် တစ်စီးချင်း တံတားခံနိုင်ဝန် အလေးချိန်မှာ ၇၅ တန် ခံနိုင်ရည်ရှိမည်ဖြစ်ပြီး တံတား၏ တစ်ဖက်တစ်ချက်စီ၌ လူသွားလမ်းပလက်ဖောင်းများ တစ်မီတာစီပါဝင်မည်ဖြစ်သည်။ သုနန္ဒာကြိုးတံတားနှင့်ကပ်လျက် တည်ဆောက်နေသော အဆိုပါတံတားသစ်၏ အမျိုးအစားမှာ ကွန်ကရစ် Structure အမျိုးအစားဖြစ်သည်။

အဆိုပါတံတားသစ်ပေါ်မှ ဖြတ်သန်းမောင်းနှင်ကြသော ယာဉ်မောင်းများမှာ ဗထူးတံတား၌ ယာဉ်ကြောပိတ်ဆို့နေတော့မည် မဟုတ်တော့ဘဲ မြောက်ဥက္ကလာပ မြို့နယ်ဘက်မှ တစ်ဆင့် မြို့ထဲသို့ တိုက်ရိုက်ဖြတ်သန်းသွားလာရ လွယ်ကူသွားမည်ဖြစ်ကြောင်း၊ ငမိုးရိပ်(သုနန္ဒာ)တံတားသစ် တည်ဆောက်ရေး စီမံကိန်းအား ၂၀၁၅ ခုနှစ် ဩဂုတ်လလယ်က စတင်ခဲ့ခြင်းဖြစ်ပြီး တံတားအကြိုအင်ဂျင်နီယာလုပ်ငန်းများ စတင်ခဲ့ကာ ဘိုးပိုင် စတင်တူးဖော်ခြင်းလုပ်ငန်းများကို စက်တင်ဘာ ၉ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-တင်လှမောင်

ငမိုးရိပ်(သုနန္ဒာ)တံတားသစ်ဖွင့်လှစ်ပြီးနောက် မော်တော်ယာဉ်နှင့် ပြည်သူများ ဖြတ်သန်းသွားလာကြစဉ်

ဝန်ထမ်း ချော ကင်းစင်ရေး

ကိုရွှေအောင်

တစ်နေ့က ရန်ကုန်၊ မရမ်းကုန်း၊ ကမ္ဘာအေးရေကူးထပ်ဆင့်လွှင့်စက်ရုံဝင်းထဲက မြက်ခြောက်တွေမီးလောင်လို့ ငြိမ်းသတ်လိုက်ရတယ်ဆိုတဲ့သတင်း သတင်းဓာတ်ပုံတွေနဲ့အတူ အွန်လိုင်းပေါ် တက်လာတယ်။ အလားတူသတင်းပဲ ပြီးခဲ့တဲ့ လပိုင်းက ဖတ်လိုက်ရတယ်။ နွေရာသီအပူရှိန်ပြင်းတာကြောင့် စက်ရုံဝင်းထဲက မြက်ခြောက်တွေ အခုလို မီးထထလောင်တာ အခုမှ မဟုတ်ဘူး၊ လွန်ခဲ့တဲ့ ၁၀နှစ်ကျော်ကာလကတည်းကဖြစ်ပြီး အဲ့ဒီတုန်းက ပြန်ကြားရေးဌာနလက်အောက်မှာရှိတဲ့ အဲ့ဒီဌာနကဝန်ထမ်းတွေ ကိုယ့်အိမ်ကဓား ကိုယ်ဆွဲပြီး အဲ့ဒီမြက်တွေ သွားခုတ်ခဲ့ရဖူးတယ်။ အခု အစိုးရအသစ်တက်လာပြီးတဲ့နောက် သက်ဆိုင်ရာဝန်ကြီးဌာနအကြီးအကဲတွေအနေနဲ့ အလားတူဝန်ထမ်းတွေကို မဆိုင်တဲ့အပေါက် ကလိုင်နဲ့ခေါက်ဆိုတာမျိုးမလုပ်မိကြစေဖို့ အမှတ်တရ ပြန်ရေးပြချင်တယ်။ ဒါက ဥပမာတစ်ခုသာဖြစ်ပြီး အလားတူဖြစ်ရပ်တွေ စစ်အစိုးရလက်ထက်မှာ အမြောက်အမြားဖြစ်ခဲ့ပါတယ်။ ကဲ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော် ကာလက ပြန်ကြားရေးဝန်ထမ်းတွေ ရေကူးစက်ရုံဝင်းထဲမှာ မြက်ခြောက်ခုတ်ခဲ့ရတဲ့အကြောင်း နောက်ကြောင်းပြန်လိုက်ဦးမယ်။

တစ်ခါတလေ လုပ်တဲ့ပွဲက မနက်စောစောပိုင်းဖြစ်လို့ အရုဏ်မတက်ခင်ကတည်းက ထပြီး ရုံးပြေးရတယ်။ ဒီလိုအပိုအလုပ်တွေ လုပ်ရလို့ ဝန်ထမ်းတွေကို ပြန်ကြည့်သလားဆိုပြန်တော့ ဘယ်ပွဲသွားသွား ရေတောင်ကိုယ့်ဘာသာဝယ်သောက်ရတယ်။

အဲ့ဒီနေ့မတိုင်မီမှာ ရေကူးအသံလွှင့်စက်ရုံဝင်းထဲက မြက်ခြောက်တွေမီးလောင်ဆိုတဲ့သတင်းထွက်တယ်။ အဲ့ဒီ မီးလောင်တဲ့ စက်ရုံဝင်းကို ဝန်ကြီးသွားကြည့်တယ်ဆိုတဲ့သတင်းလည်းကြားတယ်။ အဲ့ဒီနောက် ပြန်ကြားရေးလက်အောက်က အဲ့ဒီဌာနစီမံကိုင်တဲ့ညွှန်မှူးအဆင့်ရှိသူက ဌာနခွဲတိုင်းက တစ်ဌာနခွဲ လူဘယ်နှယောက်ပေးပါဆိုပြီး ခွဲတမ်းချတောင်းတယ်။ ဌာနခွဲညွှန်မှူးတွေက ကာယကံရှင်တွေကိုခေါ်ပြောတော့ ဘာလုပ်ဖို့တုံး မေးကြတာပေ့ါ။ ရေကူးစက်ရုံဝင်းထဲက မြက်ခြောက်တွေ သွားခုတ်ရမယ်၊ ဝန်ကြီးသွားကြည့်တော့ မြက်ခြောက်တွေတွေ့ပြီး ဝန်ထမ်းတွေ လုပ်အားပေးခေါ်၊ မြက်ခုတ်ခိုင်းဖို့ မှာကြားသွားလို့ဆိုပဲ။ အဲ့ဒီဌာနကဝန်ထမ်းတွေထဲမှာ စန္ဒရားတီးတဲ့ စန္ဒရားဆရာပါတယ်။ သတင်းဖတ်တဲ့အနောင်စာပါတယ်။ ရေဒီယိုဇာတ်လမ်းတွေထဲက အသံမင်းသားတွေပါတယ်။ တေးရေးဆရာနဲ့ အဆိုတော်တွေလည်းပါတယ်။

တကယ့်ကို မြက်ခုတ်တဲ့ သန့်ရှင်းရေးဝန်ထမ်းလည်းပါတယ်။ တီဗွီစက်ခန်းကိုင်တဲ့ အင်ဂျင်နီယာလည်း ပါတယ်။ ကင်မရာမင်းလည်းပါတယ်။ ကားဒရိုင်ဘာလည်းပါတယ်။ သူတို့အားလုံး ကိုယ့်အိမ်ကရှိတဲ့ဓား ကိုယ်တိုင်ဆွဲပြီး ရေကူးစက်ရုံဝင်းထဲက မြက်ခြောက်တွေ အမှန်တကယ်သွားခုတ်ခဲ့ရတယ်။ တကယ်ခုတ်ခဲ့ရတာဖြစ်ပြီး ဒီထဲပါတဲ့ ကာယကံရှင်တချို့ သက်ရှိထင်ရှား ရှိကြသေးတယ်။ ငါ့အလုပ်မဟုတ်ဘူး၊ မခုတ်ဘူးကွာဆိုပြီး မသွားခဲ့တဲ့ဝန်ထမ်းနှစ်ယောက်ကို ဌာနက ပြင်းထန်စွာသတိပေးကြောင်း စာထုတ်ခဲ့တယ်။

ဒါက တော်တော်ရုပ်ဆိုးတဲ့ကိစ္စမို့ ခုချိန်လောက်ထိ မှတ်မှတ်ရရဖြစ်နေတာဖြစ်ပြီး အလိုမတူဘဲ လက်ခုပ်တီးခဲ့ရတဲ့ ပွဲတွေလည်း မနည်းဘူး၊ အဲ့ဒီခေတ်က ရွှေကျောင်းပြောင်ပြောင်ဝမ်းခေါင်ခေါင်ဆိုသလို လူတွေကသာ စီးပွားရေးမကောင်းတယ်။ အစိုးရကလုပ်လိုက်တဲ့ နိုင်ငံတော်အဆင့်ပွဲတွေဆိုတာ မနည်းဘူး၊ ဘယ်ဌာနကလုပ်တဲ့ပွဲပဲဖြစ်ဖြစ် အဲ့ဒီအချိန်က ထိပ်ရောက်နေကြတဲ့ ပုဂ္ဂိုလ်နှစ်ဦး၊ တစ်နဲ့နှစ် တစ်ယောက်ယောက်က လိုက်တက်ကြတယ်။ သူတို့တက်တဲ့ပွဲတွေမှာ ရုံမပြည့်မှာစိုးတဲ့ ဌာနဆိုင်ရာဝန်ကြီးက သူ့လက်အောက်ဌာနတွေက ဝန်ထမ်းတွေကို ခွဲတမ်းနဲ့ခေါ်စေပြီး ပွဲတက်ခိုင်းလို့ ဝန်ထမ်းတွေဟာ သူတို့အလုပ်တွေပစ်ထားပြီး အဲ့ဒီပွဲတွေ လိုက်လိုက်တက်ကြရ၊ လက်ခုပ်တီးကြရတယ်။ တစ်ခါတလေ လုပ်တဲ့ပွဲက မနက်စောစောပိုင်းဖြစ်လို့ အရုဏ်မတက်ခင်ကတည်းကထပြီး ရုံးပြေးရတယ်။ ဒီလိုအပိုအလုပ်တွေလုပ်ရလို့ ဝန်ထမ်းတွေကို ပြန်ကြည့်သလားဆိုပြန်တော့ ဘယ်ပွဲသွားသွား ရေတောင်ကိုယ့်ဘာသာဝယ်သောက်ရတယ်။ ဝန်ထမ်းတွေကို အမိန့်ပေးပြီး အဓမ္မအလုပ်ခိုင်းတာပေ့ါလေ။

အဲ့ဒီတုန်းက ဆန်းတော့မဆန်း၊ အုပ်ချုပ်သူတွေက စစ်ဗိုလ်ချုပ်ကြီးတွေဖြစ်ပြီး ဌာနဆိုင်ရာဝန်ကြီးတွေကလည်း စစ်ဗိုလ်ချုပ်တွေဆိုတော့ အမိန့်ပေးစနစ်နဲ့သွားတာဖြစ်ပြီး ဘယ်သူ့အသံမှလည်း ပြန်နားထောင်ပြီး လုပ်ခဲ့တာမှ မဟုတ်ဘဲလေ။

အခုတော့ လူထုတင်တဲ့အစိုးရတစ်ရပ်တက်လာပြီ။ အစိုးရဘာလုပ်နေသလဲဆိုတာ လူထုက မျက်စိဒေါက်ထောက်ကြည့်နေပြီ။အစိုးရဝန်ကြီးဌာနတွေနဲ့ ပြည်နယ်/တိုင်းအစိုးရအဖွဲ့တို့ကို လူထုတင်တဲ့သူတွေက ခေါင်းဆောင်မှာဖြစ်ပေမယ့် သူတို့နဲ့လက်တွဲလုပ်ရမယ့်သူတွေက အရင်ဝန်ထမ်းဟောင်းတွေဖြစ်ပြီး ဒီထဲရာထူးကြီးကြီးရထားသူတွေက မိုးကျရွှေကိုယ်တွေ များတယ်။ ဝန်ကြီးမသိဘဲ ဝန်ထမ်းတွေချောဆွဲခံရတဲ့အဖြစ်မျိုး ထပ်မပေါ်ပေါက်လာစေဖို့ အတိတ်ကို တစ်ချက်ပြန်ကြည့်ပေးတာဖြစ်ပြီး

ဝန်ကြီးမသိဘဲ ဝန်ထမ်းတွေ ချောဆွဲခံရတဲ့အဖြစ်မျိုး ထပ်မပေါ်ပေါက်လာစေဖို့ အတိတ်ကို တစ်ချက်ပြန်ကြည့်ပေးတာဖြစ်ပြီး ဘယ်သူ့ကိုမှ အပုပ်ချလိုတဲ့စိတ် မရှိဘူး၊ ဝန်ထမ်းဂုဏ်သိက္ခာနဲ့ ရပ်တည်ပြီး မော်မော်ပျော်ပျော်နဲ့ တိုင်းပြည်ကောင်းအောင် ဝိုင်းလုပ် တဲ့သူတွေအဖြစ် မြင်ချင်တွေ့ချင် တဲ့ ဆန္ဒပဲရှိတယ်။

ဘယ်သူ့ကိုမှ အပုပ်ချလိုတဲ့စိတ်မရှိဘူး၊ ဝန်ထမ်းဂုဏ်သိက္ခာနဲ့ရပ်တည်ပြီး မော်မော်ပျော်ပျော်နဲ့ တိုင်းပြည်ကောင်းအောင် ဝိုင်းလုပ်တဲ့သူတွေအဖြစ် မြင်ချင်တွေ့ချင်တဲ့ဆန္ဒပဲရှိတယ်။ လွန်ခဲ့တဲ့ နှစ် ၄၅ နှစ်လောက်က ရုပ်ကွက်ထဲမှာ ရုံးဌာနတစ်ခုခုက စာရေးကြီးတစ်ယောက်ယောက်များ ဖြတ်လျှောက်သွားရင် အားကျစိတ်နဲ့ဝိုင်းကြည့်ခဲ့ကြရတဲ့ဘဝမျိုး ပြန်ရောက်စေချင်တယ်။

ဆရာမက စာမသင်ရဘဲ ကျောင်းပေါက်စောင့်နေရတဲ့ဘဝမျိုးတွေက လွတ်မြောက်စေချင်တယ်။ ဒီဆန္ဒနဲ့ ဝန်ထမ်း ချော ကင်းစင်ရေး ဒီစာရေးတယ်။

ဝန်ထမ်းများ အလုပ်ကြိုးစားလုပ်ကိုင်၍ ပွင့်လင်းမြင်သာစွာဆောင်ရွက် အခက်အခဲများကို ညှိနှိုင်းဖြေရှင်းပြီး ပြည်သူနှင့် ရင်းနှီးပျူငှာစွာ ဆက်ဆံ

ရန်ကုန် ဧပြီ ၇

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) တော်ဝင်ခန်းမ၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်လျက်ရှိသော တိုင်းဒေသကြီးရှိ အရာထမ်း ၄၄၁ ဦးတို့အား ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ယနေ့နံနက် ၉ နာရီတွင် တွေ့ဆုံနှုတ်ဆက် အမှာစကားပြောကြားသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများသည် အလုပ်ကြိုးစားလုပ်ကိုင်၍ ရိုးသားစွာ ကြိုးစားအားထုတ်ရန်၊ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရန်၊ အခက်အခဲများကို ညှိနှိုင်းဖြေရှင်း၍ ဆောင်ရွက်ရန်၊ ပြည်သူလူထုနှင့် ရင်းနှီးပျူငှာစွာ ချိုချိုသာသာဆက်ဆံကြရန်၊ ဝန်ထမ်းအချင်းချင်း၊ ဌာနအချင်းချင်း ချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ကြရန်မှာကြားပြီး ဝန်ကြီးဌာနအောက်ရှိ သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ မြေတိုင်းဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ အမှတ်(၁)နှင့် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းတို့မှ အရာထမ်းများအား ရင်းနှီးခင်မင်စွာ နှုတ်ဆက်သည်။

(သတင်းစဉ်)

မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများထုတ်ပြန်

နေပြည်တော် ဧပြီ ၇

အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၄၀(က) အရ ထုတ်ပြန်သည့် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများကို မတ် ၂၈ ရက်က ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁၀၁၄/၂၀၁၆ ဖြင့် ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ ပြင်ဆင်သည့်နည်းဥပဒေတွင် စာပိုဒ်(၁၄)ပိုဒ်ပါရှိပြီး ယင်းတွင် နည်းဥပဒေ၏အခေါ်အဝေါ်၊ နည်းဥပဒေခွဲ၊ နည်းဥပဒေခွဲငယ်များအလိုက် စကားရပ်များပယ်ဖျက်ခြင်း၊ အစားထိုးခြင်း၊ ဖြည့်စွက်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်ထားရှိသည်။

အဆိုပါနည်းဥပဒေအား နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ ခရိုင်နှင့် မြို့နယ်အားလုံးသို့ ဖြန့်ဝေထားပြီး မြန်မာနိုင်ငံ ပြန်တမ်းတွင် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဓာတ်အားလိုင်းပြုပြင်သွယ်တန်းစဉ် ရေလမ်းကြောင်း ခေတ္တပိတ်ထားမည်

နေပြည်တော် ဧပြီ ၇

မြန်မာ့လျှပ်စစ်ဓာတ်အားလိုင်းလုပ်ငန်းမှ လှည်းဆိပ်-ထန်းတပင် ၁၁ ကေဗွီ ကုက္ကိုဝ မြစ်ကျော်ဓာတ်အားလိုင်း ပြုပြင်သွယ်တန်းခြင်းလုပ်ငန်းကို ကုက္ကိုဝမြစ်၊ ထန်းတပင်ရေလမ်းတွင် မတ် ၉ ရက် နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်း ဆောင်ရွက်မည်ဖြစ်သည်။

ပြုပြင်သွယ်တန်းမည့် ဓာတ်အားကြိုးများကို ရေလယ်တွင်တန်းစီထားသော ရေယာဉ်များပေါ်မှ ကျော်ဖြတ်သွယ်တန်းမည်ဖြစ်၍ လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ကုက္ကိုဝမြစ်ရေလမ်းကြောင်းကို ခေတ္တပိတ်ထားမည်ဖြစ်သည်။ ရန်ကုန်မြို့ကိုဝင်ထွက်သွားလာမည့် ရေယာဉ်များသည် တွံတေးတူးမြောင်းမှသာ ဖြတ်သန်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား News Channel

၈-၄-၂၀၁၆(သောကြာနေ့)

နံနက်ပိုင်း

၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်

၇:၃၅ - ပြည်သူတို့ရဲ့စကားသံများ

၁၀:၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်

၁၄:၄၀ - မြန်မာ့ဓလေ့ရိုးရာ လက်ဝှေ့(စောဝီလျံနှင့် သပြေညို)

ညပိုင်း

၁၅ : ၃၅ - **အယ်နီညိုရာသီ ဘေးဒဏ် ကာကွယ်နိုင်ဖို့ ပြည်သူ အားလုံး သတိရှိကြစို့**

၁၉:၁၅ - မြန်မာဗီဒီယိုဇာတ်လမ်း **ဧပရယ်မိုင်းရပ်စ်** (အပိုင်း- ၂) နေခွေး၊ မိုးယုစံ၊ သီရိရှင်းသန့် (ဒါရိုက်တာ-ကိုပေါက်)

၂၀:၀၀ - ပြည်တွင်းသတင်း - ချစ်သော၍ကမ္ဘာမြေ - မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၃)

မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

ချင်းပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၅/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်)

ချင်းပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ ချင်းပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါဝန်ကြီးဌာနများတွင် ချင်းပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဗိုလ်မှူးကြီးကျော်ကျော် — လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
(၂) ဦးဝီကော — စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
(၃) ဦးမန်ဟင်းဒါလ်း — စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန
(၄) ဦးရွှေထီးအိုး — လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
(၅) ဆလိုင်းအိုက်ဇက်ခင် — စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန
(၆) ဦးပေါင်လွန်းမင်ထန် — လူမှုရေးဝန်ကြီးဌာန

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၈/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်)

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါဝန်ကြီးဌာနများတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဗိုလ်မှူးကြီးကျော်စွာလှိုင် — လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
(၂) ဦးလှကျော် — စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
(၃) ဦးဘဟိန်း — စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
(၄) ဦးဝင်းငွေ — လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
(၅) ဦးကျော်မြင့် — စည်ပင်သာယာရေးဝန်ကြီးဌာန
(၆) ဒေါက်တာလှမြတ်သွေး — လူမှုရေးဝန်ကြီးဌာန

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပဲခူးတိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃၂/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြလာသည့် ဦးသန်းဝင်းကို စက်မှုလျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရခိုင်ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၆/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်)

ရခိုင်ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) နှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် ရခိုင်ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဗိုလ်မှူးကြီးထိန်လင်း — လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(၂) ဦးကျော်အေးသိန်း — ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန
(၃) ဦးကျော်လွင် — စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာန
(၄) ဦးအောင်ကျော်ဇံ — လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
(၅) ဦးမင်းအောင် — စည်ပင်သာယာရေးဝန်ကြီးဌာန
(၆) ဒေါက်တာချမ်းသာ — လူမှုရေးဝန်ကြီးဌာန

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်များခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃၀/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆၊ ပုဒ်မခွဲ(ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(င)၊ ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၂၂ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာလွှတ်တော်၏ သဘောတူညီချက်ဖြင့် တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးဒီဆင်ရမ် — ကချင်ပြည်နယ်
(၂) ဦးစိုင်းကျော်ဇံ — ကယားပြည်နယ်
(၃) ဦးစောချစ်မြင့်လေး — ကရင်ပြည်နယ်
(၄) ဦးထန်ကျုံး(ခ) ဦးဆနီဇာဟိုး — ချင်းပြည်နယ်
(၅) ဦးခင်မောင်လှ — စစ်ကိုင်းတိုင်းဒေသကြီး
(၆) ဦးအုန်းမြင့် — ပဲခူးတိုင်းဒေသကြီး
(၇) ဦးဆန်းလင်း — မကွေးတိုင်းဒေသကြီး
(၈) ဦးအောင်ဝင်း — မန္တလေးတိုင်းဒေသကြီး
(၉) ဒေါ်အေးအေးမို့ — မွန်ပြည်နယ်
(၁၀) ဦးကျော်လှထွန်း — ရခိုင်ပြည်နယ်
(၁၁) ဦးဟန်ထူး — ရန်ကုန်တိုင်းဒေသကြီး
(၁၂) ဦးတင်ဦး — ရှမ်းပြည်နယ်
(၁၃) ဦးသိန်းရွှေ — ဧရာဝတီတိုင်းဒေသကြီး

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရှမ်းပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၇/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်)

ရှမ်းပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် ရှမ်းပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဗိုလ်မှူးကြီးစိုးမိုးအောင် — လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(၂) ဦးစိုင်းလုံကျော် — စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
(၃) ဦးခွန်ရဲထွေး — လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
(၄) ဒေါက်တာညီညီအောင် — သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
(၅) ဦးဆွေသိန်း — လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးဌာန
(၆) ဦးစိုးညွန့်လွင် — စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန
(၇) ဒေါက်တာမျိုးထွန်း — လူမှုရေးဝန်ကြီးဌာန
(၈) ဦးစိုင်းရွှန်တစ်လုံ — ဘဏ္ဍာရေးဝန်ကြီးဌာန
(၉) ဦးစိုင်းစွဲဆိုင်း — စည်ပင်သာယာရေးဝန်ကြီးဌာန

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃၁/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၁၊ ပုဒ်မခွဲ(ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေပုဒ်မ ၂၁နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာလွှတ်တော်၏ သဘောတူညီချက်ဖြင့် တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်များအဖြစ် ခန့်အပ်တာဝန် ပေးလိုက်သည်-

(၁) ဦးတင်လှိုင် — ကချင်ပြည်နယ်
(၂) ဦးအောင်မောင်း — ကယားပြည်နယ်
(၃) ဦးစောလှထွန်း — ကရင်ပြည်နယ်
(၄) ဦးလာလ်တင်မန်း(ခ) ဦးဒေးဗစ်လာလ်တင်မောင် — ချင်းပြည်နယ်
(၅) ဦးစိုးလွင် — စစ်ကိုင်းတိုင်းဒေသကြီး
(၆) ဒေါ်သန်းဝင်း — ပဲခူးတိုင်းဒေသကြီး
(၇) ဦးလှသန်း — မကွေးတိုင်းဒေသကြီး
(၈) ဒေါ်ခင်အေးဆွေ — မန္တလေးတိုင်းဒေသကြီး
(၉) ဒေါ်သိန်းသိန်းဦး — မွန်ပြည်နယ်
(၁၀) ဒေါ်ယဉ်လှ — ရခိုင်ပြည်နယ်
(၁၁) ဒေါ်ခင်သန်းလှ — ရန်ကုန်တိုင်းဒေသကြီး
(၁၂) ဒေါ်နန်းဝိုဟိန်း — ရှမ်းပြည်နယ်
(၁၃) ဒေါ်စန်းစန်းခိုင် — ဧရာဝတီတိုင်းဒေသကြီး

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဖုန်းပြောဆိုမှု ကြိုတင်အခပေးကတ်တန်ဖိုးမှ ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်း ဖြတ်တောက်ကောက်ခံမည့်ကိစ္စနှင့် စပ်လျဉ်းသည့်ညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၇

ဖုန်းပြောဆိုမှုကြိုတင်အခပေးကတ်တန်ဖိုးမှ ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်း ဖြတ်တောက် ကောက်ခံမည့်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် သက်ဆိုင်ရာလွှတ်တော် ကော်မတီများ၊ ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ပြည်သူ့လွှတ်တော်ရေးရာဆောင် (I-11) ၌ ကျင်းပသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးကိုကိုနိုင်၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာလွှတ်တော်ကော်မတီများမှ အဖွဲ့ဝင်များ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဖိတ်ကြားထားသူများ၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၌ ယစ်မျိုးခွန်ဥပဒေကြမ်း ပြင်ဆင်အတည်ပြု ဘူတာ၊ သင်္ဘောဆိပ်နှင့် လေဆိပ်တို့တွင် ယစ်မျိုးခွန်ဆောင်၍ စတင်ရောင်းချခွင့်ပြု

ရန်ကုန် မေ ၇

ယနေ့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၌ ဒုတိယအကြိမ်ကျင်းပသည့် ပထမပုံမှန်အစည်းအဝေး(၁၄) မြောက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရကတင်သွင်းသော ယစ်မျိုးခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကိုလွှတ်တော်၌ ဘူတာ၊ သင်္ဘောဆိပ်နှင့် လေဆိပ်တို့တွင် ယစ်မျိုးခွန်ဆောင်၍ နိုင်ငံခြားအရက်များ စတင်ရောင်းချခွင့်ပြုလိုက်ပြီဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေပြင်ဆင်သည့် ဥပဒေကြမ်းကို မေ ၆ ရက် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရကိုယ်စား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လွှတ်တော်သို့ တင်သွင်းခဲ့ခြင်းဖြစ်ပြီး ယနေ့လွှတ်တော်တွင် အဆိုပါဥပဒေအား ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းမှာ ရန်ကုန်တိုင်းဒေသကြီး

ဦးဝင်းမောင် ဥပဒေကြမ်း ကော်မတီအတွင်းရေးမှူး

ယစ်မျိုးခွန်ဥပဒေ အခန်း(၃) ပုဒ်မ (၄)၊ ပုဒ်မခွဲ (က) ယစ်မျိုးလိုင်စင်အမှတ် FL 17 နှင့် FL 21 တို့အကြား FL 19 ကို ထည့်သွင်းပြင်ဆင်ခြင်းဖြစ်သည်။ ယခင်ယစ်မျိုးခွန် ဥပဒေတွင် အဆိုပါအချက်ကို ပါဝင်ထည့်သွင်းထားခြင်းမရှိသဖြင့် ယခုကဲ့သို့ ပြင်ဆင်ဖြည့်စွက်ခြင်းဖြစ်ကြောင်း သိရသည်။ ယခု ထပ်မံပြင်ဆင်ထည့်သွင်းလိုက်သည့် FL 19 သည် ပြည်ပနိုင်ငံခြားအရက်များ တိုင်းဒေသကြီး ဘူတာရုံ၊ လေဆိပ်နှင့် သင်္ဘောဆိပ်ဥပစာအတွင်းရှိ နားနေဆောင်များ၌ သောက်သုံးရန် သို့မဟုတ် ဥပစာ၏ ပြင်ပသို့ယူဆောင်ရန် နားနေခန်းအငှားရထားသူက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်ပြုခြင်းကို ဆိုလိုခြင်းဖြစ်သည်။ လက်လီရောင်းချသူအနေဖြင့် အဆိုပါဥပစာတွင် ကောင်တာဖွင့်၍ နိုင်ငံတော်အား အခွန်အခအနေဖြင့် ငွေကျပ်သိန်း ၂၀ပေးသွင်း လိုင်စင်ဆောင်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ကို ပြုမည်ဖြစ်သည်။

အဆိုပါ ဥပဒေကြမ်းနှင့်ပတ်သက်၍ စမ်းချောင်းမြို့နယ် မဲဆန္ဒ

စမ်းချောင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသော်တာအောင် မီဒီယာများအား ဖြေကြားစဉ်

နယ် အမှတ်(၁)မှ ဦးသော်တာအောင်က "ဒီဖြည့်စွက်ပြင်ဆင်လိုက်တဲ့ ဥပဒေကြမ်းရဲ့ ဆိုလိုရင်းအဓိပ္ပာယ်ကတော့ ပြည်ပနိုင်ငံခြားအရက်တွေကို ဘူတာရုံ၊ လေဆိပ်၊ သင်္ဘောဆိပ်တွေမှာရှိတဲ့ နားနေခန်း၊ ဥပစာတွေအတွင်းမှာ သောက်သုံးရန် ဒါမှမဟုတ် ဥပစာရဲ့ ပြင်ပကို ယူဆောင်ခွင့်ပြုရန် နားနေခန်းအငှားရထားသူက ကောင်တာဖွင့်လက်လီရောင်းချခွင့် ပြုတယ်ဆိုတဲ့ အဓိပ္ပာယ်ပါ။ အဲဒီကောင်တာဖွင့်ရောင်းချသူအနေနဲ့က အစိုးရကိုတော့ ကျပ်သိန်း ၂၀ လိုင်စင်အဖြစ်ပေးသွင်းရမှာဖြစ်တယ်။ ပြောရရင် ဒီဥပဒေ ပြဋ္ဌာန်းလိုက်ခြင်းအားဖြင့် တိုင်းပြည်ဝင်ငွေခွန် ပိုမိုရရှိစေမှာဖြစ်ပါတယ်။ ဒါ့အပြင် အခွန်အခ ကြီးမြင့်မှုကြောင့် ပြည်သူတွေအတွက်လည်း ကျန်းမာရေးပိုင်းဆိုင်ရာကအစ အကျိုးသက်ရောက်မှုရှိမှာပါ"ဟု လွှတ်တော်အပြီး မီဒီယာများအား ပြောကြားသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် နဝမအကြိမ် ပုံမှန်အစည်းအဝေးတွင် အတည်ပြုခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေနှင့် ယစ်မျိုး လိုင်စင်နှုန်းထားများမှာ D1 လိုင်စင်အမျိုးအစားတွင် ဆိုင်သေး ငွေကျပ် သိန်း၅၀၊ ဆိုင်လတ်ငွေကျပ်သိန်း ၁၀၀၊ ဆိုင်ကြီး ငွေကျပ်သိန်း ၁၅၀၊ D2 လိုင်စင်အမျိုးအစားတွင် ငွေကျပ် ၁၀သိန်း၊ W 1 လိုင်စင်အမျိုးအစားတွင် ငွေကျပ်တစ်သိန်း၊ FL 4 နှင့် FL 5 လိုင်စင်တို့တွင် ငွေကျပ် ၁၀ သိန်းစီ၊ FL 6 လိုင်စင်တွင် ၂၅ သိန်း၊ B1 လိုင်စင်တွင် ဆိုင်သေးအတွက် ငွေကျပ်သိန်း ၅၀၊ ဆိုင်လတ်လိုင်စင်အတွက် ငွေကျပ်သိန်း ၁၀၀ နှင့် ဆိုင်ကြီးတွင် ငွေကျပ်သိန်း ၁၅၀၊ B 2 လိုင်စင်တွင် ငွေကျပ် ၁၀ သိန်း၊ Y 1 နှင့် Y2 လိုင်စင်တို့တွင် ငွေကျပ်ငါးသိန်းစီ၊ D1A လိုင်စင်တွင် ငွေကျပ်သိန်း ၅၀၊ CS 2A လိုင်စင်တွင် ငွေကျပ် နှစ်သိန်း၊ CFL 2A လိုင်စင်တွင် ငွေကျပ်တစ်သိန်းနှင့် FL လိုင်စင်အမျိုးမျိုးတို့တွင် လိုင်စင်အမျိုးအစားပေါ်မူတည်၍ ဥပဒေပါပြဋ္ဌာန်းထားသည့် သတ်မှတ်နှုန်းထားများအတိုင်း ပြည်တွင်းဘဏ္ဍာဝင်ငွေခွန်ငွေအဖြစ် လိုင်စင်များသတ်မှတ် ကောက်ခံလျက်ရှိကြောင်း သိရသည်။

သတင်း - မောင်စိန်လွင် (မြန်မာ့အလင်း)
ဓာတ်ပုံ - မင်းထက်

ဖက်ဒရယ်စနစ်တည်ဆောက်ရာ၌ ကနေဒါနိုင်ငံမှ ကူညီပံ့ပိုးနိုင်မည့် နည်းလမ်းများ ဆွေးနွေး

နေပြည်တော် မေ ၇

အမျိုးသားလွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇုန်လှယ်ထန်းအား ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ စတီဖင်ဒီရွန်က ယနေ့ ညနေ ၃ နာရီတွင် အမျိုးသားလွှတ်တော် ကော်မတီဆောင်အမှတ်(၂၀)၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအား ဖက်ဒရယ်စနစ် တည်ဆောက်ရာ၌ ကနေဒါနိုင်ငံမှ ကူညီပံ့ပိုးနိုင်မည့်နည်းလမ်းများ၊ ကနေဒါနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံပြည်သူချင်း ပိုမိုရင်းနှီးချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကော်မတီဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

❖ *ကျောဖုံးမှ*

တစ်လျှောက်က ဆိုင်အတော်များများဟာ လမ်းမေးတင်ဆောက်ထားတော့ ဆိုင်ခန်းတွေဘယ်လောက် များပြားအောင်ဆောက်ပြီး ဘယ်လောက်ကျယ်ကျယ် ဆိုင်လာတဲ့ ဆိုင်ကယ်၊ ကားတွေအကုန်လုံး လမ်းပေါ်မှာဘဲ ရပ်ကြရတော့ သွားလာရေးမှာ ခက်ကုန်ပါတယ်။ အခု အဲဒါတွေကို ပညာပေးရင်း ဘယ်လိုဆောင်ရွက်ရမယ်၊ သူတို့ဘက်က ဘယ်လိုဖြစ်ချင်တယ်ဆိုတာကိုပေါင်းစပ်ညှိနှိုင်းတာတွေ လုပ်ဆောင်နေပါတယ်။ ဒီကြားထဲမှာ သတ်မှတ်ထားတဲ့ ပြောထားတဲ့အတိုင်း မလိုက်နာဘူးဆိုရင် စည်ပင်ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမှာပါ။ လမ်းဘေးဖွင့်တဲ့ ကျူးကျော် ဆိုင်တွေဆိုရင် သတ်မှတ်ရက်ရောက်လို့ ဆက်ဖွင့်နေသေးတာတွေ့ရင် ဆိုင်ကိုပါ မတင်ဖမ်းဆီးအရေးယူတာတွေ ဆောင်ရွက်မှာဖြစ်တဲ့အကြောင်း အသိပေးထားပါတယ်"ဟု ဦးဇော်ထွန်းက ပြောပြသည်။

မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီသစ်သည် မေ ၁ ရက်မှစတင်ကာ ဥက္ကဋ္ဌဦးကျော်မျိုးဝင်းနှင့်အဖွဲ့ဝင်များက မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီဖြစ်ရာ ကြိုတင် လေ့လာထားမှုများအရ လိုအပ်ချက်များကို စတင်တာဝန်ထမ်းဆောင်သည့်နေ့မှ စတင်ကာ အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

"မြေပြင်လေ့လာမှုတွေ အရအမှိုက်ကိစ္စမှာ ယန္တရားနဲ့လူအင်အားမလုံလောက်တာကို တွေ့ရတယ်။

"နောက်ပြီး မြို့ရဲ့လမ်းတွေပေါ်မှာ ကျူးကျော်နေတာတွေနဲ့ လမ်းပိတ်ဆို့နေတာတွေကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နေပါပြီ။ အဲဒီလိုဆောင်ရွက်ရာမှာ နိစ္စဓူဝကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ဦးစားပေးဆောင်ရွက်သွားဖို့ ကော်မတီက ညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်နေပါပြီ"ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မျိုးဝင်းက ပြောသည်။

မုံရွာမြို့၏ အဓိကလမ်းမကြီးများဘေး လမ်းနယ်ဖြင့်မလွတ်ကင်းစွာထွက်နေသော ကွမ်းယာဆိုင်များအပါအဝင် ဈေးဆိုင်များသည် ယခင်က ဖွဲ့စည်းထားသော စည်ပင်သာယာဝန်ထမ်းတို့၏ ခွင့်ပြုထားမှုဖြင့် တစ်ပတ်လျှင် သုံးရက် လေးရက်ခန့်လာကောက်သော တစ်ရက်ငွေကျပ် ၃၀၀ ဖြင့်ပေး၍ ဖွင့်နေသောကြောင့် စည်းကမ်းဖောက်နေသည်ကို သိနေသော်လည်း အများ မိုးခါးရေသောက်သည့်အတိုင်း လိုက်၍ဆောင်ရွက်နေရကြောင်း၊ ကော်မတီအနေဖြင့် အဆိုပါ ကိစ္စများကိုလည်း ဆောင်ရွက်သင့်ကြောင်း မုံရွာမြို့လယ် ဗိုလ်ချုပ်လမ်းဘေးတွင် ဖွင့်နေသော ကွမ်းယာရောင်းသူတစ်ဦးက ပြောပြသည်။

မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီအနေဖြင့် အမှိုက်ကိစ္စ၊ ကျူးကျော်ဆိုင်နှင့် လမ်းပိတ်ဆို့မှုများ ဆောင်ရွက်ခြင်းနှင့်အတူ မြို့ရေစီးရေလာ ကောင်းမွန်ရေးနှင့် ရေမြောင်းများကို စီမံချက်ရေးဆွဲကာ ငွေလုံးငွေရင်းဖြင့် စီမံဆောင်ရွက်နိုင်ရန် ပညာရှင်များဖြင့် ညှိနှိုင်းအဖြေရှာရန်နှင့် အများပြည်သူအား ပါဝင်လာရန်တို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ရိုးရာပွဲတော် တို့နွဲပျော်၊ ဆင်ခြင်သတိပြု တို့ရှေးရှု

တွေ့ဆုံမေးမြန်း-မောင်ဖိုးဇော် (သတင်းစဉ်)

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် နှောင်းတန်ခူးလဆန်း ၆ ရက်မှ ၉ ရက်သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မြန်မာတို့၏ မဟာသင်္ကြန် အခါတော်နေ့များ ဖြစ်သည်။

အပျော်လွန်ကြူးခြင်း၊ အရက်သေစာသောက်စားမူးယစ်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာခြင်းနှင့် သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများ၏တိုက်တွန်းချက်၊ နှိုးဆော်ချက်များနှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဂရုမပြုမိ၊ အလေးအနက်မထားမိသည့်အတွက် သင်္ကြန်ပွဲတော်ကာလအတွင်း ရုပ်ဆိုးအကျည်းတန်သည့်ဖြစ်ရပ်များ ဖြစ်ပွားခဲ့ရသည်။

ထို့ကြောင့် တာဝန်ရှိအဖွဲ့အစည်းအသီးသီးက မဟာသင်္ကြန်ပွဲတော်နှင့် စပ်လျဉ်းသည့် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ တိုက်တွန်းချက်များ၊ နှိုးဆော်ချက်များနှင့် သတိပြုရှောင်ကြဉ်ရမည့်အချက်များကို အသိပညာပေးဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲမှူးကြီး ထွန်းမင်း၊ ရဲမှူးကြီး ဇော်ခင်အောင်တို့နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားဖော်ပြလိုက်ရပါသည်။

ရဲမှူးကြီးဇော်ခင်အောင်

ရဲမှူးကြီး ထွန်းမင်း

မောင်ဖိုးဇော် မေး။ မဟာသင်္ကြန်ပွဲတော် လုံခြုံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ လုံခြုံရေးအစီအမံ ဘယ်လိုဆောင်ရွက်ထားတယ်ဆိုတာ သိပါရစေ။

ရဲမှူးကြီးဇော်ခင်အောင် ဖြေ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ သင်္ကြန်ပွဲတော်လုံခြုံရေးနဲ့ပတ်သက်ပြီး မဟာသင်္ကြန်ပွဲတော်မကျင်းပမီကာလ၊ မဟာသင်္ကြန် ပွဲတော်ကျင်းပစဉ်ကာလနဲ့ မဟာသင်္ကြန်ပွဲတော်ကျင်းပပြီးကာလဆိုပြီး လုံခြုံရေးအစီအမံကို အပိုင်းသုံးပိုင်း ဆောင်ရွက်ထားပါတယ်။

မောင်ဖိုးဇော် မေး။ မဟာသင်္ကြန်ပွဲတော်အကြိုကာလ လုံခြုံရေးအတွက် စီမံဆောင်ရွက်ထားရှိမှုကို သိရှိလိုပါတယ်။

ရဲမှူးကြီးထွန်းမင်း ဖြေ။ မဟာသင်္ကြန်ပွဲတော်အကြိုကာလ လုံခြုံရေးအတွက် အင်အားစုဖွဲ့ခြင်းနဲ့ ကြိုတင်ပြင်ဆင်ခြင်းတွေ ဆောင်ရွက်ခဲ့တဲ့အပြင် မှုခင်းကြိုတင်ကာကွယ်ဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်း၊ သတင်းလက်ဦးမှုရယူခြင်း၊ ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနဲ့ နယ်မြေစိုးမိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

မောင်ဖိုးဇော် မေး။ မဟာသင်္ကြန်အကြိုကာလမှာ ဘယ်လိုကြိုတင်ကာကွယ်မှုတွေ ဆောင်ရွက်ထားတယ်ဆိုတာ သိပါရစေ။

ရဲမှူးကြီးထွန်းမင်း ဖြေ။ မဟာသင်္ကြန်ပွဲတော် အကြိုကာလကို မတ် ၁၆ ရက်ကနေ ဧပြီ ၁၁ ရက်အထိ သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်တွေအလိုက် ကြိုတင်ကာကွယ်ရေးနဲ့ တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိရာမှာ ကြိုတင်ကာကွယ်အရေးယူမှုအနေနဲ့ လက်နက်ပုန်းဖမ်းဆီးမှု၊ လောင်းကစားမှု၊ ယစ်မျိုးမှု၊ မူးယစ်မှုနဲ့ ခြေချုပ်ခံဝန်အရေးယူမှုစတဲ့ ကြိုတင်ကာကွယ်မှုပေါင်း ၃၉၁၆ မှု၊ စစ်ပြေး၊ ရဲပြေး၊ တရားခံပြေး၊ ရဲဘက်ပြေး ဖမ်းဆီးအရေးယူမှုအနေနဲ့ ၃၄၃ ဦး၊ စည်းကမ်းပျက်ယာဉ်စစ်ဆေးအရေးယူမှုပေါင်း ၁၁၀၄၃ မှု၊ ဆေးနဲ့ ဆေးပစ္စည်းအရောင်းဆိုင်တွေမှာ ကာမရာဂစိတ်ကြွဆေးများ ရောင်းဝယ်မှုကို ရှောင်တခင်ရှာဖွေစစ်ဆေးခြင်း ၁၇၅၆ ကြိမ်၊ မီးဘေးကြိုတင်ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု ၃၄၆၇ ကြိမ်တို့ အရေးယူဆောင်ရွက်နိုင်ခဲ့ပြီး မှုခင်းပညာပေးဟောပြောမှု ၃၀၅၂ ကြိမ်၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးဟောပြောမှုအကြိမ်ပေါင်း ၆၈၇ ကြိမ် ဆောင်ရွက်ခဲ့ပါတယ်။

မောင်ဖိုးဇော် မေး။ သင်္ကြန်ကာလအတွင်း ရေကစားမဏ္ဍပ်တွေရဲ့လုံခြုံရေးနဲ့ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှုအခြေအနေကို သိရှိလိုပါတယ်။

ရဲမှူးကြီးဇော်ခင်အောင် ဖြေ။ မဟာသင်္ကြန်ပွဲတော်ကာလကို သင်္ကြန်အကြိုနေ့မှ နှစ်ဆန်း ၁ ရက်နေ့အထိ သတ်မှတ်ပြီး သင်္ကြန်ကာလ လုံခြုံရေးနဲ့ပတ်သက်ပြီး လုံခြုံရေးစီမံချက်ရေးဆွဲဆောင်ရွက်ထားရှိပါတယ်။ လက်ရှိစာရင်းအရ တစ်နိုင်ငံလုံးမှာ ရေကစားမဏ္ဍပ်တွေအနေနဲ့ မဏ္ဍပ်ကြီး ၁၀၈ ခု၊ မဏ္ဍပ်အလတ် ၁၇၇ ခုနဲ့ မဏ္ဍပ်အသေး ၂၁၉ ခု စုစုပေါင်းမဏ္ဍပ် ၅၀၄ ခုရှိပြီး မဏ္ဍပ်တွေရဲ့လုံခြုံရေးအပြင် တန်ခိုးကြီးဘုရားများလုံခြုံရေး၊ ပြည်သူလူထုအပန်းဖြေတဲ့ နေရာများလုံခြုံရေး၊ ရေဆိပ်၊ လေဆိပ်၊ ကားဂိတ်နဲ့ ဘူတာရုံများ လုံခြုံရေး၊ မော်တော်ယာဉ်တွေ သွားလာမယ့်လမ်းကြောင်း လုံခြုံရေးတို့ကိုလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင် အင်အားတွေနဲ့ နေရာလုံခြုံရေး၊ လမ်းကြောင်းလုံခြုံရေး၊ လုံခြုံရေးအရန်အသင့်စုဖွဲ့မှုတွေ ဆောင်ရွက်ထားရှိပါတယ်။ ဒါ့အပြင် ရေကစားမဏ္ဍပ်တွေနဲ့ အရေးကြီးနေရာတွေမှာ CCTV ကင်မရာတွေ တပ်ဆင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရေဆိပ် ဝင်ထွက်ပေါက်တွေ နယ်စပ်ဝင်ထွက်ပေါက်တွေမှာ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်နိုင်ဖို့ အိမ်နီးချင်းနိုင်ငံတွေနဲ့ပူးပေါင်းပြီး နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေးရုံးတွေကတစ်ဆင့် စောင့်ကြည့်စစ်ဆေး သတင်းဖလှယ်ခြင်းတွေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မောင်ဖိုးဇော် မေး။ သင်္ကြန်ကာလအတွင်း လုံခြုံမှုအပြည့်အဝဆောင်ရွက်ပေးနိုင်ဖို့အတွက် ကွပ်ကဲမှုအဆင့်ဆင့်ဆောင်ရွက်ထားရှိမှုအခြေအနေတွေကို သိရှိလိုပါတယ်။

ရဲမှူးကြီးဇော်ခင်အောင် ဖြေ။ သင်္ကြန်ပွဲတော်ကာလအတွင်း လုံခြုံရေးကို ၂၄ နာရီ ကွပ်ကဲဆောင်ရွက်နိုင်ဖို့အတွက် နေပြည်တော်ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်တွေအလိုက် တိုင်းဒေသကြီး/ပြည်နယ်/ ခရိုင်/မြို့နယ်များမှာ ကွပ်ကဲမှုအဖွဲ့တွေအဆင့်ဆင့် ဖွဲ့စည်းပြီး ကွပ်ကဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာ ဖြစ်ပေါ်လျက်ရှိတဲ့ လိုအပ်ချက်တွေကို အချိန်နဲ့တစ်ပြေးညီ ပံ့ပိုးဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထဲရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်တို့မှာလည်း ကွပ်ကဲရေးအဖွဲ့တွေ ဖွဲ့စည်းဆောင်ရွက်ပြီး လိုအပ်ချက်တွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မောင်ဖိုးဇော် မေး။ ၂၀၁၆ ခုနှစ် မဟာသင်္ကြန်ပွဲတော်နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ဘယ်လိုနှိုးဆော်ချက်တွေ ထုတ်ပြန်ခဲ့ပါသလဲ။ နှိုးဆော်ချက်ထုတ်ပြန်ရခြင်းရဲ့ ရည်ရွယ်ချက်တွေက ဘာတွေပါလဲ။

ရဲမှူးကြီးထွန်းမင်း ဖြေ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ၂၀၁၆ ခုနှစ် မဟာသင်္ကြန်ပွဲတော်နဲ့ ပတ်သက်ပြီး နှိုးဆော်ချက်သုံးစောင် ထုတ်ပြန်ခဲ့ပါတယ်။ ပထမတစ်ခုကတော့ သင်္ကြန်ကာလအတွင်း မှုခင်းတွေမဖြစ်ပွားစေဖို့ ပြည်သူတွေသတိပြုရှောင်ကြဉ်ရမယ့် အချက်တွေပါဝင်တဲ့ မှုခင်းဆိုင်ရာနှိုးဆော်ချက် (၁၁)ချက်၊ ဒုတိယအနေနဲ့ မူးယစ်ဆေးဝါးအန္တရာယ်နဲ့ပတ်သက်ပြီး ပြည်သူတွေသတိပြုဖို့ နှိုးဆော်ချက် ငါးချက်နဲ့ တတိယနှိုးဆော်ချက်က သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူတွေ လိုက်နာဖို့ နှိုးဆော်ချက် ၁၀ ချက်တို့ပဲ ဖြစ်ပါတယ်။

နှိုးဆော်ချက်တွေထုတ်ပြန်ရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ ယခင် ၂၀၁၅ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ဖြစ်ပွားခဲ့တဲ့မှုခင်းတွေကို သာဓကယူပြီး ပြည်သူတွေ သတိပြုလိုက်နာ ရှောင်ကြဉ်နိုင်ဖို့ အဓိကရည်ရွယ် ထုတ်ပြန်ရခြင်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ မတ် ၃၀ ရက်မှ ဧပြီ ၇ ရက်ထိ မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ၊ Daily Eleven News , The Voice Daily News နဲ့ မှုခင်းနှင့်သတင်းဂျာနယ်တို့မှာ ထုတ်ပြန်ချက်အကြိမ်(၂၀) ထုတ်ပြန်ကြေညာခဲ့ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်ရဲတပ်ဖွဲ့တွေမှာ ပညာပေးဟောပြောမှု (၁၂)ကြိမ်၊ စစ်ဆေးအရေးယူမှုလေးကြိမ်၊ ထုတ်ပြန်ကြေညာချက်ငါးကြိမ်၊ စုစုပေါင်း (၄၂)ကြိမ် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့က မှုခင်းဆိုင်ရာ၊ မူးယစ်ဆေးဝါးဆိုင်ရာ တွေ့ဆုံမေးမြန်းဖြေကြားချက်တွေနဲ့ ယာဉ်ထိန်းတပ်ဖွဲ့နဲ့ တွေ့ဆုံမေးမြန်းဖြေကြားချက်တွေကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဧပြီ ၁ ရက် ည ၈ နာရီ သတင်းအပြီးမှာ တစ်ကြိမ် ထုတ်လွှင့်ခဲ့ပြီးဖြစ်ပါတယ်။ အထက်မှာ ရှင်းလင်းဆွေးနွေးခဲ့တဲ့ နှိုးဆော်ချက်သုံးစောင်ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်တွေမှာ နံနက်ပိုင်း ငါးကြိမ်၊ နေ့လယ်ပိုင်း ငါးကြိမ်၊ ညနေပိုင်း ငါးကြိမ် စုစုပေါင်း တစ်နေ့ ၁၅ ကြိမ်နှုန်းနဲ့ ဧပြီ ၁ ရက်ကစပြီး ကြော်ငြာများ ထုတ်ပြန်ပြသလျက်ရှိပါတယ်။ သင်္ကြန်ကာလပြီးဆုံးချိန်အထိ ထုတ်လွှင့်ပေးသွားမှာဖြစ်ပါတယ်။

ဒါ့အပြင် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/ မြို့နယ်ရဲတပ်ဖွဲ့တွေမှာလည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/ မြို့နယ် မဟာသင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီအဆင့်ဆင့်ထံတင်ပြပြီး ပညာပေးဟောပြောမှုတွေ၊ ရေကစားမဏ္ဍပ်တွေမှာ သတိပြုလိုက်နာရမယ့်နှိုးဆော်ချက်တွေ၊ ထုတ်ပြန်ကြေညာချက်တွေ ထုတ်ပြန်ပြီး ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်လျက်ရှိပါတယ်။

မောင်ဖိုးဇော် မေး။ အဲဒီကြော်ငြာခဲ့တဲ့ ကြော်ငြာတစ်ခုချင်းရဲ့ အဓိကအနှစ်ချုပ်လေးတွေကို ပြောပြပေးစေလိုပါတယ်။

ရဲမှူးကြီးထွန်းမင်း ဖြေ။ မှုခင်းတွေမဖြစ်ပွားဖို့ သတိပြုရှောင်ကြဉ်ရမယ့်အချက်တွေ ကြော်ငြာချက်မှာ အဓိကအားဖြင့် အရက်သေစာ လွန်ကဲစွာသောက်စားမူးယစ်အပျော်လွန်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ လက်နက်ကိုင်ဆောင်ခြင်းနဲ့ မြန်မာ့ယဉ်ကျေးမှုနဲ့ မလျော်ညီတဲ့ ဝတ်စားဆင်ယင်မှုမပြုဖို့ သတိပြုရှောင်ကြဉ်ရမယ့်အချက်တွေ ပါရှိပါတယ်။ ယခုနှစ် မဟာသင်္ကြန်မှာလည်း သက်ဆိုင်ရာ မိဘအုပ်ထိန်းသူ ဆွေမျိုးများ၊ ရပ်မိရပ်ဖများ၊ သူငယ်ချင်း အချင်းချင်း၊ မဏ္ဍပ်တွေမှာရှိတဲ့ တာဝန်ရှိသူတွေကလည်း ဝိုင်းဝန်းထိန်းသိမ်းပေးကြဖို့ မေတ္တာရပ်ခံပန်ကြားလိုပါတယ်။

မူးယစ်ဆေးဝါးအန္တရာယ်နဲ့ပတ်သက်ပြီးတော့ သတိပြုရမယ့်အချက်တွေထဲမှာ အဓိကအချက်အနေနဲ့ သင်္ကြန်ကာလမှာ မူးယစ်ဆေးဝါးတွေ၊ စိတ်ကြွဆေးဝါးတွေ၊ ထိန်းချုပ်ဆေးဝါးတွေနဲ့ ကာမရာဂကို နှိုးဆွစေတဲ့ ဆေးဝါးတွေကို မိမိကိုယ်တိုင်သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြဖို့နဲ့ မြူဆွယ်တိုက်ကျွေးပြီး အန္တရာယ်ပေးနိုင်တာကိုလည်း သတိပြုဆင်ခြင်ကြဖို့ ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။

ယာဉ်မောင်းသူတွေလိုက်နာဖို့ နှိုးဆော်ချက်မှာ အဓိကအချက်အနေနဲ့ ယခင်နှစ်အတွေ့အကြုံတွေအရ မူးယစ်သောက်စားပြီး အပျော်လွန် စည်းကမ်းမဲ့မောင်းနှင်ခြင်းကြောင့် ယာဉ်တိုက်မှုတွေဖြစ်ပေါ်ရခြင်း၊ ယာဉ်များမှာ တင်ဆောင်နိုင်တဲ့ ဝန်ထက်ပိုပြီးတင်ဆောင်မောင်းနှင်တဲ့အတွက် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရခြင်းတွေရှိခဲ့တဲ့အတွက် အရက်သေစာသောက်စားပြီး အပျော်လွန်ကြူးပြီး စည်းကမ်းမဲ့မောင်းနှင်ခြင်းမပြုဖို့နဲ့ ယာဉ်များမှာ မနိုင်ဝန်ပိုတွေ တင်ဆောင်ပြီး မောင်းနှင်ခြင်းမပြုဖို့ အဓိကဖော်ပြထားပါတယ်။

မောင်ဖိုးဇော် မေး။ သင်္ကြန်ပွဲတော်လုံခြုံရေးကို အပိုင်းသုံးပိုင်းနဲ့ ဆောင်ရွက်မယ်လို့ ရှေ့မှာပြောထားတဲ့အတွက် သင်္ကြန်ပွဲတော်ကျင်းပပြီးကာလမှာ ဆောင်ရွက်မယ့်အစီအစဉ်တွေ ရှိရင်လည်း သိချင်ပါတယ်။

ရဲမှူးကြီးဇော်ခင်အောင် ဖြေ။ မဟာသင်္ကြန်ပွဲတော် ကျင်းပပြီးကာလမှာ ပွဲတော်ကာလအတွင်း ပြစ်မှုကျူးလွန်သူတွေကို ဖော်ထုတ်အရေးယူတရားစွဲတင်ခြင်း၊ အားနည်းချက် အားသာချက်တွေ ဖော်ထုတ်ပြီး နောက်နှစ်သင်္ကြန်ပွဲတော်အတွက် ပြုပြင်ဆောင်ရွက်နိုင်ရေး သင်ခန်းစာဖော်ထုတ်သုံးသပ်ခြင်း၊ သင်္ကြန်ပွဲတော်ကာလအတွက် လုံခြုံရေးဆိုင်ရာ မှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

❒ *ကျောဖုံးမှ*

သံချပ်အဖွဲ့များအနေဖြင့် သင်္ကြန်အတက်နေ့ညနေတွင် ရန်ကုန်မြို့တော် ဗဟိုရေကစားမဏ္ဍပ်၌ လာရောက်ဖျော်ဖြေမည်ဖြစ်သည်။

ယိမ်းပြိုင်ပွဲများအဖြစ် ၁၂ ဦးယိမ်း (မူကြိုကျောင်းများ)၊ ၁၂ ဦးယိမ်း (ကျောင်းများ)၊ ၁၂ ဦးယိမ်း (ရုံး၊အခြား)၊ ၁၆ ဦးယိမ်း (ကျောင်းများ)၊ ၁၆ ဦးယိမ်း (ရုံး၊ အခြား)၊ ၂၀ ဦးယိမ်း (အလွတ်တန်း)၊ ၁၂ ဦးယိမ်း (ကျား၊ အလွတ်တန်း)၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့တို့က ပါဝင်ယှဉ်ပြိုင် ဖျော်ဖြေသွားမည်ဖြစ်သည်။

ယိမ်းပြိုင်ပွဲများကို သင်္ကြန်အကြိုနေ့ နံနက်ပိုင်းမှစတင်၍ မနက်ပိုင်းနှင့် ညနေပိုင်းဟူ၍ တစ်ရက်လျှင် နှစ်ကြိမ် ယှဉ်ပြိုင်ဖျော်ဖြေသွားမည်ဖြစ်ပြီး ပွဲစဉ်တစ်လျှောက် ယှဉ်ပြိုင်ဖျော်ဖြေမှုများကို အကဲဖြတ်လုပ်ငန်းကော်မတီမှ ဒိုင် ခြောက်ဦးက အမှတ်ပေးစည်းမျဉ်း ငါးမျိုးဖြင့်အကဲဖြတ်၍ အတက်နေ့ ညနေပိုင်းတွင် ဆုများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်နှစ်က ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ယိမ်းအဖွဲ့ ၅၀ ရှိပြီး အမျိုးအစားအလိုက် ဆုရရှိသူများကို ဆုကြေးငွေအဖြစ် ပထမဆုငွေကျပ် ငါးသိန်း၊ ဒုတိယဆုငွေကျပ် လေးသိန်း၊ တတိယဆု ငွေကျပ်နှစ်သိန်းနှင့် ဆုမရရှိသောအဖွဲ့များကို ငွေကျပ်တစ်သိန်းစီ ချီးမြှင့်ခဲ့သည်။

ယခုနှစ်တွင် ပါဝင်ယှဉ်ပြိုင်မည့် ယိမ်းအဖွဲ့ ၅၈ ဖွဲ့ရှိပြီး ဆုအလိုက်ချီးမြှင့်မည့် ဆုကြေးငွေများကို လတ်တလောတွင် ထုတ်ပြန်ကြေငြာထားခြင်းမရှိသေးကြောင်း သိရသည်။

ယခင်နှစ်များက ရန်ကုန်သင်္ကြန်တွင် အခကြေးငွေဖြင့် ရေကစားခွင့်ပြုသည့် သင်္ကြန်ရေကစားမဏ္ဍပ်များကို တည်ဆောက်ခွင့်ပြုခဲ့သော်လည်း ယခုအစိုးရသစ်လက်ထက်တွင် အဆိုပါမဏ္ဍပ်များကို ဆောက်လုပ်ခွင့်မပြုတော့ဘဲ မိသားစုရေကစားမဏ္ဍပ်များနှင့် ကုမ္ပဏီအလိုက် ဆောက်လုပ်သည့် ရေကစားမဏ္ဍပ်များကိုသာ ဆောက်လုပ်ခွင့်ပြုခဲ့သည်။

ထို့အပြင် ယခင် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ကို ရန်ကုန်မြို့တော် ဗဟိုမဏ္ဍပ်အဖြစ် အမည်ပြောင်းလဲ သတ်မှတ်ခေါ်ဝေါ်ခဲ့ကြောင်း သိရသည်။

✻ *ကျောဖုံးမှ*

ထုတ်ဝေသွားမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)မှ ထုတ်ဝေလျက်ရှိသည့် မန္တလေးကဏ္ဍစာမျက်နှာကိုလည်း သင်္ကြန်ရုံးပိတ်ရက်ကာလများဖြစ်သည့် ဧပြီ ၁၃၊ ၁၆၊ ၂၀ ရက်တို့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ ထုတ်ဝေလျက်ရှိသည့် တိုင်းရင်းသားဘာသာအချပ်ပိုကို ဧပြီ ၁၇ ရက်နေ့တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး ရုံးပိတ်ရက်ကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်သည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိလက်ခံပေးသွားမည်ဖြစ်ပြီး ဧပြီ ၂၁ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။

(သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)

သမိုင်းတွင်၊ ဂုဏ်ယူရမည့် မိန့်ခွန်း

ကျော်ကျော်လှိုင်(SMART)

၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ရွေးချယ်တင်မြှောက်ခံရသည့် နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်သည် ပြည်ထောင်စုလွှတ်တော်တွင် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် နိုင်ငံတော်သမ္မတအဖြစ် မိန့်ခွန်းပြောကြားခဲ့ပါသည်။

မိန့်ခွန်းသည် တိုတောင်းသော်လည်း ရှင်းလင်းပြတ်သားပြီး အစိုးရအဖွဲ့အသစ် လုပ်ဆောင်မည့် အစီအစဉ်များကို ပြည်သူကိုအသိပေးခဲ့ပါသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၁၅၀ ကျော်၊ ၁၈၆၃ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် အမေရိကန်နိုင်ငံ ဂက်တီးစ်ဘတ် (Gettysburg) တွင် ပြောခဲ့သည့် အမေရိကန်သမ္မတ အေဘရာဟမ်လင်ကွန်း၏ မိန့်ခွန်းသည် နှစ်မိနစ်ကျော်သာ ကြာပါသည်။ ယနေ့တိုင် ကမ္ဘာကျော်နေသော မိန့်ခွန်းဖြစ်ပါသည်။

နှစ်မိနစ်ကျော်ကျော်သာကြာသော မိန့်ခွန်းတွင် အမေရိကန်ပြည်ထောင်စုကြီး ရေရှည်တည်တံ့ရန် လွတ်လပ်မှုနှင့်ညီမျှမှု အရေးကြီးကြောင်းကိုပြောကြားသွားခဲ့ပါသည်။

နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်၏ မိန့်ခွန်းသည် နှစ်မိနစ်ပင် မကြာသော်လည်း ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲရလဒ်ကြောင့် ဖြစ်ထွန်းလာသော ဒုတိယ အကြိမ်လွှတ်တော်နှင့် အစိုးရအဖွဲ့များသည် -

(၁) အမျိုးသားရင်ကြားစေ့ရေး၊
(၂) ပြည်တွင်းငြိမ်းချမ်းရေး၊
(၃) ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ဖြစ်ပေါ်ရေးကိုရှေးရှုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ပေါ်ပေါက်ရေး၊
(၄) ပြည်သူလူထုအများစု၏ လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မာရေး

တို့ကိုအကောင်အထည်ဖော်သွားမည့် မူဝါဒများကို ရှင်းလင်းပြောကြားခဲ့ပါသည်။

အမျိုးသားရင်ကြားစေ့ရေး

ကျွန်တော်တို့နိုင်ငံတွင် လွတ်လပ်ရေးမရမီကစ၍ သဘောထားကွဲလွဲမှုများမှ စတင်အခြေတည်ခဲ့သော လက်နက်ကိုင်အဖွဲ့အစည်းများသည် ယနေ့တိုင်ရှိနေဆဲဖြစ်ပါသည်။

တစ်ဖက်နှင့်တစ်ဖက်ကြားရှိ ပဋိပက္ခများကိုနှစ်ပေါင်း ၆၀ ကျော် လက်နက်ကိုင်ကာ ဖြေရှင်းခဲ့ခြင်းကြောင့် တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုများလျော့နည်းနေပါသည်။ မြန်မာနိုင်ငံ၏ ကြွယ်ဝသော သဘာဝသယံဇာတများကို နှစ်ပေါင်းများစွာ စီမံခန့်ခွဲမှုအားနည်းစွာဖြင့် ထုတ်ယူခဲ့ခြင်း၊ အဂတိလိုက်စားခြင်း၊ တရားဥပဒေစိုးမိုးမှု အားနည်းခြင်းတို့ကလည်း အစိုးရနှင့်ပြည်သူ၊ တပ်နှင့်ပြည်သူ၊ ငွေကြေးချမ်းသာသည့် လုပ်ငန်းရှင်ကြီးများနှင့် ပြည်သူတို့ကြား ယုံကြည်မှုများ ကင်းမဲ့ကာ တစ်ဖက်နှင့်တစ်ဖက် ရန်သူသဖွယ် ဖြစ်လာပါသည်။

အစိုးရနှင့် ပြည်သူ၊ တပ်နှင့်ပြည်သူ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ပြည်သူတို့ကြား ယုံကြည်မှုများ ပြန်လည်တည်ဆောက်နိုင်ပြီး တစ်ဦး၏ ကောင်းကျိုးကို တစ်ဦးကလိုလားမှသာ တိုင်းပြည်အေးချမ်းသာယာပြီး ပြည်သူလူထုအများစု၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသားရင်ကြားစေ့ရေးသည် ကျွန်တော်တို့နိုင်ငံအတွက် အလွန်အရေးကြီးပါသည်။ အမျိုးသားရင်ကြား စေ့ရေးကို အရေးကြီးသည့် မူဝါဒအဖြစ် သဘောထားသည်ကို ကြိုဆိုပါသည်။

တစ်ဦး၏ ကောင်းကျိုးကို တစ်ဦးက လိုလားမှသာ တိုင်းပြည်အေးချမ်းသာယာပြီး ပြည်သူလူထုအများစု၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသားရင်ကြားစေ့ရေးသည် ကျွန်တော်တို့နိုင်ငံအတွက် အလွန်အရေးကြီးပါသည်။ အမျိုးသားရင်ကြားစေ့ရေးကို အရေးကြီးသည့် မူဝါဒ အဖြစ် သဘောထားသည်ကို ကြိုဆိုပါသည်

ပြည်တွင်းငြိမ်းချမ်းရေး

ဦးသိန်းစိန် ဦးဆောင်သော အစိုးရလက်ထက်တွင် လက်နက်ကိုင်အဖွဲ့အစည်းရှစ်ခုနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့သော်လည်း စာချုပ်မချုပ်နိုင်သေးသည့် လက်နက်ကိုင်အဖွဲ့များ ကျန်ရှိနေပါသေးသည်။ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးနှင့် အပစ်အခတ်ရပ်စဲရေးစာချုပ် ရေးထိုးနိုင်ရန် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဦးဆောင်သော အစိုးရအဖွဲ့မှာ ဆက်လက်ကြိုးပမ်းရပါဦးမည်။

အပစ်အခတ်ရပ်စဲပြီးနောက် နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်မှသာ ပြည်တွင်းငြိမ်းချမ်းရေး အပြည့်အဝရရှိမည်ဖြစ်ပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးအရေးကြီးကြောင်းကို နိုင်ငံတော်သမ္မတကြီးက ကောင်းစွာနားလည်သဘောပေါက်၍ ဖော်ဆောင်မည့် မူဝါဒတွင် ထည့်သွင်းခဲ့ခြင်းကို ကြိုဆိုပါသည်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးကို ရှေးရှုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုပေါ်ပေါက်ရေး

ကျွန်တော်တို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်သည့် ပြည်ထောင်စုကြီးဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ နေထိုင်သည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် တန်းတူညီမျှဖြစ်ရန် လိုအပ်ပါသည်။ ညီမျှမှုရှိမှသာ အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးလည်း အောင်မြင်နိုင်ပါမည်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကသာ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားအားလုံး သာတူညီမျှမှုကို ရရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်ရေးကို ရှေးရှုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ပေါ်ပေါက်ရန် အလွန်အရေးကြီးပါသည်။ ဤအချက်ကို အရေးကြီးသည့် မူဝါဒအဖြစ် ဖော်ဆောင်မည်ဆို၍ ကြိုဆိုပါသည်။

ပြည်သူလူထုအများစု၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေး

နိုင်ငံတော်သမ္မတကြီး ပြောကြားသွားသော မူဝါဒလေးခုတွင် ပြည်သူလူထုအများစု၏ လူနေမှုဘဝအဆင့်အတန်းမြင့်မားရေးသည် ပြည်သူအများစုမျှော်လင့်တောင့်တနေသည့် ဆန္ဒဖြစ်ပါသည်။ ဤဆန္ဒကို အရေးကြီးသည့် မူဝါဒအဖြစ် နိုင်ငံတော်သမ္မတကြီးက သတ်မှတ်၍ ပြည်သူများကိုယ်စား ဝမ်းသာကြိုဆိုပါသည်။ ပြည်သူလူထုအများစု၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေးအတွက် နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော် ဦးဆောင်သော ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ပါအချက်များကို အမြန်ဆုံးအကောင်အထည်ဖော်သင့်ကြောင်းကို ပြည်သူတစ်ယောက်အနေဖြင့် ရိုးသားစွာဆန္ဒပြုပါသည်။

၁။ တရားဥပဒေစိုးမိုးရေး၊
၂။ လာဘ်ပေးလာဘ်ယူကင်းရှင်းပပျောက်ရေး၊
၃။ အစိုးရဌာနများနှင့် ဆက်ဆံဆောင်ရွက်ရာတွင် ပြည်သူများအတွက် (One Stop Service) လွယ်ကူချောမွေ့အောင် စီစဉ်ပေးခြင်း၊
၄။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်နိုင်အောင် စီမံဆောင်ရွက်ခြင်း၊
၅။ အသေးစားနှင့် အလတ်စား တိုင်းရင်းသားလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတတ်အောင် စီမံပေးခြင်း၊
၆။ ရာသီဥတု၏ ထိုးနှက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုအားနည်းခြင်းကြောင့် ရောဂါဘယများ၏ ထိုးနှက်မှုကို ခံစားနေရသော ကျေးရွာနေပြည်သူများကို အာမခံစနစ်များ (ဥပမာ၊ ကျန်းမာရေးအာမခံ၊ ရာသီဥတုအာမခံ) ဖြင့် အကာအကွယ်ပေးခြင်း၊
၇။ ပြည်သူတစ်ဦးချင်းစီ၏ အရည်အသွေးများ တိုးတက်လာစေရန် အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများ နိုင်ငံအနှံ့ဖွင့်လှစ်ခြင်း။

နိဂုံးချုပ်တွင် နိုင်ငံတော်သမ္မတကြီးက နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာဆိုခဲ့ခြင်းကို ထိန်းသိမ်းစောင့်ရှောက်မည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဖြစ်ပေါ်ရေးအတွက် စိတ်ရှည်သည်းခံရမည်ဖြစ်ကြောင်းနှင့် ပြည်သူများ၏ မျှော်လင့်ချက်များ၊ ဆန္ဒများ ပြည့်ဝစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့ပါသည်။

နှစ်မိနစ်ကျော်သာကြာသော အမေရိကန်သမ္မတ အေဘရာဟမ်လင်ကွန်း၏ ဂက်တီးစ်ဘတ် မိန့်ခွန်းသည် ကမ္ဘာပေါ်တွင် ဒီမိုကရေစီအထွန်းကားဆုံးနှင့် ကမ္ဘာ့အင်အားအကြီးဆုံး အမေရိကန်နိုင်ငံ ဖြစ်ပေါ်လာမှု၏ အစဟု ဆိုနိုင်ပါသည်။ နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်၏ နှစ်မိနစ်ပင်မကြာသောမိန့်ခွန်းကိုလည်း အာဆီယံနှင့် ကမ္ဘာ့အလယ်တွင် ချမ်းသာကြွယ်ဝ၍ ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် မြန်မာနိုင်ငံဖြစ်ပေါ်လာမည့် သမိုင်းအစမိန့်ခွန်းအဖြစ် ဂုဏ်ယူစွာမှတ်တမ်းတင်လိုက်ပါသည်။ ။

စာရင်းဇယားမှန်မှ တိုင်းပြည်မည်မျှဖွံ့ဖြိုးတိုးတက်သည်ကို အမှန်မြင်ရမည်

နေပြည်တော် မေ ၇

တိုင်းပြည်တွင် စာရင်းရှိရန်၊ စာရင်းမှန်ကန်ရန် အရေးကြီးကြောင်း၊ နိုင်ငံ့စာရင်းမှန်မှ တိုင်းပြည်သည် မည်မျှဖွံ့ဖြိုးတိုးတက်သည်ကို အမှန်မြင်ရမည်ဖြစ်ကြောင်း၊ စာရင်းမှန်မှ ရသင့်သည့် အခွန်များရပြီး တိုင်းပြည်တိုးတက်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် အစိုးရကဏ္ဍ စာရင်းများကို အဓိကထား စစ်ဆေးရသော်လည်း မြန်မာနိုင်ငံ စာရင်းကောင်စီသည် ကိုယ်ပိုင်စာရင်းလုပ်ငန်း လုပ်ကိုင်သူများကို ကြီးကြပ်ရ၍ ယင်းမှတစ်ဆင့် ပုဂ္ဂလိကကဏ္ဍ စာရင်းမှန်ရန်လည်း အရေးကြီးပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိကင်းရှင်းကြရန်၊ ဘက်လိုက်ဆောင်ရွက်မှုမျိုး ကင်းရှင်းကြရန်ဖြစ်ကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းသည် ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် နေပြည်တော် စာရင်းစစ်ရုံးတို့မှ အရာရှိများအား တွေ့ဆုံပွဲတွင် ပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ ဝန်ထမ်းများအနေဖြင့် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းတာဝန်အရ လုပ်ကိုင်ဆောင်ရွက်ရာတွင် အပြန်အလှန်လေးစားမှုဖြင့် ညီညီညွတ်ညွတ်၊ တိုင်တိုင်ပင်ပင်၊ ညှိညှိနှိုင်းနှိုင်း ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ချက်ချင်း၊ အရေးကြီးစသည့်ကိစ္စများကို ချင့်ချိန်စိစစ်၍ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အစိုးရစာရင်းထားနည်းတွင် Cash Basis မှ Accural Basis သို့ ပြောင်းလဲရေးဆွဲရန် မိမိတို့ရုံးမှ ကမကထပြုပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ရောဝတီမြစ်ရေ လက်ရှိရေမှတ်များထက် မြင့်တက်နိုင်

နေပြည်တော် မေ ၇

ဧရာဝတီမြစ်ရေသည် မေ ၇ ရက် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ မြစ်ကြီးနားမြို့၌ ၄၅၀ စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး ၃၆ နာရီအတွင်း ခုနစ်ပေခွဲခန့်နှင့် ဗန်းမော်မြို့၌ ၂၄ နာရီအတွင်း တစ်ပေခွဲခန့် မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်း၌ မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်မှ သုံးရက်အတွင်း ဗန်းမော်မြို့နှင့် ကသာမြို့တို့၌ သုံးပေခွဲမှ ငါးပေခွဲခန့်၊ နောက်သုံးရက်မှ ခုနစ်ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့၌ သုံးပေမှ လေးပေခွဲခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့်ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများ၌ စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

အများအားဖြင့် သာယာမည်

နေပြည်တော်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

(မိုး/ဇလ)

နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများရရှိစေရန်အတွက် ကနေဒါအစိုးရ အကူအညီပေးမည်

သတင်း - မြတ်သန္တာမောင်၊ မြတ်စန္ဒီသင်းဇော်
ဓာတ်ပုံ - ရဲထွဋ်

ရန်ကုန် ဧပြီ ၇

ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ စတီဖင်ဒီရွန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညပိုင်းတွင် နေပြည်တော်မှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိပြီး ခရီးစဉ်နှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ချက်ထရီယံဟိုတယ်၌ ကျင်းပသည်။

ကနေဒါ နိုင်ငံခြားရေးဝန်ကြီးက နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများသည် အရေးပါသည့် ကဏ္ဍမှ ပါဝင်နေသည်။ လွတ်လပ်ပြီး မျှတသည့် တရားစီရင်ရေးစနစ်ရှိမှသာလျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်မည်ဖြစ်သည်။ထို့ကြောင့် တရားစီရင်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်း ကနေဒါအစိုးရက အကူအညီပေးသွားမည်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

၎င်း၏ သတင်းစာရှင်းလင်းပွဲတွင် “ကနေဒါလူထုရဲ့ကိုယ်စား အခုလိုလာရောက်တဲ့အတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူပါတယ်။ မြန်မာနိုင်ငံရဲ့ အင်မတန်သတ္တိရှိလှတဲ့ပြည်သူလူထုကို အပြည့်အဝထောက်ခံကြောင်း ပြသချင်တဲ့အတွက် လာရောက်ခြင်း ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း ဒီမိုကရေစီနဲ့ တရားဥပဒေစိုးမိုးရေးလမ်းစဉ်ကို ခိုင်ခိုင်မာမာ ရွေးချယ်လျှောက်လှမ်းခဲ့ပါတယ်။ ကနေဒါက မြန်မာ့ဒီမိုကရေစီစနစ်ကို ထောက်ခံမယ်။ ပံ့ပိုးမယ်ဆိုတာ စကားနဲ့တင်မကဘဲ အလုပ်နဲ့ပါ သက်သေပြမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံကို ကနေဒါဒေါ်လာ ၄၄ သန်း ထောက်ပံ့သွားမှာဖြစ်ပါတယ်။ ကမ္ဘာအနှံ့မှာရှိနေတဲ့ ဖက်ဒရယ်စနစ်သာဓကတွေကို မြန်မာ့ဖက်ဒရယ်တည်ဆောက်ရေးအတွက် အထောက်အကူဖြစ်စေဖို့ ကူညီမယ်။ သတင်းအချက်အလက်တွေရရှိပြီး အစိုးရအနေနဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်ဖို့ ကူညီသွားမှာ ဖြစ်ပါတယ်။ တတိယစီမံကိန်းက အမျိုးသမီးတွေအတွက် စိုက်ပျိုးရေးနဲ့ အသေးစား၊ အလတ်စားကဏ္ဍတွေမှာ ကူညီမယ်။ ပေါ်ပေါက်နေတဲ့ နည်းပညာအသစ်တွေ အမျိုးသမီးတွေ လက်လှမ်းမီစေဖို့ ကူညီမယ်။ အမျိုးသမီးတွေရဲ့ ကျား/မ တန်းတူညီမျှမှုကို ပံ့ပိုးကူညီမယ်” ဟု ပြောကြားခဲ့သည်။ မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ကနေဒါ နိုင်ငံခြားရေးဝန်ကြီးသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီး အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည့်အလျောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များနှင့် ပတ်သက်ပြီး အလေးအနက်ထား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အတွက် အဓိကထား ဆွေးနွေးခဲ့ကြသည်။ အကူအညီပေးရေး စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံတော်အစိုးရ၊ ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။ စီမံကိန်းများအား မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီးက ဦးဆောင်ကာ အကောင်အထည်ဖော်ဆောင်သွားမည်ဟု သိရသည်။

ကနေဒါနိုင်ငံမှ မြန်မာနိုင်ငံသို့ ပေးအပ်မည့် ပညာသင်ဆုများအတွက် ၎င်း၏ ခရီးစဉ်အပြီး ကနေဒါနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် အသေးစိတ် ညှိနှိုင်းမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာကျောင်းသားများအား ကနေဒါနိုင်ငံရှိ ကမ္ဘာ့အဆင့်မီ တက္ကသိုလ်များတွင် ပညာသင်ဆုများ ပေးအပ်သွားနိုင်ရန် စီမံဆောင်ရွက်သွားမည်ဟု ၎င်းက သတင်းစာရှင်းလင်းပွဲတွင် ကတိပြုပြောကြားခဲ့သည်။

အဝေးပြေးယာဉ်လိုင်းများ လက်မှတ်ခဈေးမြှင့်ရောင်းနေမှု ကြပ်မတ်ပေးရန်လိုလား

ရန်ကုန် ဧပြီ ၇

ဝန်ထမ်းအများစုနှင့် အများပြည်သူများ မဟာသင်္ကြန်ကာလ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် မိမိတို့ မွေးရပ်ဇာတိ ဒေသအသီးသီးကိုပြန်ကာ မိဘဆွေမျိုးညာတိများနှင့်တွေ့ဆုံရန် ခရီးသွားလက်မှတ်ဝယ်ယူရာတွင် နှစ်စဉ်ကြုံတွေ့နေကျအတိုင်း ယခုနှစ်တွင်လည်း အဝေးပြေးကားဂိတ်အသီးသီးသည် ခရီးသွား လက်မှတ်ခများကို သတ်မှတ်ဈေးနှုန်းထက် မြှင့်တင်ရောင်းချနေမှုကြောင့် အခက်အခဲများစွာနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

အဝေးပြေးယာဉ်လိုင်းများကို မဟာသင်္ကြန်ကာလ ယာဉ်လိုင်းလက်မှတ်ခများ သတ်မှတ်ဈေးနှုန်းထက်ပိုမရောင်းရန် ကြီးကြပ်ထားသော်လည်း လက်မှတ်ခများကို ယာဉ်လိုင်းဂိတ်အသီးသီး၏ ပါးစပ်ဈေးနှုန်းများအတိုင်း ဝယ်ယူနေရသည့် အခက်အခဲများကို ကြုံတွေ့နေရကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အဝေးပြေးယာဉ် စခန်းနှစ်ခုလုံးတွင် ဂိတ်အသီးသီးက လက်မှတ်ခ တိုးမြှင့်ရောင်းချနေကြခြင်းဖြစ်ပေါ်နေပြီး တစ်ရက် ကြိုတင်ရောင်းမည်ဆိုသော်လည်း သွားမေးလျှင် လက်မှတ်ကုန်ပြီဟုသာ ဖြေကြားမှုရှိနေကြောင်း၊ သို့ရာတွင် ဂိတ်မှတာဝန်ရှိသူများနှင့်အနီးအနားရှိ လက်မှတ်ပွဲစားများ၏ “တိုးတိုးဈေး” ဖြင့်မူ လွယ်လင့်တကူ ဝယ်ယူရရှိကြောင်း သိရသည်။

အောင်မင်္ဂလာအဝေးပြေးမှာ လက်မှတ်ကြိုတင်ဝယ်ရာ ကုန်ပြီပြောကြောင်း၊ ပုံမှန်ဈေးငွေကျပ် ၆၀၀၀ ကို ၁၂၀၀၀ ခန့်ဈေးပေါက်နေကြောင်း၊ မိမိတို့က မိသားစုပြန်မည်ဖြစ်သဖြင့် အဆင်မပြေဖြစ်နေကြောင်း၊ အဝေးပြေးယာဉ်လိုင်းကော်မတီမှ တာဝန်ရှိသူများ အဝေးပြေးဝင်းမှာ ကွင်းဆင်းရုံးထိုင်ပြီး ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ လှိုင်သာယာ ဒဂုံ-ဧရာကားဝင်းမှာ မြန်အောင်မှလာသော ဈေးကားများဖြင့် သွားရမလိုဖြစ်နေကြောင်း မြန်အောင်ပြန်မည့် ဝန်ထမ်းတစ်ဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့် စီးပွားဖြစ်သင်္ကြန်မဏ္ဍပ်များကို ပြတ်သားစွာ ပိတ်ပင်သလို ယခု အဝေးပြေးယာဉ်လိုင်းများအနေဖြင့် ဝန်ထမ်းနှင့်အများပြည်သူ ခရီးသွားများကို ငွေကြေးအခက်အခဲဖြစ်အောင် ဆောင်ရွက်နေသော အဝေးပြေး ယာဉ်လိုင်းဂိတ်များကို ပုံမှန်ဈေးဖြင့်သာ လက်မှတ်ရောင်းချရန် ကြီးကြပ်ပေးစေလိုကြောင်း သိရသည်။ (၃၄၉)

သင်္ကြန်ကာလ ယာဉ်တိုက်မှုလျော့နည်းစေရေးဟောပြော

နေပြည်တော် ဧပြီ ၇

မဟာသင်္ကြန်အကြိုကာလနှင့် သင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုနှင့် ယာဉ်အန္တရာယ်လျော့နည်းရေး ဟောပြောပွဲကို ဧပြီ ၆ ရက်က ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒက္ခိဏသီရိမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီက အမှာစကားပြောကြားပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့(နေပြည်တော်) အမှတ်(၄)တပ်ဖွဲ့စု ဒက္ခိဏသီရိမြို့နယ် တပ်ဖွဲ့စုမှူး ဒုရဲမှူးမင်းသူက သင်္ကြန်အကြိုကာလနှင့် သင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာဆောင်ရွက်ရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မော်တော်ဆိုင်ကယ် အိတ်ဇောများဖြုတ်၍ မောင်းနှင်ခြင်းမပြုရန်၊ သုံးယောက်စီး၍ ရေကစား ထွက်ခြင်း၊ လည်ပတ်ခြင်းများ မပြုလုပ်ရန် မူးယစ်သေစာသောက်စားပြီး ဆိုင်ကယ်မောင်းခြင်းမပြုရန်၊ အရက်မူးတိုင်းကိရိယာဖြင့် စစ်ဆေးအရေးယူမှုများ ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ရပ်/ကျေးအုပ်ချုပ်ရေးမှူးများအား မိမိရပ်/ကျေး အုပ်စုများတွင် အသံချဲ့စက်ဖြင့် လှုံ့ဆော်အသိပညာပေးရန် ရှင်းလင်းပြောကြားခဲ့သည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်တိုက်မှုလျော့နည်းရေးအထူးစစ်ဆေးဆောင်ရွက်

နေပြည်တော် ဧပြီ ၇

အတာသင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်တိုက်မှု လျော့နည်းစေရေးအတွက် ဧပြီ ၅ ရက် နံနက်က နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဘောဂသီရိ အဝေးပြေးယာဉ်ရပ်နားဝင်းအနီး ရာဇဌာနီလမ်းမကြီးပေါ်၌ တာဝန်ရှိအဖွဲ့များက ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးစစ်ဆေးဆောင်ရွက်မှုများပြုလုပ်ခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် နေပြည်တော် အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စု ပုဗ္ဗသီရိမြို့နယ် တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ရဲလွင်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများ၊ နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ မထသ(မြို့တွင်း)ဥက္ကဋ္ဌနှင့် ဝန်ထမ်းများက ပူးပေါင်းစစ်ဆေးသည်။ **(ယာပုံ)**

စစ်ဆေးရာတွင် မော်တော်ယာဉ်မောင်းများ၊ ဆိုင်ကယ်စီးနင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို စနစ်တကျလိုက်နာကျင့်သုံးမှုရှိစေရန် မော်တော်ယာဉ်နှင့် ယာဉ်မောင်းများ သတ်မှတ်လိုင်စင်များအား စစ်ဆေးကာ အသိပညာပေးလက်ကမ်းစာစောင်များ ပေးဝေခဲ့သည်။

နေပြည်တော်တွင် ဆိုင်ကယ်စီးနင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာကျင့်သုံးမှုနည်းပါးနေကြောင်း အများဆုံးတွေ့ရှိနေရပြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်တိုက်မှုလျော့နည်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အထူးကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အလားတူ သင်္ကြန်ကာလအတွင်း အရက်သေစာသောက်စားမူးယစ်ပြီး မောင်းနှင်ခြင်းမရှိစေရန် နေပြည်တော် မြို့နယ်များအလိုက် စည်းကမ်းပျက်ယာဉ်များ စစ်ဆေး ဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်း၊ အရက်မူးတိုင်းကိရိယာများကို တာဝန်ရှိတပ်ဖွဲ့ဝင်များကို ပေးထားပြီး ယာဉ်မောင်းများကို တိုင်းတာစစ်ဆေးကာ လိုက်နာမှုမရှိသော ယာဉ်မောင်းများအား စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း နေပြည်တော် အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ဖွဲ့စုမှူးက ပြောကြားသည်။

မျိုးဇေယျာ(ပျဉ်းမနား)၊ ဓာတ်ပုံ-သီရိခေတ်

အနုပညာရှင်တို့ရဲ့ သင်္ကြန်နှစ်သစ်ဆုတောင်းစကားသံများ

သတင်း-မြတ်စန္ဒီသင်းဇော်၊
ဓာတ်ပုံ-မွန်းဦးနဒီ၊ လူမှုကွန်ရက်

ရန်ကုန် ဧပြီ ၇

မကြာခင်ရက်ပိုင်းအတွင်း မြန်မာလူမျိုးတို့၏ နှစ်ကူးမင်္ဂလာပွဲတော်ဖြစ်သည့် မဟာအတာသင်္ကြန်ပွဲတော် ရောက်ရှိတော့မည်ဖြစ်သည်။ မြန်မာတို့၏ ပွဲတော်များအနက် ပျော်ရွှင်ဖွယ်ရာအကောင်းဆုံး ပွဲတော်တစ်ရပ်အဖြစ် လက်ခံထားသည့် မဟာသင်္ကြန်ပွဲတော်ရက်များကို စိတ်ကူးအဖုံဖုံဖြင့် ဖြတ်သန်းကြမည့် ပြည်သူချစ်အနုပညာရှင်တချို့၏ ရင်တွင်းစကားသံများနှင့်နှစ်သစ်ဆုတောင်းစကားသံများကို ဖော်ပြလိုက်ပါသည်။

နီနီခင်ဇော်

အိမ့်ချစ်

ဝန

သျှားထွဋ်အိန္ဒြာ

နီနီခင်ဇော်

ဒီနှစ်သင်္ကြန်မှာ နီနီက မန္တလေးမြို့က Alpine မဏ္ဍပ်မှာ ဖျော်ဖြေဖို့ရှိပါမယ်။ ဆိုမှာက နီနီ့ သီချင်းတွေရယ် နောက်ပြီးသင်္ကြန်သီချင်းတချို့ရယ် ဖျော်ဖြေသွားမှာပါ။ သင်္ကြန်မတိုင်ခင်တော့ ရှိုးပွဲတွေ တောက်လျှောက်ဆိုဖြစ်နေပါတယ်။ နောက် နီနီရဲ့အနီရောင် MTV ခွေ ထွက်ဖို့ရှိပါတယ်။

ပရိသတ်ကြီးကို ပြောချင်တာကတော့ ဒီသင်္ကြန်ကာလမှာ ရာသီဥတုဒဏ်ကြောင့် ပရိသတ်တွေ တစ်ခုခုဖြစ်မှာ စိုးရိမ်ပါတယ်။ အားလုံး ဒီနှစ်သင်္ကြန်ကာလအတွင်း ကိုယ့်ကိုယ်ကို ဂရုစိုက်ပေးကြပါ။

အိမ့်ချစ်

ဒီနှစ်ကတော့ ရန်ကုန်မှာပဲ ဖျော်ဖြေဖို့ရှိတယ်။ နေရာကတော့ ပြည်လမ်း Myanmar Event Park ရှေ့က ကိုကာကိုလာမဏ္ဍပ်မှာပါ။ အိမ့်ချစ်က ကိုကာကိုလာ Ambassador ဖြစ်တာကြောင့် သင်္ကြန်အကြိုနေ့ကနေ အတက်နေ့အထိ အဲဒီမှာပဲရှိနေမှာပါ။ လောလောဆယ်တော့ အိမ့်ချစ်ရဲ့တတိယအခွေ ထွက်နိုင်အောင်စီစဉ်နေတယ်။

သင်္ကြန်ကာလမှာ ပရိသတ်ကြီး ကျန်းမာပျော်ရွှင်ပါစေ။ အန္တရာယ်ကင်းဘေးရှင်းစွာနဲ့ ပျော်ရွှင်နိုင်ကြပါစေ။

ဝန

ကျွန်တော်က ရန်ကုန် ၁၉လမ်းက Skynet မဏ္ဍပ်မှာ ဆိုဖို့ပြောထားတာတော့ရှိပါတယ်။ အခုအဲ့ဒီမဏ္ဍပ်က နာမည်ပြောင်းထားတယ်လို့ သိရတယ်။ သင်္ကြန်မှာ ပရိသတ်ကြီးအတွက် ဆုတောင်းပေးလိုတာကတော့ လိုအင်ဆန္ဒများ ပြည့်ဝကြပါစေ။

သျှားထွဋ်အိန္ဒြာ

သျှားထွဋ်ဒီနှစ်သင်္ကြန်မှာ မဏ္ဍပ်ထိုင်ဖြစ်ပါမယ်။ ရန်ကုန်မြို့ပြည်လမ်းက TMF မဏ္ဍပ်မှာရှိမှာပါ၊ အခုကတော့ Miss Universe Myanmar ကလွတ်တဲ့ပွဲတွေကို တာဝန်ယူပေးနေပါတယ်။ မဂ္ဂဇင်းကာဗာတွေရိုက်ဖြစ်တယ်။ သင်္ကြန်နားနီးတော့ အလုပ်တွေတော့ နည်းနည်းများလာတယ်။ ပရိသတ်ကြီး ဒီနှစ်သစ်မှာ ချမ်းမြေ့ပျော်ရွှင်တဲ့ဘဝတွေကို ကောင်းမွန်စွာ လျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

ဂုဏ်ရည်အေးကျော်

ဒီနှစ် သင်္ကြန်ရက်တွေအတော အတွင်းမှာ ဂုဏ်ရည်တရားစခန်းဝင်ဖို့ရှိပါတယ်။ လတ်တလောအနေနဲ့ ကုမ္ပဏီဖွင့်ပွဲအပါအဝင် အခမ်းအနားပွဲတွေမှာ ပွဲစီစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်နေပါတယ်။

ပရိသတ်ကြီးကို ပြောလိုတာက ရိုးရာသင်္ကြန် အစဉ်အလာမပျက်ဘဲ ထိန်းထိန်းသိမ်းသိမ်းနဲ့ ပျော်ဖို့၊ နောက်ပြီး အခုမြန်မာတစ်နိုင်ငံလုံးမှာ

ဝိုင်းစုခိုင်သိန်း

ရေချိုတွေ ရှားပါးနေတဲ့အပေါ်မှာ ရိုးရာအတိုင်းပဲပျော်ရွှင်ဖို့နဲ့ နှစ်သစ်မှာ ပျော်ရွှင်စရာအခွင့်အလမ်းတွေ ရယူပိုင်ဆိုင်နိုင်ကြဖို့ ဆန္ဒပြုပါတယ်။

ခင်ဝင့်ဝါ

ဒီနှစ်သင်္ကြန်မှာ တရားစခန်းဝင်ဖို့ စီစဉ်ထားပါတယ်။ အခုလတ်တလောမှာ မဂ္ဂဇင်းကာဗာတွေ ကြော်ငြာတွေ ရိုက်ကူးနေပါတယ်။ ဇာတ်ကားရိုက်ကူးတဲ့အရေအတွက်က ၅၀ လောက်ရှိပါပြီ။

သင်္ကြန်ကာလမှာ ပရိသတ်တွေ

ဂုဏ်ရည်အေးကျော်

ခင်ဝင့်ဝါ

စိုးနန္ဒာကျော်

နန်းခင်ဇေယျာ

စိတ်ချမ်းသာပျော်ရွှင်စွာနဲ့ ဖြတ်သန်းနိုင်ပါစေ။ ရောဂါဘယတွေ ကင်းဝေးကြပါစေ။

စိုးနန္ဒာကျော်

ဒီနှစ်ကတော့ သင်္ကြန်ကို ရန်ကုန်မှာ ကျဖြစ်မလား၊ မန္တလေးမှာ ကျဖြစ်မလားဆိုတာ မသေချာသေးဘူး

မာကို

ဖြစ်နေတယ်။ ခုလတ်တလောမှာ လာမယ့် ဇူလိုင်လလောက်မှာ ထွက်ဖြစ်မယ့် ညီမရဲ့တစ်ကိုယ်တော်ခွေအတွက် MTV ရိုက်နေပါတယ်။ ယာယီပေးထားတဲ့ ခေါင်းစဉ်ကတော့ စိတ်မကောက်ကြေးဖြစ်ပါတယ်၊ ခုရိုက်ကူးထားတာကတော့ အွန်လိုင်းပေါ်ကစနိုက်ကြော်ဆိုတဲ့ ဗီဒီယိုဇာတ်ကားပါ။

သင်္ကြန်မှာ နှစ်ဟောင်းကအညစ်အကြေးတွေကို ဆေးကြောသန့်စင်ပြီးတော့ ညီအစ်ကိုမောင်နှမစိတ်နဲ့ အားလုံး ချစ်ချစ်ခင်ခင်ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။

နန်းခင်ဇေယျာ

သင်္ကြန်မှာက နန်းခင်က မန္တလေးမြို့ Alpine မဏ္ဍပ်မှာရှိမှာပါ။ နန်းခင်ရဲ့သီချင်းတွေဖြစ်တဲ့ Non

ထွန်းရတီ

stop ခွေထဲက သီချင်းတွေရော အခြားသင်္ကြန်တေးသီချင်းတွေကိုပါဖျော်ဖြေသွားဖို့ရှိပါတယ်။ ရာသီဥတုကပူတော့ ရာသီဥတုဒဏ်လည်း ခံနိုင်မယ့်ဝတ်စုံမျိုး အရောင်တောက်တောက်လေးတွေ ဝတ်ဖို့ရှိပါမယ်။ လတ်တလောအနုပညာလှုပ်ရှားမှုက စုံထောက်ရှားလော့ဆိုတဲ့ ဗီဒီယိုဇာတ်ကား ရိုက်ကူးနေပါတယ်။ ဆည်းဆာရိပ်မြုံ ဘိုးဘွားရိပ်သာအတွက် ပရဟိတရန်ပုံငွေပွဲမှာ ပြဇာတ်တွေတိုက်ဖို့ရှိပါတယ်။ နယ်မှာလည်းသီချင်းဆိုဖို့ရှိပါတယ်။ ပြောချင်တာကတော့ အပျော်မလွန်ကြပါနဲ့။ ရာသီဥတုကလည်း ပူပြင်းလာပြီဆိုတော့ ရာသီဥတုကိုလိုက်ပြီး ဝတ်စားဆင်ယင်ကြပါ။

ဝိုင်းစုခိုင်သိန်း

ခုမော်လမြိုင်မှာ သီချင်းသွားဆိုနေပါတယ်။ ပြန်လာရင်ချောင်းသာကိုသွားဖို့ရှိပါတယ်။ သင်္ကြန်ကတော့ ရန်ကုန်ပြည်လမ်းက MPT မဏ္ဍပ်မှာ ရှိပါမယ်။ ပရိသတ်ကြီး သင်္ကြန်ကာလမှာ ဘေးအန္တရာယ်ကင်းရှင်းစွာနဲ့ ပျော်ရွှင်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

မာကို

ဒီနှစ်သင်္ကြန်ကတော့ ရန်ကုန်

ဘုန်နီဖြိုး

မှာပဲရှိပါမယ်။ သီးသန့်ဖျော်ဖြေသွားဖို့တော့မရှိဘူး။ လတ်တလောအနေနဲ့ မဂ္ဂဇင်းကာဗာနဲ့ MTV သီချင်းတွေ ရိုက်ထားတာရှိပါတယ်။ အနုပညာကို ကျွန်တော်တတ်စွမ်းသရွေ့ လုပ်ကိုင်ဆောင်ရွက်သွားမှာပါ။ သင်္ကြန်မှာ ပရိသတ်တွေ ပျော်တော့လည်း ပျော်တာပေါ့ပျက်တာတော့မဖြစ်စေချင်ဘူး။ မြန်မာ့ရိုးရာ သင်္ကြန်ကာလတစ်လျှောက်လုံးအန္တရာယ်ကင်းကင်းနဲ့ ပြီးဆုံးစေချင်ပါတယ်။

ထွန်းရတီ

ဒီနှစ်သင်္ကြန်တော့ မန္တလေးမှာရှိပါမယ်။ သီချင်းကတော့ ညီမဆိုထားတဲ့ ဒါမျိုးကျပက်တယ်။ သင်္ကြန်ရေစိုနေတဲ့ တယ်လီဖုန်းဆိုတဲ့ သီချင်းလေးတွေအပြင် တစ်ခြား သီချင်းလေးတွေပါ ဖျော်ဖြေသီဆိုသွားမှာပါ။ လက်ရှိကတော့မြဝတီဘက်မှာ သီချင်းဆိုဖို့ရောက်နေပါတယ်။ ဧရာဝတီတိုင်းမှာလည်း သီဆိုသွားဖို့ရှိတယ်။ မကြာခင်ကထွက်ရှိထားတဲ့ ချစ်ပြီးသား ပါဆိုတဲ့ခွေကို MTV ထုတ်ဖို့စီစဉ်နေပါတယ်။ ဆုတောင်းစကားကတော့ နှစ်ကူးရယ်မှုမဟုတ်ပါဘူး။ လူသားတွေအားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတွေနဲ့ ပြည့်စုံပါစေ။

ဘုန်နီဖြိုး

သင်္ကြန်ကာလအတွင်းမှာတော့ ရန်ကုန်မှာပဲရှိမှာပါ။ အခု Charm ဇာတ်လမ်းတွဲ ပထမပိုင်းရိုက်ကူးထားတယ်။ သင်္ကြန်အပြီးမှာ ဒုတိယပိုင်းကို ဆက်ရိုက်သွားဖို့အစီအစဉ်ရှိပါတယ်။ သီချင်းက One Man Show အခွေထွက်ဖို့စီစဉ်နေတယ်။ ဧပြီ ၁၀ ရက် စိုင်းစိုင်းခမ်းလှိုင်မွေးနေ့ရှိုးပွဲမှာလည်း ဆိုဖို့ရှိတယ်။ သင်္ကြန်ကာလ ဆုတောင်းစကားကတော့ နှစ်သစ်မှာအစိုးရသစ်နဲ့ စည်းကမ်းတကျ နေထိုင်သွားဖို့ ဆုတောင်းပါတယ်။ အားလုံး ပျော်ရွှင်ကြပါစေ။ ။

ရွှေတိဂုံစေတီတော်မြတ်ကြီး၌ နှစ်သစ်မင်္ဂလာအခမ်းအနားများ ကျင်းပမည်

ရန်ကုန် ဧပြီ ၇

၁၃၇၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်(ဧပြီ ၁၇ ရက်၊ တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ စေတီတော်ဂေါပကအဖွဲ့က ဦးဆောင်ကာ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် နှစ်သစ်ဦးမင်္ဂလာအခမ်းအနားများကို စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ သတ်မှတ်ချိန်များအတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်ဆန်းတစ်ရက် နံနက် ၅ နာရီတွင် စေတီတော်ရင်ပြင်တောင်ဘက်ဆည့်ခံတန်ဆောင်း၌ စေတီတော်မြတ်ကြီးအား ဆွမ်း၊ သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်များဖြင့် ကပ်လှူပူဇော်ကြပြီး နံနက် ၅ နာရီခွဲတွင် ရောင်တော်ဖွင့်တန်ဆောင်း၌ စေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြကာ ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များ နာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေ ကြမည်ဖြစ်သည်။

ယင်းနေ့နံနက် ၇ နာရီတွင် စေတီတော်ဝတ္တကမြေ အနောက်ဘက်ရှိ ရှင်ဥပဂုတ္တ မင်္ဂလာကန်တော်၌ ဂေါပကအဖွဲ့ဝင်များ၊ ဘုရားဖူးလာပြည်သူများ၊ အလှူရှင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များက နှစ်ဦးကုသိုလ်ကောင်းမှုအဖြစ် ဇီဝိတဒါနဘေးမဲ့သက်လွှတ်ကြမည်ဖြစ်သည်။ နံနက် ၈ နာရီတွင် စေတီတော်ရင်ပြင်ရာဟုထောင့်ချမ်းသာကြီးတန်ဆောင်း၌(၂၆)ကြိမ်မြောက် ဒါနဥပပါရမီစုပေါင်းသွေးလှူဒါန်းကြမည် ဖြစ်သည်။

မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်ကူးမင်္ဂလာအခါတော်ရက်မြတ်တွင် စေတီတော်ရင်ပြင်နှင့် စောင်းတန်းကြီးလေးသွယ်တို့တွင် ရေသန့်၊ အချိုရည်များနှင့် အလှူပစ္စည်းမျိုးစုံလှူဒါန်းလိုသူများ၊ သွေးလှူဒါန်းလိုသူများ၊ အာဟာရဒါနလှူဒါန်းလိုသူများသည် ရွှေတိဂုံစေတီတော်ရင်ပြင်နှင့် စေတီတော်ဂေါပကအဖွဲ့ရုံးတို့၌ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ကိုချစ်

ကုလားပါးကျေးရွာ ဆေးလိပ်ပေါ့ဆမီးကြောင့် မီးလောင်မှုဖြစ်ပွား

မင်းဘူး ဧပြီ ၇

မင်းဘူး(စကု)မြို့နယ် ကျောက်စံကျေးရွာအုပ်စု ကုလားပါးကျေးရွာတွင် ဧပြီ ၆ ရက် နံနက်ပိုင်းက ဆေးလိပ်ပေါ့ဆမီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုမှာ ဦးတင်ရှိန် အသက်(၇၀နှစ်) ကုလားပါးကျေးရွာနေသူသည် နေအိမ်ဝိုင်းအတွင်းရှိ အိမ်သာတွင် အိမ်သာတက်ရင်း ဆေးလိပ်သောက်ရာမှ မီးပွားကျကာ အိမ်သာအား မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် အိမ်သာမှတစ်ဆင့် သွပ်မိုး၊ ထရံကာ (စပါးကျီပါ) နွားတင်းကုပ်တစ်လုံး၊ နေအိမ်ခြေတံရှည် လေးပင်ပတ်လည် သွပ်မိုး၊ ထရံကာကြမ်းခင်း၊ နေအိမ်တစ်လုံး၊ စပါးတင်း ၂၀၀၊ ကုလားပဲ ၃၀ တင်းတို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း မင်းဘူးခရိုင် မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါမီးလောင်ရာသို့ မင်းဘူးခရိုင် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်လေးစီး၊ မင်းဘူးမန်းရေနံမြေမှ မီးသတ်ယာဉ်များနှင့် ပူးပေါင်းကာ မီးသတ်တပ်ဖွဲ့ဝင်များ ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုနှင့် ပတ်သက်၍ ဦးတင်ရှိန်အား မင်းဘူးမြို့နယ် စကုနယ်မြေရဲစခန်းမှ အမှုဖွင့်ထားကြောင်း သိရသည်။

ကျော်ဇေယျ

မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

ပျဉ်းမနား ဧပြီ ၇

နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပေါင်းလောင်း(၃) နယ်မြေတွင် သတင်းအရ ဝင်ရောက်ဖမ်းဆီးရာ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာဧပြီ ၆ ရက်ည ၈ နာရီက ပေါင်းလောင်းစစ်ဆေးရေး (၃) စီမံချက်အရ ရဲအုပ်အောင်ဇော်မြင့်ဦးစီးသည့် သက်သေများနှင့်အတူ ပျဉ်းမနားမြို့ပေါင်းလောင်း(၃)ရပ်ကွက် ၁၈လမ်း အိမ်အမှတ် (၁၅/၄၀၅) နေ ဝဏ္ဏဇော်(ခ)ကိုပေါက်၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ ဝဏ္ဏဇော်(ခ) ကိုပေါက်အား အသင့်တွေ့ရှိရပြီး နေအိမ်ဧည့်ခန်း စာရေးစားပွဲအံဆွဲအတွင်းမှ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၅ ပြား၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု၊ နေအိမ်အိပ်ခန်းခုတင်ပေါ် ခေါင်းရင်းဘက်မှ မူးယစ်ဆေးဝါးရှူရှိုက်ရာတွင် အသုံးပြုသောအအေးစုပ်ပိုက်တက်လျက် DeeDo တံဆိပ်ပါ ရေသန့်ဘူးတစ်ဘူးနှင့် ဖုန်းတစ်လုံးတို့အား တွေ့ရှိရ၍ သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများနှင့်လက်ဝယ်တွေ့ရှိသုံးစွဲသူ ဝဏ္ဏဇော်(ခ)ကိုပေါက်(၃၃နှစ်)အား အရေးယူထားကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ဗန်းမော်ဇလုံတောင် ဘုရားဖူးကားမှောက်၍ လေးဦးသေဆုံး

ဗန်းမော် ဧပြီ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမော်မြို့နယ် ဇလုံတောင် ဘုရားဖူးယာဉ်တစ်စီးသည် ဧပြီ ၇ ရက် နံနက် ၆ နာရီခွဲက ဗန်းမော်မြို့မှ ၉ မိုင် ၃ ဖာလုံ အကွာတွင် တိမ်းမှောက်မှုဖြစ်ခဲ့ရာ ခရီးသည်လေးဦး သေဆုံးခဲ့ကြောင်း သိရသည်။

ယာဉ်မှာ ထွန်ကုံးခြောက်ဘီးဖြစ်၍ ခရီးသည်၂၁ ဦးကို တင်ဆောင်ကာတောင်ပေါ်မှအဆင်း ဘရိတ်ပေါက်၍ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဗန်းမော်မြို့နယ် ဇလုံတောင် ဘုရားဖူးခရီးသည်များ တဖြည်းဖြည်းများပြားလာမှုနှင့်အတူ စည်းကမ်းကြပ်မတ်မှုဖြင့် တောင်ပေါ်ခရီးစဉ်များကို စနစ်တကျပြေးဆွဲစေလိုကြောင်း ဒေသခံများက ပြောကြားသည်။ ဒေသခံတစ်ဦးက "ကျွန်တော်တို့ ဗန်းမော်မြို့နယ် ဇလုံတောင်ကိုတိုးတက်စေချင်တယ်။ တောင်ပေါ်ဂေါပကအဖွဲ့ကို စနစ်တကျဖွဲ့စည်းစေချင်တယ်။ တောင်ပေါ်ခရီးစဉ်ကို ကားကောင်းတွေနဲ့သာ ပြေးဆွဲဖို့ စည်းကမ်းကြပ်မတ်စေလိုတယ်" ဟု ပြောကြားသည်။

ဘုရားဖူးလာ၍ယာဉ်တိမ်းမှောက်ကာ သေဆုံးခဲ့သူများမှာ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း နေထိုင်သူများဖြစ်ကြောင်း သိရသည်။

အေးလွင်(ကသာ)

ကော့မှူး၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ကော့မှူး ဧပြီ ၇

ကော့မှူးမြို့နယ် နတ်စင်ကုန်းစံပြကျေးရွာအုပ်စု ဟာသ်ာကုန်းကျေးရွာတွင် ဧပြီ ၆ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မူးယစ်တပ်ဖွဲ့စု ၄၁မှ ရဲအုပ်မြတ်ဖုန်းနှင့် ကော့မှူးမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ် စိုးညီညီပါဝင်သော ပူးပေါင်းအဖွဲ့နှင့်သက်သေများသည် ဇော်လင်းအောင်(ခ) ဇော်ကြီးနေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ကြသည်။

ထိုသို့ ဝင်ရောက်ရှာဖွေရာ နေအိမ်တွင် ဇော်လင်းအောင်(ခ) ဇော်ကြီးနှင့် ဇနီးမဖြူဖြူနိုင်တို့အား တွေ့ရပြီး ဆက်လက်ရှာဖွေရာ အိပ်ခန်းအတွင်းရှိ နံရံတိုင်ပေါ်တွင်ချိတ်ဆွဲထားသော WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၊ မူးယစ်ဆေးဝါး ရောင်းရငွေကျပ် ၈၀၀၀၀၊ အိမ်ရှေ့ဧည့်ခန်းမှ ဆေးပြားတစ်ထုပ်၊ မွေ့ရာအောက်မှ စိတ်ကြွရူးသွပ်ဆေးပြား အလေးချိန် ၇၄ ဂရမ်နှင့် ဇော်လင်းအောင်အမည်ပါ နိုင်ငံသားစိစစ်ရေး ကတ်ပြားတစ်ခု၊ လက်ကိုင်ဖုန်းတစ်လုံး၊ အပြာရောင်ကားတစ်စီးနှင့် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်များ သိမ်းဆည်းရမိပြီးကော့မှူးမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကျော်သူရ

တောင်ကြီးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား သုံးသိန်းကျော်ဖမ်းမိ

နေပြည်တော် ဧပြီ ၇

မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၆ ရက်က ဟဲဟိုးမြို့အဝင် တောင်ကြီး-ကလောသွား ကားလမ်းပေါ် မိုင်တိုင်အမှတ်(၉၈)တွင် ခွန်စောထီးမောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၄၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ဧပြီ ၅ ရက်က ကြည့်မြင် တိုင်မြို့နယ် ညဈေးအနီးရှိ ဈေးကြီးလမ်းပေါ်၌ လမ်းလျှောက်လာသူ မျိုးမင်းထွန်းအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြားကိုတွေ့ရှိရသဖြင့် ၎င်းနေထိုင်ရာ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(တောင်)ရပ်ကွက်၌ သရက်တော (၆)လမ်း မ-၁၀ ရှိ နေအိမ်ကိုရှာဖွေရာ နေအိမ်ရေခဲသေတ္တာ အဟောင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၁၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၆၂၀ နှင့် အိုက်စ် ၂ ဂရမ်တို့ကိုလည်းကောင်း၊ ယင်းနေ့က တမူး-စေတီသွားကားလမ်း မိုင်တိုင်အမှတ်(၅/၂)တွင် အောင်အောင်မောင်းနှင်ပြီး မန္တဲ့ရီလိုက်ပါလာသည့် ဆိုင်ကယ်နှင့် နေလင်းအောင်မောင်းနှင်ပြီး အောင်ပုလိုက်ပါလာသည့် ဆိုင်ကယ်နှစ်စီးအားရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် သုံးခွက် အလေးချိန် ၃၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၅ ပြားနှင့် ဘိန်းစိမ်း ၁၆ ဒသမ ၃၃ ဂရမ်တို့ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနက ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်း(၃)ခုဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။

(က) အမျိုးသားပြတိုက်(ရန်ကုန်) ပြုပြင်မွမ်းမံခြင်း
(ခ) ဗိုလ်ချုပ်ပြတိုက်(ရန်ကုန်)ပြုပြင်မွမ်းမံခြင်း
(ဂ) မန္တလေးယဉ်ကျေးမှုပြတိုက် ပြုပြင်မွမ်းမံခြင်း

၂။ လုပ်ငန်းများနှင့်ပတ်သက်၍ အိတ်ဖွင့်တင်ဒါပုံစံများအား ၇-၄-၂၀၁၆ ရက်မှစ၍ ၂၈-၄-၂၀၁၆ရက်အထိ ဦးစီးဌာန(ရုံးချုပ်)၊ အမျိုးသားပြတိုက်(ရန်ကုန်)၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)တို့တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ၂၉-၄-၂၀၁၆ရက် နံနက် ၁၀နာရီတွင် အမျိုးသားပြတိုက်(နေပြည်တော်)တွင် အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အခြားသိရှိလိုသည်များအတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော် ဖုန်း -၀၆၇-၄၀၈၀၂၇၊ အမျိုးသားပြတိုက် (ရန်ကုန်) ဖုန်း-၀၁-၃၇၈၆၅၂၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ ဖုန်း-၀၂-၆၀၀၅၉တို့ထံ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

လိုကြည့်ရှုအားစိန်နဲ့ပါ | မြင့်သူထက် | ငွေကုန်လူပန်းအချိန်ရေ
ပါမောက္ခ(ငြိမ်း) ဝါရင့် ဆရာ၊ ဗကြီးဗျားသင်သည်
၈၉၊၁၀၀တန်း (ဘာသာစုံ)
ကျောင်းသား/သူ နှင့် ကျွမ်းကျင် ဆရာဖြစ်
SH မြင့်သူထက် YU
Non-Stop ၂၃.၄ စမည်
ဆရာ/မ (နေ့.စား)
နည်းပြ (ယဉ်ကျေးမှု)
ပြည်တွင်းအခွန်
ကွန်ပျူတာ စာစီစာရိုက်
MBBS B.DS ၃၀.၄ စမည်
UDE တန်းစုံ မေဂျာစုံ
တိုက် (၃၅) ၃ လွှာ၊ ၆၆ (၅၀)လမ်း (လှည်းတန်းဈေးနောက်လမ်း)၊ ရန်ကုန်။

တစ်ဦးတည်း ဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၇)ရပ်ကွက်၊ အောင်သြဘာလမ်းနေ ဦးမြဝင်း ၁၂/ဥကမ(နိုင်)၁၆၈၁၀၁ နှင့် ဦးမိုးဇော်ထွန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမြဝင်း(ခ)ဦးမိုးဇော်ထွန်း ၁၂/ဥကမ(နိုင်)၁၆၈၁၀၁

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/2220 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်မြောက်ပိုင်း)

ကန့်ကွက်နိုင်ပါသည်

ဦးမောင်ညွန့် ၈/ခမန(နိုင်) ၀၉၄၆၈၂ က တိုယိုတာဒိုင်နာယာဉ် အမှတ် ဒ/၂၈၈၁၏ CNG သုံးစွဲခွင့်ကတ်နှင့် စာအုပ်အပ်နှံသည့်စလစ် ပျောက်ဆုံး၍ အသစ်ထပ်မံလျှောက်ထားလာသဖြင့် အသစ်ထုတ်ပေးမည်ဖြစ်၍ ကန့်ကွက်လိုသူများ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

သဘာဝဓာတ်ငွေ့လုပ်ငန်းကော်မတီ
ရေနံချောင်းရေနံမြေ

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AA/5617, Toyota Corona Premio AT 210 , S/L (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြမြ ၁၂/အလန(နိုင်)၀၁၈၈၂၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့

သွေးသည်အသက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကရင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၏ တည်ဆောက်ရေးလုပ်ငန်းများ

၁။ ဖွဲ့ကပင်အဆင့်မြင့်အားကစားကွင်း မီးသွယ်တန်းခြင်း
၂။ ပြည်နယ်ရုံးနှင့် ဝန်ထမ်းနေအိမ်
၃။ ဖွဲ့ကပင်အဆင့်မြင့်အားကစားကွင်းအဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်း
၄။ ကြာအင်းဆိပ်ကြီးမြို့နယ်ဘောလုံးကွင်း အုတ်တံတိုင်းနှင့် ပွဲကြည့်စင်
၅။ လှိုင်းဘွဲ့မြို့နယ် ရုံးနှင့်ဝန်ထမ်းနေအိမ်
၆။ ကော့ကရိတ်မြို့နယ်ရုံးနှင့် ဝန်ထမ်းနေအိမ်
၇။ သံတောင်ကြီးမြို့နယ်ရုံးနှင့် ဝန်ထမ်းနေအိမ်
၈။ မြဝတီခရိုင်ရုံးနှင့် ဝန်ထမ်းနေအိမ်
၉။ သံတောင်ကြီးမြို့နယ် မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်း
၁၀။ ဖာပွန်မြို့နယ် ကမမောင်းမြို့ဘောလုံးကွင်းနှင့် ပွဲကြည့်စင်
၁၁။ မြဝတီမြို့နယ် မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်း
၁၂။ မြဝတီမြို့နယ်အားကစားရုံ အမိုးအသစ်လဲလှယ်ခြင်း

တင်ဒါပိတ်ရက်-၆-၅-၂၀၁၆ ရက်
ဆက်သွယ်ရန် ဖုန်း-၀၅၈-၂၁၀၈၂၊ ၀၅၈-၂၂၆၃၈၊ ၀၉-၅၆၆၂၂၀၉

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ မော်လမြိုင်-ဘားအံအဖြောင့်လမ်းမကြီးမေးတင် ဧက (၃၀)ခန့်၊ နှစ်ရှည်ပင်အချို့စိုက်ပြီး။ ၁၀၅ ကျပြီး

၂။ ဘားအံမြို့၊ တောင်ဝိအမှတ် (၈)ရပ်ကွက်၊ မော်လမြိုင်-ဘားအံလမ်းမကြီးမေးတင် အရှေ့ဘက်မျက်နှာလှည့် (၆၀'×၂၀၀')၊ အိမ်ခြံမြေနှစ်ထပ်အိမ်ပါ။

၃။ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ အမှတ် (၃)ပွဲစားတန်းရပ်၊ မြို့ပတ်လမ်း (ချင်းတွင်းမြစ်ဘက်မျက်နှာလှည့်)အကျယ် ၁၂၀'၊ အရှည် ၂၃၀'ရှိ မြေကွက်(ပွဲရုံလုပ်ရန်သင့်)

ဆက်သွယ်ရန် ဖုန်း-၀၅၈-၂၂၅၈၃၊ ၀၉-၅၆၆၀၁၂၆၊ ၀၉-၅၆၆၁၅၃၂

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9G/3790 Daihatsu Hijut P/U ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမိုး ၁၂/ရကန(နိုင်)၀၀၀၈၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

လယ်တီဝိပဿနာတရားစခန်း

ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ လွတ်လပ်ရေးခေါ် ပရိယတ္တိသဒ္ဓမ္မာရုံကျောင်းတိုက်၌ သင်္ကြန်တွင်း လယ်တီဝိပဿနာ တရားစခန်းကို ၁၁-၄-၂၀၁၆ ရက်မှ ၁၇-၄-၂၀၁၆ရက်အထိ ခုနစ်ရက်တရားစခန်းဖွင့်လှစ်မည်ဖြစ်ရာ ၁၇-၄- ၂၀၁၆ရက်အထိ စခန်းဝင်နိုင်သောယောဂီများ ၁၀-၄-၂၀၁၆ရက် ညနေ ၅နာရီအရောက်လာရပါမည်။

စခန်းဝင်ကြေးမပေးရပါ။
နည်းများမဟူ စေတနာကြေး အလှူဝင်နိုင်သည်။
အရုဏ်ဆွမ်း ၆၀၀၀ဝိ/-နေ့ဆွမ်း ၈၀၀၀ဝိ/-၊ အအေး ၂၀၀၀ဝိ/-

စာသင်သားသံဃာများနေထိုင်ရန် ကျောင်းဆောက်လုပ်ရာ၌ ပါဝင်လှူဒါန်းနိုင်

ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ ရန်ကင်းစင်တာ၊အနောက်ဘက်မီးပွိုင့်ထောင့်ရှိ လွတ်လပ်ရေးခေါ် ပရိယတ္တိသဒ္ဓမ္မာရုံကျောင်းတိုက်၌ ကျောင်းဆောက်လုပ်လျက်ရှိရာ ယနေ့နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ၊ တိပိဋကဆရာတော်များ၊ ဓမ္မကထိကဆရာတော်များ၊ရိပ်သာဆရာတော်များမှာ စာသင်သားဘဝ တက်လှမ်းသွားကြရသည်ဖြစ်၍ သာသနာတော်၏ အခြေခံစာသင်သားသံဃာများနေထိုင်ရန် ကျောင်းဆောက်လုပ်ရာ၌ ကျောင်းဒကာအဖြစ် ခံယူနိုင်ရန် နည်းများမဆို ပါဝင်လှူဒါန်းနိုင်ပါသည်။

သီးခြားကုသိုလ်ရှင်များ ကောင်းမှုရှင်စာတမ်းထိုးပေးပါသည်။
ဆရာတော် ဖုန်း-၀၁-၇၀၅၄၁၆၊ ၀၉-၇၃၀၉၆၈၆၅
လွတ်လပ်ရေးခေါ် ပရိယတ္တိသဒ္ဓမ္မာရုံကျောင်းတိုက်
ဆရာစံလမ်း၊ ဗဟန်းမြို့နယ်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၀/သမိုင်း)၊မြေကွက်အမှတ်(၉/ခ-၂/၃က)၊ မြေကွက်တည်နေရာအမှတ်(၃၅၀)၊ဧယျာဓမာလမ်း၊(၆)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ ဗိုလ်မှူးကြီးမင်းနောင်(အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊မော်လမြိုင်)အမည်ပေါက်၊Bမြေပိုင် မြေမြေအားအမည်ပေါက်ဖခင်ဗိုလ်မှူးကြီးမင်းနောင်မှာ(၂၂-၁-၂၀၀၃)ရက်နေ့တွင်လည်းကောင်း၊မိခင်ဒေါ်လှလှမှာ(၄-၁-၂၀၁၆)ရက်နေ့တွင်လည်းကောင်းအသီးသီးကွယ်လွန်သွားပါသဖြင့်၎င်းတို့၏သားသမီးများဖြစ်ကြသည့်ဒေါ်ခင်မျိုးနောင်(၁၂/မရက(နိုင်)၀၀၆၃၈၁)၊ဦးထွဋ်ဦးနောင်(၁၂/ဒဂန(နိုင်)၀၁၈၉၃၅)တို့ကိုယ်တိုင်နှင့်ဒေါ်ခင်စိုးနောင်(၁၂/မရက(နိုင်)၀၀၉၉၇၉)၏ကျပန်နိုင်ငံ၊တိုကျိုမြို့သံရုံး-၁၂/၄၈၀၁(၁၆-၂-၂၀၁၆)G/P ရရှိသူဦးကျော်ဇေယျာဦး(၁၂/ရကန(နိုင်)၀၆၂၁၆၃)တို့မှတဆင့်၍ဒေါ်ခင်မျိုးနောင်၊ဦးထွဋ်ဦးနောင်နှင့်ဒေါ်ခင်စိုးနောင်တို့မှာသားသမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊သေစာရင်း၊အမည်ပေါက်သည့်အရောင်းအဝယ်စာချုပ်၉၉၉/၁၉၇၄(၁၆-၉-၁၉၇၄)တို့တင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လက်ရှိချန်ပီယံ ရန်ကုန်အသင်း အိမ်ကွင်းနိုင်ပွဲရယူ

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် ဧပြီ ၇

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၀) လက်ကျန်ပွဲဖြစ်သည့် ရန်ကုန်အသင်းနှင့် ဇွဲကပင်အသင်းတို့ ယနေ့ညနေ ၄ နာရီက YUSC ကွင်း၌ ယှဉ်ပြိုင်ကစားရာ **(ယာပုံ)** ရန်ကုန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာ လက်ကျန်ပွဲစဉ်တွင် အနိုင်ရခဲ့၍ ရမှတ် ၁၉ မှတ်ဖြင့် အဆင့်(၄)နေရာ၌ ရပ်တည်နိုင်ခဲ့ပြီး ထိပ်ဆုံးမှရတနာပုံအသင်းနှင့် အမှတ်ကွာဟမှုကို လျှော့ချနိုင်ခဲ့သည်။ ရန်ကုန်အသင်းမှာ ယခုပွဲတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခြင်း မရှိသော်လည်း ရရှိသည့်အခွင့်အရေးကို အသုံးချနိုင်ခဲ့သောကြောင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပွဲပယ်ခံထားရသည့် ကြည်လင်း၊ ဒဏ်ရာရကစားသမားအချို့မှလွဲ၍ ရန်ကုန်အသင်းတွင် လူစုံခဲ့ပြီး ပွဲအစပိုင်းတွင် ဇွဲကပင်အသင်းဘက်သို့ ဖိကစားနိုင်ခဲ့သည်။ မိနစ် ၂၀ တွင် ရန်ကုန်အသင်း ဂိုးရခဲ့ပြီး ပြည့်ဖြိုးအောင်၏ပေးပို့မှုကို မာဆယ်လိုက ပိတ်သွင်းယူပေးခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရန်ကုန်အသင်း ကစားကွက်ပျက်သွားသောကြောင့် ဇွဲကပင်အသင်း ပြန်ဖိကစားလာနိုင်သော်လည်း ချေပဂိုးရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ ဒုတိယပိုင်းတွင် ဇွဲကပင်အသင်းမှာ ဇီကိုဗစ်အစား ကင်မ်ကိုထည့်ကာ တိုက်စစ်ပိုင်းအပြောင်းအလဲလုပ်ခဲ့ပြီး ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ရန်ကုန်နောက်တန်းကို မကျော်နိုင်ခဲ့ပေ။ ရန်ကုန်အသင်းအား အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၇၅ မိနစ်တွင် ယာမာရှီတာက သွင်းယူခဲ့သည်။

ပထမအကျော့အပြီးတွင် ရတနာပုံအသင်း ၂၉ မှတ်ဖြင့် ထိပ်ဆုံး၌ ဦးဆောင်နေပြီး ဟံသာဝတီအသင်းက ၂၁ မှတ်၊ ရွှေဝတီအသင်းက အမှတ် ၂၀၊ ရန်ကုန်အသင်းက ၁၉ မှတ်နှင့် မကွေးအသင်းက ၁၆ မှတ်တို့ရရှိထားသည်။

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ ရီးရဲတို့ရှုံးပြီး ပီအက်စ်ဂျီနှင့် မန်စီးတီး သရေကျ

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ ဒုတိယနေ့ပွဲစဉ်များကို ဧပြီ ၇ ရက် နံနက်က ယှဉ်ပြိုင်ကစားခဲ့သည်။ ဝုဖ်ဘတ်နှင့် ရီးရဲတို့ပွဲတွင် ရီးရဲတို့ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ဝုဖ်ဘတ်အတွက် အနိုင်ဂိုးများကို ပွဲချိန် ၁၈ မိနစ်တွင် ရိုဒရီဂွက်ဇ်က ပယ်နယ်တီမှလည်းကောင်း၊ ၂၅ မိနစ်တွင် အာနိုးလ်ကလည်းကောင်း သွင်းယူပေးခဲ့သည်။

ပီအက်စ်ဂျီနှင့် မန်စီးတီးတို့ပွဲမှာ အပြန်အလှန်သွင်းဂိုးများဖြင့် အကြိတ် အနယ်ရှိခဲ့ပြီး ၃၈ မိနစ်တွင် ဒီဘရိုင်းက မန်စီးတီးအတွက် ဂိုးသွင်းယူပေးပြီး ၄၁ မိနစ်တွင် အီဗရာဟင်မိုဗစ်က ပြန်လည်ချေပခဲ့သည်။ ၅၉ မိနစ်တွင် ပီအက်စ်ဂျီမှ ရာဘီရော့က ဦးဆောင်ဂိုးသွင်းသော်လည်း မန်စီးတီးမှ ဖာနန်ဒင်ဟိုက ၇၂ မိနစ်တွင် ပြန်လည်ချေပခဲ့သည်။ ယင်းပွဲ သရေကျခဲ့သဖြင့် မန်စီးတီးတို့ အိမ်ကွင်း၌ ပြန်လည်ကစားမည့်ပွဲအတွက် အားသာချက်ရှိခဲ့သည်။

သီဟ

အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင် /သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်အားခွဲရုံများထိန်းသိမ်းပြုပြင်ခြင်း၊ ကြံ့ခိုင်မှုအားနည်းသော လျှပ်ကာကြွေသီးများ အသစ်လဲလှယ်တပ်ဆင်ခြင်း၊ လျှပ်စစ်အန္တရာယ်လုံခြုံစိတ်ချရသော လျှပ်ကာဓာတ်အားလိုင်းကြိုးများလဲလှယ်တည်ဆောက်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ၉-၄-၂၀၁၆ ရက်နေ့တွင် သဃ်န်းကျွန်း၊ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပ၊ မင်္ဂလာတောင်ညွန့်၊ တောင်ဥက္ကလာပ၊ အလုံ၊ ကမာရွတ်၊ မရမ်းကုန်း၊ ဒဂုံ၊ လှိုင်၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ တွံတေး၊ ဒလ၊ ဆိပ်ကြီးခနောင်တို၊ ကော့မှူး၊ ကျိုက်ထော်၊ သုံးခွ၊ တံတား၊ အင်းစိန်။ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထန်းတပင်၊ ထောက်ကြန့်၊ ဥက္ကံ၊ အင်းတိုင်မြို့နယ်၏ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် ၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

၃။ ၁၀-၄-၂၀၁၆ ရက်နေ့တွင် မရမ်းကုန်း၊ ကြည့်မြင်တိုင်၊ ဒဂုံ၊ လှိုင်၊ သန်လျင်၊ ရွှေပြည်သာ၊ ဥက္ကံမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် ၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်မှုများ ရှိနိုင်မည်ဖြစ်ပါသည်။

၄။ မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါသဖြင့် ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှအများပြည်သူများသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဧပြီ ၇ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် ဧပြီ ၇ ရက် (ကြာသပတေးနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

စဉ်	အမျိုးအစား	ထွက်ရှိရာဒေသ	ယူနစ်	ဈေးကွက်	ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး
၁။	ပေါ်ဆန်း(ဆန်)	နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို)	တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၉၀၀၀ မှ ၄၂၅၀၀
၂။	ဇီရာ/ညှော့မထ(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၀၀၀၀ မှ ၂၃၀၀၀
၃။	ငစိန်(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၁၉၈၀၀ မှ ၂၁၀၀၀
၄။	မြီးတိုး(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၄၅၀၀ မှ ၂၅၅၀၀
၅။	သုခ(ဆန်)	နယ်စုံ	တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၃၅၀၀ မှ ၂၄၀၀၀
၆။	မတ်ပဲ FAQ/RC		တစ်တန်	ဘုရင့်နောင်ကုန်စည်ဒိုင်	၁၅၇၂၀၀၀
၇။	ကြက်သွန်နီ	ဆိပ်ဖြူ၊ တောင်တွင်း၊ မြစ်သား၊ မင်းဘူး	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၃၃၅ မှ ၆၂၅
၈။	ကြက်သွန်ဖြူ	ကြူကုတ်	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၄၇၅၀ မှ ၄၈၅၀
၉။	ကြက်သွန်ဖြူ	အောင်ပန်း	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၁၆၀၀ မှ ၂၃၀၀
၁၀။	ငရုတ်(မိုးထောင်)	ညောင်ရမ်း	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၂၈၀၀ မှ ၃၀၀၀
၁၁။	အာလူး	တပ်ကုန်း၊ ဆင်ဖြူကျွန်း	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၂၀၀ မှ ၈၀၀
၁၂။	နာနတ်သီး		တစ်လုံး	သီရိမင်္ဂလာဈေးကုန်စည်ဒိုင်	၅၀၀ မှ ၁၅၀၀

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုရှေ့နေချုပ်ရုံး
နေပြည်တော်

ကြေညာချက်

၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ၂၄-၁-၂၀၁၆ ရက်တွင် ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့၌ ကျင်းပပြုလုပ်ခဲ့သည့် ဥပဒေအရာရှိ အဆင့်-၄၊ ရာထူးအရည်အချင်းစစ်ရေးဖြေစာမေးပွဲအောင်စာရင်းနှင့် လူတွေ့စစ်ဆေးခံရမည့် နေ့ရက်တို့ကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်-

စဉ်	လူတွေ့စစ်ဆေးခံရမည့်ရက်	ခုံအမှတ်			
၁။	၂-၅-၂၀၁၆ ရက် (တနင်္လာနေ့)	မတလ-၄	မတလ-၅၅	မတလ-၁၉၁	မတလ-၃၆၄
		မတလ-၄၆၃	မတလ-၅၀၆	မတလ-၅၁၅	မတလ-၅၁၈
		မတလ-၅၂၁	မတလ-၅၂၄	မတလ-၅၃၈	မတလ-၅၄၆
		မတလ-၅၄၇	မတလ-၅၄၉	မတလ-၅၅၃	မတလ-၅၅၄
		မတလ-၅၅၆	မတလ-၅၅၇	မတလ-၅၅၈	မတလ-၅၆၅
		မတလ-၅၈၁	မတလ-၅၈၇	မတလ-၅၉၃	မတလ-၆၀၁
		မတလ-၆၀၂	မတလ-၆၉၅	မတလ-၇၁၉	မတလ-၇၄၆
		မတလ-၇၈၀	မတလ-၇၈၁		
၂။	၃-၅-၂၀၁၆ ရက် (အင်္ဂါနေ့)	မတလ-၈၂၃	မတလ-၈၄၀	မတလ-၈၄၁	မတလ-၈၄၇
		မတလ-၈၈၇	မတလ-၉၂၆	မတလ-၉၃၁	မတလ-၉၄၅
		မတလ-၉၅၂	မတလ-၉၆၃	မတလ-၉၇၁	မတလ-၉၈၀
		မတလ-၉၈၁	မတလ-၉၈၂	မတလ-၉၉၀	မတလ-၉၉၁
		မတလ-၁၀၁၃	မတလ-၁၀၁၈	မတလ-၁၀၂၅	မတလ-၁၀၄၇
		မတလ-၁၀၉၀	မတလ-၁၁၀၈	မတလ-၁၁၁၀	မတလ-၁၁၂၂
		မတလ-၁၂၄၃	ရက-၄	ရက-၃၀	ရက-၄၈
		ရက-၄၉	ရက-၅၀		
၃။	၄-၅-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)	ရက-၆၇	ရက-၈၇	ရက-၁၁၀	ရက-၁၁၅
		ရက-၁၄၃	ရက-၁၆၄	ရက-၁၆၆	ရက-၂၇၄
		ရက-၂၉၇	ရက-၃၂၉	ရက-၃၃၁	ရက-၃၃၉
		ရက-၃၄၂	ရက-၃၅၈	ရက-၃၆၂	ရက-၃၈၁
		ရက-၃၉၁	ရက-၃၉၃	ရက-၄၀၁	ရက-၄၀၂
		ရက-၄၀၈	ရက-၄၄၄	ရက-၄၄၇	ရက-၄၄၈
		ရက-၄၅၁	ရက-၄၅၂	ရက-၄၅၉	ရက-၄၇၈
		ရက-၅၁၄	ရက-၅၂၄		
၄။	၅-၅-၂၀၁၆ ရက် (ကြာသပတေးနေ့)	ရက-၅၆၉	ရက-၆၃၉	ရက-၆၇၉	ရက-၇၀၈
		ရက-၇၁၁	ရက-၇၁၆	ရက-၇၁၈	ရက-၇၂၂
		ရက-၇၃၈	ရက-၇၈၄	ရက-၈၉၂	ရက-၉၁၀
		ရက-၉၁၃	ရက-၉၂၀	ရက-၉၂၉	ရက-၉၅၈
		ရက-၉၇၄	ရက-၁၀၁၄	ရက-၁၀၂၆	ရက-၁၀၃၇
		ရက-၁၀၄၁	ရက-၁၀၄၂	ရက-၁၀၅၀	ရက-၁၀၆၉
		ရက-၁၀၇၄	ရက-၁၀၈၉	ရက-၁၀၉၀	ရက-၁၀၉၇
		ရက-၁၁၇၄	ရက-၁၂၅၁		

၂။ အထက်ဖော်ပြပါ ဥပဒေအရာရှိ အဆင့်-၄၊ ရာထူးအရည်အချင်းစစ်ဆေးရေးဖြေစာမေးပွဲအောင်မြင်သူများသည် လူတွေ့စစ်ဆေးမှုခံယူရန်နှင့် စိတ်အခြေအနေစစ်ဆေးမှုခံယူရန် မိမိတို့ဖြေဆိုရမည့် နေ့ရက်မတိုင်မီ (၁)ရက်ကြိုတင်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်၊ ရုံးအမှတ် ၂၅၊ စီမံရေးရာဌာန၊ဝန်ထမ်းရေးရာ၊ မှတ်တမ်းနှင့် စစ်ဆေးရေးဌာနခွဲသို့ ဥပဒေဘွဲ့၊ မဟာဘွဲ့လက်မှတ်(မူရင်း)တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်(မူရင်း)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)တို့ကို ယူဆောင်၍ လာရောက်သတင်းပို့ကြရန်ဖြစ်ပါသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်ကောင်စီနယ်မြေ၊
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

နေပြည်တော်ကောင်စီနယ်မြေ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရမည့် တည်ဆောက်ရေး လုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်လျက်ရှိသော ကျောက်အရွယ်စုံ၊ သဲ၊ အုတ်နှင့် အထွေထွေလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါလျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

တင်ဒါပိတ်မည့်ရက်/အချိန် -၂၅-၄-၂၀၁၆ရက် ၁၆း၀၀နာရီ
တင်ဒါရွေးချယ်မည့်ရက်/အချိန် -၂၆-၄-၂၀၁၆ရက် ၁၀း၀၀နာရီ
တင်ဒါရွေးချယ်မည့်နေရာ -တည်ဆောက်ရေး(၅)၊ ဘဲကုန်း ဆည်မြောင်းဝင်း၊ ပျဉ်းမနားမြို့။

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး၊ တည်ဆောက်ရေး(၅)၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ပျဉ်းမနားမြို့တွင် ၈-၄-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး
တ·ဆ·ရ(၅)၊ ပျဉ်းမနားမြို့၊
ဖုန်း-၀၆၇-၂၂၃၀၆၊ ၀၉-၇၉၈၂၆၅၁၆၄

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သော Air-Con (1HP) (၁၀)ခု၊ Air-Con (1.5HP) (၂၁)ခု၊ Air-Con (3HP) (၁၀)ခု၊ မြက်ဖြတ်စက် (၅)ခု၊ Refrigerator (2 Doors) (၉)လုံး၊ Camera (Nikkon 3300) (၆)ခု၊ Computer (၄၆)စုံ၊ Colour Printer (၁၆)ခု၊ Printer (၂၅)ခု၊ Fax (၂၀)လုံး၊ Projector (၂)စုံ၊ Colour Copier (၁)ခု၊ Calculator (၂၀)ခု၊ External Hard disk (1000GB) (၅)ခု၊ UPS (1250W) (၂၀)လုံး၊ Copier (၁၈)ခု၊ Scanner (၅)ခု၊ Transformer (၁)စုံ၊ Marble Table (12sqft) (၁၀)ခု၊ Marble Table (18sqft) (၅)ခု၊ Steel Table (၅' ×၃' ×၂·၅') (၂)ခု၊ ဖိုင်တင်စင် (၂၄)ခု၊ လေးဆင့်ဗီရို (၂၄)ခု၊ အံဆွဲလေးဆင့်ဗီရို (၂၄)ခု၊ ကုလားထိုင် (၂၂)ခုနှင့် စားပွဲ (၂၂)ခု စုစုပေါင်းပစ္စည်းအမယ် (၂၆)မျိုးတို့ကို ဝယ်ယူလိုပါ၍ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ ဈေးနှုန်းအဆိုပြုလွှာများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ဖြည့်တင်းရေးနှင့် သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ် (၃၆)၊ နေပြည်တော်တွင်လည်းကောင်း၊ သိုလှောင်ရုံ (အင်းစိန်မြို့နယ်)၊ ရန်ကုန်မြို့တွင်လည်းကောင်း၊ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီးအသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၇၇နှင့် ၀၁-၆၄၀၆၆၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဝယ်ယူရေးလုပ်ငန်းကော်မတီ
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၄)ရပ်ကွက်၊ သီရိမ္ဗာလမ်းနေ ဦးဝင်းမြိုင် ၈/ပခက(နိုင်)၁၆၈၃၈၃ နှင့် ဦးမောင်ဝင်းသည်တစ်ဦး တည်းဖြစ်ပါကြောင်း။ **ဦးဝင်းမြိုင်(ခ)ဦးမောင်ဝင်း ၈/ပခက(နိုင်)၁၆၈၃၈၃**

ချာချီးယား
ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။
09-681 9020
09-510 1862

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄/၅)၊ မြေကွက်အမှတ် (၁၆၇/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၆၇/ခ)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဦးစွာနား(ISN-097009) အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက် ဦးစွာနား(ISN-097009)နှင့် အမည်ပေါက်၏ဇနီး ဒေါ်အေးရင်၊ သမီးဒေါ်ကျင်မွေးတို့ ကွယ်လွန်သဖြင့် သားများဖြစ်ကြသော ဦးမြစွမ်(၁၂/လမန(နိုင်)၁၂၂၇၃၅)၊ ဦးမြင့်လှိုင်(၁၂/ရှပသ(နိုင်)၀၀၈၅၅၈)၊ ဦးလှဝေ(၁၂/ရှပသ(နိုင်)၀၄၃၀၄၈)တို့၏ GP ၃၉၁၄/ဂု. ၁. ၂၀၁၄ ရသူ ဦးဌေးမင်း (၁၄/အမတ(နိုင်)၀၀၅၇၈၅)မှ ကွယ်လွန်သူများ၏ သေစာရင်း သားသမီးတော်စပ်ကြောင်း၊ ကျမ်းကျိန်လွှာ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ပါဝါမရုပ်သိမ်းသေးကြောင်း၊ ကျမ်းကျိန်လွှာတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူး လျှောက်ထားလာရာ တရားဝင်ပိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သတင်းတိုများ

မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ၂၀၁၆ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဗန်းမော်မြို့ပေါ်ရှိ ရပ်ကွက်များမှ ယိမ်းအကများနှင့် နယ်မြေခံ တပ်ရင်းတပ်ဖွဲ့မှ သင်္ကြန်ယိမ်းအကများဖြင့် သင်္ကြန်ရက်များတွင် နေ့ရော ညပါ ကပြဖျော်ဖြေကြမည်ဖြစ်ပြီး ဗဟိုမဏ္ဍပ်ကို မြို့မရပ် ကမ်းနားလမ်းတွင် တည်ဆောက်လျက်ရှိသည်။ သင်္ကြန်ကာလအတွင်း ဒုစရိုက်မှုခင်းများ မဖြစ်ပေါ်စေရေး၊ ယာဉ်ထိခိုက်မှုအန္တရာယ် လျော့နည်းစေရေး၊ ပြည်သူများအေးချမ်းသာယာပျော်ရွှင်စွာ ရေကစားနိုင်ရေးတို့အတွက် လုံခြုံရေး စီမံချက်များချမှတ်၍ ဆောင်ရွက်မည်ဖြစ်ကြောင်း ခရိုင်မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ဖြစ်မြောက်ရေး ကော်မတီထံမှ သိရသည်။

ဝါဝါ(ဗန်းမော်)

လူငယ်ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်မှ ကြီးမှူးဖွင့်လှစ်သော လူငယ်ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို ဧပြီ ၅ ရက်က ပုသိမ်ညွန့်ရပ်ကွက် သဒ္ဓမ္မဇျူဟာဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်သော ဓမ္မဇေယျာစာသင်တိုက်မှ ဆရာတော်ဦးဥက္ကံသ(နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်)က သြဝါဒ စကားပြောကြားခဲ့သည်။ အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုထွေး၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့နယ်ကော်မရှင်၊ ဘာသာပေါင်းစုံအဖွဲ့၊ ရပ်မိရပ်ဖများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့သည်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

ကလေးဗဟိုပြုသင်ယူချဉ်းကပ်နည်းသင်တန်း ဖွင့်လှစ်

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်တွင် ကလေးဗဟိုပြုသင်ယူချဉ်းကပ်နည်း (CCA) သင်တန်းကို ဧပြီ ၄ ရက် က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

သင်တန်းကာလမှာ ဧပြီ ၄ ရက်မှ ၈ ရက်အထိ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ ယခုလို သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်မှာ နိုင်ငံ့သားကောင်းရတနာလေးများ ပေါ်ပေါက်လာစေရန်၊ အရည်အချင်းပြည့်ဝသော ဆရာ ဆရာမများဖြစ်လာစေရန်၊ လာမည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ဆရာကြီးဦးငွေသူရက ပြောသည်။

မျိုးလှိုင်(တွံတေး)

ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် လျှပ်စစ် မှူးရုံးအုပ်ချုပ်မှုနယ်မြေအတွင်းရှိ (၄၀၀) ဗို့ခာတ်အားလိုင်းမှ ဆွဲးမြည့် သစ်သားတိုင်နှင့် သံတိုင် ၂၀၈ တိုင်တို့အား ကွန်ကရစ်တိုင် သံလက်တန်းဖြင့် အစားထိုးလဲလှယ်ခြင်းနှင့် ဇီးကုန်းမြို့လယ်ဦးစုလမ်း၊ ဗိုလ်ရုံလမ်းနှင့် သိမ်ကြီးရိုးလမ်းတို့တွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးစီ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေဖြင့် မြို့နယ် လျှပ်စစ်မှူး ဦးဟန်ဆွေဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ မတ် ၃၁ ရက်တွင် လုပ်ငန်းအားလုံး ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

မောင်ရွှေဝင်း(ပြည်)

နွေရာသီအခြေခံအားကစားသင်တန်းဆင်း

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် အားကစားနှင့်ကာယပညာကော်မတီမှ ကြီးမှူးသော ၂၀၁၆ ခုနှစ် နွေရာသီဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ အေရိုးဗစ် အခြေခံနွေရာသီအားကစား သင်တန်းဆင်းပွဲကို ဧပြီပထမပတ်က ရွှေနံ့သာအားကစားကွင်း၌ကျင်းပရာ ကော်မတီဝင်များနှင့် မြို့နယ်အားကစားမှူး ဒေါ်ခိုင်ဇာဝေတို့က သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်နှင့် အတန်းလိုက်အားကစား ထူးချွန်ဆုများ ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

မျိုးမင်းသိန်း(မရန်းကုန်း)

ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အတွင်းသို့ ၄၁ ရက်ကြာ ခြေလျင်ခရီးကြမ်းထွက်

ပန်နန်းဒင် ဧပြီ ၇

တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း၊ သဘာဝခေါ်သံဖောင်ဒေးရှင်း၏နာယက ပါမောက္ခသမားတော်ကြီး ဒေါက်တာခင်မေအုန်းနှင့်ဥက္ကဋ္ဌ ဦးမျိုးသန့်တို့ဦးဆောင်၍ အဖွဲ့ဝင် ၁၄ဦးနှင့် လမ်းပြအထမ်းဝန်ထမ်း ၁၀၀ ခန့် ပါဝင်သော တောင်တက်ခရီးကြမ်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၃၀ရက်အထိ ပူတာအိုခရိုင် နောင်မွန်မြို့နယ် ပန်နန်းဒင်မြို့ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ကြီးအတွင်းသို့ ၄၁ ရက်ကြာ အသွားအပြန် မိုင် ၂၅၀ခန့် ခြေလျင်ခရီးကြမ်းထွက်ခွာခဲ့ကြောင်း သိရသည်။

အဆိုပါ ခရီးကြမ်းအဖွဲ့သည် ရောက်ရှိရာဒေသ တိုင်းရင်းသားကျေးရွာ ၁၂ ရွာနှင့် စခန်းလေးခုတို့တွင် အခမဲ့ဆေးဝါးကုသပေးခြင်း၊ အဝတ်အထည်၊ ရိက္ခာ၊ စာအုပ်စာတမ်းနှင့်ကျေးရွာဖွံ့ဖြိုးရေး၊ ပညာရေးဖွံ့ဖြိုးရေးရန်ပုံငွေများ၊ ခရစ်ယာန်ဘုရားကျောင်းများနှင့် ဗုဒ္ဓဘာသာဓမ္မာရုံများအတွက် ရန်ပုံငွေများ၊ အလှူငွေများ လှူဒါန်းခဲ့ကြကြောင်း၊ အထူးသဖြင့် ဝေးလံခေါင်ပါး၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး စေတီပုထိုးမရှိသေးသည့် မြန်မာ့အနောက်မြောက်စွန်း စိန်ခူးဝမ်မြစ်ကြောင်းတစ်လျှောက်ရှိ တိဗက်-မြန်မာကျေးရွာများ ဖြစ်ကြသည့် တအွန်ဒမ်းရွာတွင် (လောကနန္ဒစေတီတော်)၊ ဂူဘားရွာတွင် (လောကသယမ္ဘူစေတီတော်)၊ မဒိန်းရွာတွင် (လောကဝိဒူစေတီတော်) ဟူသော ရွှေတိဂုံပုံတော်တူ ဂန္ဓကုဋိတိုက်အောက်ခံရွှေရောင် စတီးစေတီတော် သုံးဆူကိုတည်ထား၍ ထီးတော်၊ စိန်ဖူးတော် အထွတ်တင်မင်္ဂလာများ ကျင်းပပေးခဲ့သည့်အပြင် တအွန်ဒမ်းရွာအတွက်လည်း ဓမ္မာရုံဆောက်လုပ်ပေးထားခဲ့ကြောင်း သိရသည်။

တောင်တက်အဖွဲ့သည် အပြန်ခရီးတွင် မေခမြစ်၏မြစ်လက်တက် ကဆန်ခချောင်း၊ နမ့်တမိုင်ချောင်းနှင့် အဒွန်ဝမ်ချောင်းအတိုင်း မြန်မာ့မြောက်ဘက်အစွန်းဆုံး တဟွန်ဒမ်းကျေးရွာအထိသွားရောက်၍ ခရီးတစ်လျှောက်ကျေးရွာများတွင် လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

လူမှုအကျိုးပြုလုပ်ငန်းအောင်မြင်ရန် ပူတာအိုမြို့နယ် သြဝါဒါစရိယ သာယာကုန်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဦးတိလောက အမှူးပြုသောသံဃာတော်များ၊ ပူတာအိုဒေသစစ်ဘက်နယ်ဘက်မှ ပုဂ္ဂိုလ်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းကူညီပေးခဲ့ကြကြောင်း သိရသည်။

အောင်သူရ

ဂျပန်နိုင်ငံရှေ့နေအဖွဲ့ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တရားရုံးသို့ လာရောက်လေ့လာ

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် တရားရုံးသို့ ဂျပန်နိုင်ငံ ရှေ့နေများအဖွဲ့၊ တရားရုံး၏ တရားခွင်ကြားနာစစ်ဆေးမှုများအား လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ Gunma Bar Association မှ ရှေ့နေ Tomoyuki Tsuji ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အဖွဲ့ဝင် ၁၂ ဦးလိုက်ပါ၍ ဧပြီ ၅ ရက် နံနက် ၉ နာရီခွဲက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တရားရုံးသို့ လာရောက်လေ့လာရာ ခရိုင်တရားသူကြီး ဦးမြင့်ကျော်၊ ဒုတိယခရိုင်တရားသူကြီး ဦးကျော်သောင်းအောင်တို့မှ ကြိုဆိုကြပြီး ရုံးတော်တွင် တရားလို၊ တရားခံစစ်ဆေးကြားနာမှုအား ကြည့်ရှုလေ့လာခဲ့ပြီး တရားစီရင်ရေးနှင့်ပတ်သက်၍ အဆင့်ဆင့်ကို ခရိုင်တရားသူကြီး ဦးမြင့်ကျော်နှင့် ဒုတိယခရိုင်တရားသူကြီးတို့မှ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ရွှေဘို-မြစ်ကြီးနားလမ်း(နန့်စီးအောင်-မြစ်ကြီးနား)လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိ

မြစ်ကြီးနား ဧပြီ ၇

ရွှေဘို-မြစ်ကြီးနားကားလမ်းသည် ကချင်ပြည်နယ်ဘက်တွင် ၁၆၈ မိုင်ရှိသည်။ နန့်စီးအောင်ကျေးရွာ မိုင်တိုင်အမှတ် ၂၈၉မှ မြစ်ကြီးနားမြို့အထိ ၁၂၁ မိုင်ကို ယခင်က ကုမ္ပဏီများသို့ B.O.T စနစ်ဖြင့် တာဝန်ပေး ချထားဆောင်ရွက်စေခဲ့သော်လည်း ထင်ရှားသောအောင်မြင်မှု မရရှိခဲ့သည့်အတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဦးစီးဌာနက ၂၀၁၂ ခုနှစ်တွင် ပြန်လည်သိမ်းယူပြီး လမ်းဦးစီးဌာနမှ အပိုင်းလိုက်တာဝန်ခွဲဝေယူပြီး လမ်းများကို အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ခွဲဝေတာဝန်ပေးချထားရာတွင် မိုင်တိုင်အမှတ် (၁၉၈)မှ (၁၉၃)အထိ ၁၅ မိုင်ကို လမ်းအထူးအဖွဲ့ကြီး အမှတ်(၂)မှ လည်းကောင်း၊ မိုင်တိုင်အမှတ် (၁၈၃)မှ မိုင်တိုင်အမှတ်(၂၁၂)အထိ ၂၉ မိုင်ကို မိုးညှင်းခရိုင် လမ်းအထူးအဖွဲ့က လည်းကောင်း၊ မိုင်တိုင်အမှတ်(၂၁၂)မှ မိုင်တိုင်အမှတ် (၂၃၂)အထိ မိုင် ၂၀ ကို အထူးအဖွဲ့စီမံကိန်းကြီးများ(၄)ကလည်းကောင်း၊ မိုင်တိုင်အမှတ်(၂၃၂)မှမိုင်တိုင်အမှတ်(၂၅၂)အထိ မိုင် ၂၀ ကိုလမ်းအထူးအဖွဲ့ (၁၄)က လည်းကောင်း၊ မိုင်တိုင်အမှတ်(၂၅၂)မှ မိုင်တိုင်အမှတ်(၂၈၉)အထိ B.O.T (၃၂)မိုင်အပါအဝင် ၃၇ မိုင်ကို မြစ်ကြီးနားခရိုင်တို့က အသီးသီး တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် နန့်စီးအောင်-မြစ်ကြီးနားအပိုင်းကို လမ်းဦးစီးဌာနက တင်ဒါစနစ်ဖြင့် ကုမ္ပဏီများသို့ တာဝန်ပေးဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမှ နန့်စီးအောင်အထိ တစ်လမ်းလုံး ၁၂ ပေအကျယ် ကတ္တရာလမ်း ဖြစ်သွားခဲ့သည်။

တစ်ဖန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြစ်ကြီးနားမှ ဟိုပင်အထိကို ၁၈ ပေလမ်း အကျယ်ချဲ့ခင်းနိုင်ခဲ့ပြီး အဓိကတံတားကြီး ကိုးစင်းအား သံကူကွန်ကရစ်အဖြစ် တည်ဆောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရွှေဘို-မြစ်ကြီးနားလမ်းမှ နန့်စီးအောင်- မြစ်ကြီးနားအပိုင်း ကတ္တရာလမ်းဖြစ်သွား၍ နန့်စီးအောင်၊ မော်ဟန်၊ မိုးညှင်း၊ အင်းကုန်း၊ ဟိုပင်၊ နန့်ခွင်၊ ပွင့်ဖြူ ကုန်းတဲကြီး၊ ပင်တောကျေးရွာ၊ အင်ကြင်းကုန်း၊ သိုက်ဝါးကုန်း၊ ဇော်နီ၊ ကညင်မြိုင်၊ မံရွှတ်၊ မိုးကောင်း၊ နမ္မတီး၊ ဖရင်းရှထော်မော်ဖောင်း စသည့်ကျေးရွာများနှင့် မြို့နယ်ပေါင်း ၂၀ ကျော်တို့မှာ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်

ရွှေဘို-မြစ်ကြီးနားကားလမ်းမှ နန့်စီးအောင်-မြစ်ကြီးနားအပိုင်း ကားလမ်းတစ်နေရာကို တွေ့ရစဉ်

သကြင်္န်ရက်နီးလာသဖြင့် စည်းကမ်းပျက်ဆိုင်ကယ်များအား အဖွဲ့အစည်းပေါင်းစုံဖြင့် အားဖြည့်ဖမ်းဆီးလျက်ရှိ

ကျောက်ပန်းတောင်း ဧပြီ ၇
မဟာသင်္ကြန်ကာလ နီးလာသည်နှင့်အမျှ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ယာဉ်စည်းကမ်းထိန်းသိမ်းရေး အတွက် စည်းကမ်းပျက်မော်တော်ဆိုင်ကယ်စီးနင်းသူများကို အဖွဲ့အစည်းပေါင်းစုံဖြင့် အင်အားဖြည့်ဖမ်းဆီး၍ အရေးယူမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့က ဆိုင်ကယ်စီးဦးထုပ်မဆောင်းတာ၊ လမ်းပြောင်းပြန်စီးတာ၊ နှစ်ယောက်ထက်ပိုပြီး တင်ဆောင်စီးနင်းတာနဲ့ ပုံမှန်မဟုတ်တဲ့ အိတ်ဇောပြောင်းတွေကို အဓိကထားပြီး ဖမ်းဆီးတာပါ။ ဆိုင်ကယ်စီး ဦးထုပ်ဆိုတာလည်း ဆိုင်ကယ်စီးနင်းသူရဲ့ အသက်အန္တရာယ်ကို ကာကွယ်ပေးဖို့ပါ။ ကျွန်တော်တို့က သူတို့အသက်အန္တရာယ် မထိခိုက်စေဖို့အတွက် အမုန်းခံပြီး ဖမ်းဆီးနေရတာပါ။ နောက်ပြီး အခုက သင်္ကြန်နားနီးလာပြီဆိုတော့ ပတ်ဝန်းကျင် စိတ်အနှောင့်အယှက် ဖြစ်စေလောက်အောင် ဆူညံသံပေးမယ့် ပါဝါအိတ်ဇောတွေကို ညဘက်မှာ သီးခြားအချိန်ပေးပြီး စစ်ဆေးဖမ်းဆီးနေပါတယ်။ ဖမ်းဆီးတဲ့အခါမှာ ကျွန်တော်တို့က သူတို့ဆီကနေ အုံနာဘုတ်တို့ ဝီးတက်တို့ကို ယူထားလိုက်ပြီး ချလံဖြတ်ပေးလိုက်တာပါ။ နောက်နေ့မှ ရုံးချိန်အတွင်း တရားရုံးမှာ ဒဏ်ငွေဆောင်ခိုင်းတာပါ"ဟု ကျောက်ပန်းတောင်းမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်သျှန်အောင်က ၎င်းတို့တပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းပြသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ပုံမှန်အားဖြင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များနှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့က စည်ပင်သာယာဈေးပတ်လမ်း၊ ဘူတာလမ်းဆုံ၊ ရုပ်ရှင်ရုံရှေ့နှင့် မီးသတ်လမ်းဆုံများတွင် မော်တော်ဆိုင်ကယ် ဦးထုပ်မဆောင်းသူများ၊ ဈေးပတ်လမ်းတွင် လမ်းပြောင်းပြန်စီးသူများနှင့် နှစ်ယောက်ထက် ပိုမိုတင်ဆောင် စီးနင်းသူများကို အဓိကထား၍ ဖမ်းဆီးအရေးယူမှုများပြုလုပ်ခဲ့သော်လည်း မော်တော်ဆိုင်ကယ်စီးနင်းသူ အများစုမှာ စည်းကမ်းလိုက်နာမှု အားနည်းလျက်ရှိသည်။

ထို့ကြောင့် ယခုအခါ သင်္ကြန်ကာလနီးလာသဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့အပြင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီနှင့် စည်ပင်သာယာအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပရဟိတကွန်ရက်များမှ အဖွဲ့ဝင်များ ပူးပေါင်း၍ နံနက်ပိုင်းတစ်ကြိမ်၊ ညနေပိုင်းတစ်ကြိမ်နှင့်ညပိုင်းတစ်ကြိမ် တိုးမြှင့်စစ်ဆေး ဖမ်းဆီးအရေးယူနေခြင်းဖြစ်ကြောင်း၊ ညပိုင်း ဖမ်းဆီးမှုများကို မတ် ၂၈ ရက်ကပင် စတင်ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ပါဝါအိတ်ဇောပြောင်းတပ်ထားသည့် ဆိုင်ကယ်ရှစ်စီးကို ဖမ်းဆီးအရေးယူထားပြီးဖြစ်ကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

ကျေးရွာအထက၁ တိုးချဲ့ကျောင်းဆောင်သစ် ပညာသင်နှစ်အမီ ပြီးစီးမည်

ကြာအင်းဆိပ်ကြီး ဧပြီ ၇
ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကြခတ်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ ဂျပန်နိုင်ငံမှ ထောက်ပံ့မှုဖြင့် တည်ဆောက်လျက်ရှိသော တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်မှုလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ရာ လာမည့်ပညာသင်နှစ်အမီ ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျောင်းဆောင်သစ်ကို ဂျပန်သံရုံးမှ ဒေါ်လာ ၁၆ သိန်း ထောက်ပံ့မှုဖြင့် KTT ကုမ္ပဏီက တာဝန်ယူတည်ဆောက်ကာ အလျား ပေ ၁၃၀၊ အနံ ၂၅ ပေ၊ အမြင့် ၂၅ ပေရှိပြီး စာသင်ခန်းပေါင်း ရှစ်ခန်းပါဝင်သည့် အာရ်စီနှစ်ထပ်အဆောက်အအုံဖြစ်သည်။ ကျောင်းဆောင်သစ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် အပြီးသတ်ဆောက်လုပ်ရမည်ဖြစ်သော်လည်း ကုမ္ပဏီက ယခုနှစ် ပညာသင်နှစ်အမီ အပြီးတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကြခတ်ချောင်းကျေးရွာသည် ကြာအင်းဆိပ်ကြီးမြို့နှင့် သုံးမိုင်ခန့်အကွာတွင်တည်ရှိပြီး အခြားမြို့များရှိ ကျောင်းသား ကျောင်းသူများ လာရောက်ပညာသင်ကြားကြကာ နှစ်စဉ် တက္ကသိုလ်ဝင်တန်း အောင်ချက် မြင့်မားပြီး ဂုဏ်ထူးရှင်များလည်းထွက်သော ကျောင်းဖြစ်သည်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကရင်ပြည်နယ်တစ်ခုလုံး တက္ကသိုလ်ဝင်တန်း အောင်ချက် ပထမရရှိသောကျောင်း လည်းဖြစ်သည်။

စိုးထက်အောင်(ကော့ကရိတ်)

ရေရှားပါးလျက်ရှိသောဒေသများသို့ သောက်သုံးရေများဖြန့်ဝေ

ရသေ့တောင် ဧပြီ ၇
ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် မူစဲကျွန်းရှိ သောက်သုံးရေပြတ်လပ်နေသော ကျေးရွာများသို့ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိရာ ရေရှားပါးမှုဒဏ်ကို နှစ်စဉ်နှစ်တိုင်းခံစားရသော ပန်ဇင်းမော်ကျေးရွာသို့ ရေဂါလန် ၅၀၀ ကို ဧပြီ ၅ ရက်က သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ရသေ့တောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနအနေဖြင့် မူစဲကျွန်းမှ ရေရှားပါးသောကျေးရွာများ ဖြစ်သည့် ခြေရာတော်၊ သာစည်ထောင့်၊ အငူမော်နှင့် ကုန်တန်းရွာများသို့ မတ် ၂၄ ရက်မှစ၍ သောက်ရေများ ဖြန့်ဖြူးပေးနေခြင်းဖြစ်ရာ ပန်ဇင်းမော်ကျေးရွာသို့ ရေဖြန့်ဝေပေးမှုမှာ တတိယအကြိမ်ဖြစ်ကြောင်း သိရသည်။

ယခင်နှစ်များက ယခုကဲ့သို့ သောက်သုံးရေလှူဒါန်းခြင်း၊ ရေများ သန့်စင်ပေးခြင်း၊ အဝီစိတွင်းများ တူးဖော်ပေးခြင်းစသည်တို့ မရှိသောကြောင့် ကျေးရွာမှ နှစ်မိုင်ခန့် ဝေးသော ညောင်ပင်ကြီးကျေးရွာသို့ သွားရောက်၍ ရေခပ်ရကြောင်း၊ ယခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရေ လာရောက်ဖြန့်ဝေပေးသဖြင့် အဆင်ပြေကြောင်း ပန်ဇင်းမော်ကျေးရွာမှ ပြည်သူတစ်ဦးက ပြောသည်။

ရသေ့တောင်မြို့နယ် မူစဲကျွန်းတွင် ကျေးရွာပေါင်း ၄၂ ရွာရှိပြီး ပန်ဇင်းမော်ကျေးရွာမှာ နှစ်စဉ်နှစ်တိုင်း ရေရှားပါးမှုဒဏ်ကို ခံရလေ့ရှိကြောင်း၊ ယခုနှစ်တွင် ကိုမန်မုန်တိုင်း တိုက်ခတ်ခဲ့မှုကြောင့်လည်း ကျေးရွာရှိ ရေကန်နှစ်ကန်အနက် တစ်ကန်မှာ ဆားငန်ရေများဝင်ရောက်၍ ပျက်စီးခဲ့သဖြင့် ကျေးရွာရှိ လူဦးရေ ၇၂၀ ခန့်အတွက် ရေလိုအပ်လျက်ရှိကြောင်း၊ ရေအခက်အခဲ အဆင်ပြေစေရန်အတွက် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနက ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးခြင်း၊ ရွှံ့လျှားရေသန့်စက်ဖြင့် ရေကန်များမှရေကို သန့်စင်၍ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကာ ရေရှည်အသုံးပြုနိုင်ရန်အတွက် ပေ ၂၀၀ မှ ၃၀၀ အထိ အနက်ရှိမည့် အဝီစိတွင်းကိုလည်း စမ်းသပ်တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

တွင်းတိမ်အဝီစိတွင်းများမှာ ဆားဓာတ် ပါဝင်မှုများသောကြောင့် သောက်သုံးရေမရနိုင်သဖြင့် ပေ ၃၀၀ ခန့်အနက်ရှိ အဝီစိတွင်းကို စမ်းသပ်တူးဖော်နေခြင်းဖြစ်ကြောင်း၊ စမ်းသပ်တူးဖော်နေသော တွင်းနက်အဝီစိတွင်းမှ သောက်သုံးရေရရှိပါက ထပ်မံပြီး အဝီစိတွင်းတစ်တွင်း တူးပေးမည်ဖြစ်ကာ နှစ်တွင်းလုံးမှ ရေချိုရရှိပါက ဒေသခံပြည်သူများအတွက် နှစ်ပေါင်းသုံးဆယ်ခန့် သောက်သုံးရေဖူလုံနိုင်မည်ဖြစ်ကြောင်း ရသေ့တောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးထွန်းရန်နိုင်သူ၏ ပြောကြားချက်အရ သိရသည်။

မြတ်ဝေ

ကရင်စာပေဆရာဖြစ်သင်တန်းဆင်းပွဲ ကျင်းပ

ကျိုက်ထို ဧပြီ ၇
ကျိုက်ထိုမြို့နယ်လုံးဆိုင်ရာ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှကြီးမှူးဖွင့်လှစ်ခဲ့သည့် ကရင်စာပေ ဆရာဖြစ်သင်တန်း၊ အခြေခံ ကရင်စာပေသင်တန်းနှင့် အင်္ဂလိပ်စကားပြောသင်တန်းများ၏ သင်တန်းဆင်းပွဲကို ကျိုက်ထိုမြို့နယ် ကင်ပွန်းချောင်းကျေးရွာ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီရုံး၌ ဧပြီ ၅ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစောမြင့်ရွှေက အမှာစကားပြောကြားပြီး ကျိုက်ထိုမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစံမြက တိုင်းရင်းသားတိုင်းရင်းသူများ အနေဖြင့် မိခင်ဘာသာစကားနှင့် စာပေကို ချစ်မြတ်နိုးသလို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ဖို့လိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းတွင်လာရောက်သင်ကြားပို့ချပေးသော ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုဆုများနှင့်အတူ အောင်လက်မှတ်များကို နာယကဦးစိန်အောင်မင်း၊ ဥက္ကဋ္ဌဦးစောမြင့်ရွှေနှင့် ကော်မတီဝင်များက ပေးအပ်ချီးမြှင့်ခဲ့သည်။ သင်တန်းကို ရက်သတ္တသုံးပတ်ကြာ သင်ကြားပို့ချပြီး သင်တန်းသား သင်တန်းသူ ၉၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

ပြည် ဧပြီ ၇
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်ခရိုင် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ဧပြီလ ပထမပတ်က ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်သွဲ့သွဲ့ဝင်းက အမှာစကားပြောကြားသည်။ သင်တန်းသို့ ပြည်ခရိုင် လူမှုဝန်ထမ်းရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းဌေးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့မှ သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလ နှစ်ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

မျိုးကျော်ကြီး(ပြန်/ဆက်)

သစ်ခိုးထုတ်မှုများ ပျောက်ကွယ်သွားရန်အတွက် တရားဝင်သစ်ခွဲစက်များဖြင့် ရောင်းချပေးရန်လိုအပ်

ကသာ ဧပြီ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်း၌ ဒေသဖွံ့ဖြိုးတိုးတက်လာမှုကြောင့် နေအိမ်တိုက်တာအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်လာကြရာတွင် သစ်များကို မြို့တွင်း၌ လွတ်လပ်စွာဝယ်ယူနိုင်သော အစိုးရအသိအမှတ်ပြု သစ်စက်များ တည်ထောင်ထားရှိခြင်းမရှိသဖြင့် သစ်လိုအပ်ချက်အတွက် သစ်ခိုးထုတ်ရောင်းချသော လုပ်ငန်းများကိုသာ အားကိုးမှီခိုနေရကြောင်းနှင့် သစ်တောဦးစီးဌာနအနေဖြင့် တရားဝင်အသိအမှတ်ပြု သစ်စက်များထားရှိ၍ ပြည်သူများထံ တိုက်ရိုက်ရောင်းချပေးပါက တရားမဝင်သစ်စက်လုပ်ငန်းများ လျော့ကျလာစေနိုင်ကြောင်း ဒေသခံအချို့က ပြောသည်။

လက်ရှိအချိန်တွင် ကသာခရိုင်အတွင်း၌ ဒေသခံပြည်သူများ၏ သစ်လိုအပ်ချက်အရ မှာယူကြခြင်းကြောင့် သစ်တောများတွင် တရားမဝင်သစ်စက်များ တည်ထောင်လည်ပတ်ကာ တရားမဝင်ရောင်းချမှုများ ရှိနေသည်။ တရားမဝင်သစ်ခိုးထုတ်မှုလျော့ကျရေးအတွက် ကသာခရိုင် သစ်တောဦးစီးဌာနကလည်း ခရိုင်အတွင်းရှိ သစ်တောများသို့ ကွင်းဆင်းစစ်ဆေးလျက်ရှိရာ ဧပြီ ၁ ရက်တွင် ပင်လည်ဘူးမြို့နယ် နောင်ပူအင်းရွာ အရှေ့ဘက် နှစ်မိုင်ကျော်ခန့်ရှိ သစ်တောအတွင်း၌ တရားမဝင်ထုတ်လုပ်နေသော အင်သစ်နှင့် ကျွန်းသစ်လုံးများ စုစုပေါင်းအလေးချိန် ၃၆ တန်ဝန်းကျင်ခန့်ကို ဖမ်းဆီးရမိခဲ့ပြီး ဧပြီ ၂ ရက်တွင် ပင်လည်ဘူးမြို့နယ် နောင်ပူအင်းကျေးရွာနှင့် ကျောက်ဦးကျေးရွာများအနီးတွင် သစ်ရာနှင့် အင သစ်လုံးများ အလေးချိန်တန် ၅၀ ကျော်၊ နှစ်ရက်ပေါင်း သစ်မျိုးစုံ အလေးချိန် ၈၈ ဒသမ ၂၂ တန်ကို ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

ထိန်းသိမ်းထားသော သစ်လုံးများကို ကသာခရိုင် သစ်တောဦးစီးဌာနမှူး ဦးစိုးတင့်၊ ကောလင်းမြို့နယ် သစ်တောဦးစီးဌာနမှူး ဦးချစ်လှိုင်၊ ပင်လည်ဘူးတောအုပ် ဦးကျော်မင်းနိုင်နှင့် သစ်တောဝန်ထမ်းများ ဒေသခံများ ပူးပေါင်း၍ ထိန်းသိမ်းခဲ့ကြပြီး တရားမဝင်သစ်စက်လည်ပတ်သူနှင့် သစ်ခုတ်သူများကို အရေးယူနိုင်ရန်လည်း ဆောင်ရွက်ထားကြောင်း သိရသည်။

ထို့အပြင် တရားမဝင် သစ်ထုတ်လုပ်မှု လျော့ကျရေးအတွက် ကသာမြို့နယ် အရှေ့ဘက်ကမ်း ကျောက်ထုံးကျေးရွာနယ်မြေအတွင်း ယင်းခဲကြိုးဝိုင်းအနီးရှိ သပြေပင်ကျေးရွာ၊ မာဂရီကျေးရွာ၊ သာယာကုန်းကျေးရွာနှင့် အင်းဒေါင်းကြိုးဝိုင်းများ ပတ်ဝန်းကျင်တွင်နေထိုင်သော ကျေးရွာများမှ ဒေသခံပြည်သူများကိုလည်း တရားမဝင်သစ်ထုတ်လုပ်မှုများ မရှိစေရေးအတွက် ပညာပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒေသခံတစ်ဦးကမူ တရားမဝင် သစ်ထုတ်လုပ်မှုများ လျော့နည်းကျဆင်းစေရန်အတွက် သစ်တောဦးစီးဌာနအနေဖြင့် ဖမ်းဆီးရမိသောသစ်များကို လေလံတင်ရောင်းချခြင်းမပြုဘဲ သစ်ထုတ်ရေးဌာနမှ တရားဝင်သစ်စက်များ တည်ထောင်ကာ ဒေသခံပြည်သူများ၏ သစ်လိုအပ်မှုကို ဖြည့်ဆည်းပေး၍ ပြည်သူများထံတိုက်ရိုက်ရောင်းချသည့်စနစ် ပြုလုပ်ပေးပါက တရားမဝင်သစ်စက်လုပ်ငန်းများကို လျော့ကျလာစေမည်ဖြစ်သလို နိုင်ငံဘဏ္ဍာငွေကို တိုးပွားစေရန်လည်း အထောက်အကူပြုမည်ဖြစ်ကြောင်း အကြံပြုပြောကြားသည်။

ငွေအိုး(ကသာ)

နွေရာသီ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေ

ရေး ဧပြီ ၇

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း၌ ၂၀၁၆ ခုနှစ် နွေရာသီ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုများကို ဧပြီ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိပြီး ရေးမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် စာသင်ဝိုင်းပေါင်း ၆၅ ဝိုင်းဖြင့် စာသင်သား ၆၅၁ ဦးအား သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

စာသင်ကြားပေးရာတွင် မော်လမြိုင်တက္ကသိုလ်မှ ကြီးကြပ်ဆရာ ဆရာမ ၁၀ ဦး၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၆၅ ဦးနှင့် မြို့နယ်ပညာရေးဌာန၏ အစီအစဉ်ဖြင့် ဒေသခံ ဆရာ ဆရာမ ၆၅ ဦးတို့ ပူးပေါင်းကာ ဧပြီ ၁ ရက်မှစ၍ စာသင်ဝိုင်းများ ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်ပြီး သင်ကြားရေးကာလမှာ မေ ၁၅ ရက်အထိ ဖြစ်သည်။

"သင်ကြားရေးအပိုင်းမှာ မြန်မာစာကို အရင်ရေးဖတ်တတ်ပြီးမှ သင်္ချာကို ဆက်လက်သင်ကြားပေးပါတယ်။ တိုင်းရင်းသားလူမျိုးတွေ များတဲ့အတွက် ဘာသာစကားအပြင် အသက်ကြီးတဲ့သူတို့မှာ အရှက်တရား ရှိနေလို့ သူတို့အားလပ်တဲ့အချိန်ကိုပေးပြီး အိမ်တိုင်ရာရောက်သင်ကြားပေးရပါတယ်။ သင်ကြားရေးကာလမှာ လိုအပ်တဲ့ အကူအညီတွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေက စီစဉ်ဆောင်ရွက်ပေးထားလို့ အဆင်ပြေပါတယ်" ဟု မော်လမြိုင်တက္ကသိုလ်မှ ကြီးကြပ်ဆရာမ ဒေါ်ခက်ခက်ဟန်က ပြောသည်။

စာသင်ဝိုင်းများတွင် အသက် ၁၅ နှစ်မှ ၅၅ နှစ်အရွယ်အထိ စာမတတ်သူများကို သင်ကြားပေးနေသည့်အပြင် ကျောင်းပြင်ပမှ ကလေးများကိုလည်း သီးခြားအချိန်ယူပြီး သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

နွေရာသီ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဖွင့်ပွဲအခမ်းအနားကိုလည်း ရေးမြို့နယ် အစင်စံပြကျေးရွာ အထကကျောင်း၌ ဧပြီ ၆ ရက်က ကျင်းပခဲ့ပြီး မွန်ပြည်နယ် အစိုးရအဖွဲ့ဝင် ပအိုဝ်းတိုင်းရင်းသားဝန်ကြီး ဒေါ်စံဝင့်ခိုင်နှင့် တာဝန်ရှိသူများက လုပ်အားပေးဆရာ ဆရာမများအား ဝတ်စုံ၊ ဦးထုပ်နှင့် ဘောပင်များ ပေးအပ်ခဲ့သည်။

နေမျိုးထွဋ်(ရေး)

ကရင်စာပေနှင့် ယဉ်ကျေးမှုသင်တန်းဆင်းပွဲကျင်းပ

သုဝဏ္ဏဝတီ ဧပြီ ၇

ကရင်ပြည်နယ် ကရင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုအရ မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ဝင်းပကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ တတိယအကြိမ် ဖွင့်လှစ်သင်ကြားခဲ့သော ကရင်စာပေနှင့် ယဉ်ကျေးမှုသင်တန်း၏ သင်တန်းဆင်းပွဲကို ဧပြီ ၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ပိုးကရင်ဘာသာကို မူလတန်းအဆင့်နှင့် ပထမတန်းအဆင့် အတန်း နှစ်တန်းခွဲ၍ သင်ကြားပေးခဲ့ပြီး ကျောင်းသား ကျောင်းသူ ၁၅၇ ဦး သင်ကြားကာ စကောကရင်ဘာသာကို မူလတန်းအဆင့် သင်ကြားပေး၍ ကျောင်းသား ကျောင်းသူ ၂၃ ဦးသင်ကြားခဲ့ကြောင်း၊ သင်တန်းများကို မတ် ၂၃ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး နှစ်ပတ်ကြာသင်တန်းဖြစ်ကာ စာမေးပွဲကို ဧပြီ ၆ ရက် နံနက်ပိုင်းက စစ်ဆေးခဲ့ပြီး သင်တန်းဆင်းပွဲကို ဧပြီ ၇ ရက်က ကျင်းပခဲ့ခြင်းဖြစ်သည်။

ခွန်(ဝင်းပ)

တီဘီရောဂါ တိုက်ဖျက်ရေးစီမံချက် မြို့နယ်အဆင့်ရှင်းလင်း

ဆိပ်ဖြူ ဧပြီ ၇

ကမ္ဘာ့ရန်ပုံငွေအဖွဲ့၏ ထောက်ပံ့မှုဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းနှင့် UMOPS တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် တီဘီရောဂါတိုက်ဖျက်ရေး စီမံချက်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ မြို့နယ်အဆင့်ရှင်းလင်းပွဲကို မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသဲဖြူခန်းမ၌ ဧပြီ ၅ ရက်က ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်မျိုးနှင့် မြို့နယ်ပြည်သူ့ဆေးရုံမှ ဒေါက်တာထင်ကျော်မင်းတို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း(ရုံးချုပ်)မှ ဘဏ္ဍာရေးမှူး ဦးကိုကိုက အသင်း၏ လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ လက်ထောက်စီမံချက် မန်နေဂျာ ဦးမျိုးသန့်နိုင်နှင့် စီမံချက်အရာရှိ ဦးကောင်းထက်ရဲတို့က တီဘီရောဂါတိုက်ဖျက်ရေးစီမံချက် အကောင်ထည်ဖော်ဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆိပ်ဖြူမြို့နယ်တွင် တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်ကို ၂၀၁၃ ခုနှစ် မတ်လမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လူထုအတွင်း ကျန်းမာရေးအသိပညာပေးခြင်း၊ တီဘီရောဂါသံသယရှိသူများအား ဆောလျင်စွာဖော်ထုတ်နိုင်ရေးအတွက် စစ်ဆေးခြင်းနှင့် တီဘီရောဂါပိုးရှိလူနာများအား ဆေးကုသမှုခံယူနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်းများကို မြို့နယ်စီမံချက်ညှိနှိုင်းရေးမှူး နှစ်ဦးကကြီးကြပ်ကာ စေတနာ့ဝန်ထမ်း လုပ်သား ၁၆ ဦးဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိအချိန်အထိ တီဘီရောဂါဝေဒနာရှင် ၈၇ ဦး ရှာဖွေနိုင်ခဲ့ပြီး ၆၈ ဦး တီဘီရောဂါကင်းစင်သွားပြီဖြစ်ကြောင်း၊ မြို့နယ်အတွင်းရှိ တီဘီရောဂါ သံသယရှိလူနာများကို ဖော်ထုတ်၍ သလိပ်စစ်ခြင်း၊ ရောဂါရှိလူနာများကို ဆေးကုသမှုခံယူစေခြင်းများအပြင် လူနာများအတွက် အာဟာရဖြစ်အစားအစာများ၊ ကျန်းမာရေးအသုံးအဆောင်များနှင့် ခရီးစရိတ်များ ထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိသည်။

စိုးလင်းနိုင် (ပြန်/ဆက်)

သင်္ကြန်အကြိုကာလ ယာဉ်စည်းကမ်းပညာပေးလုပ်ငန်းများ ဆောင်ရွက်

ထီးလင်း ဧပြီ ၇

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့၌ သင်္ကြန်အကြိုကာလ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း

ပညာပေးလုပ်ငန်းများနှင့် မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ထီးလင်းမြို့နယ် ရဲတပ်ဖွဲ့ဝင်များက ဧပြီ ၆ ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှုများ မဖြစ်စေရန်နှင့် ပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဆောင်ရွက်လျက်ရှိပြီး မှုခင်းကျဆင်းရေးအတွက်လည်း မြို့ပေါ်ရှိ ဆေးဆိုင်များတွင် တားမြစ်ဆေးဝါးများ ရောင်းချခြင်း ရှိ မရှိကို စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရေလိုအပ်လျက်ရှိသည့်ကျေးရွာသို့ သောက်သုံးရေများဖြန့်ဝေပေး

ယင်းမာပင် ဧပြီ ၇

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ရွှေပန်းခိုင်ကျေးရွာအုပ်စုအတွင်းရှိ တယ်ပင်ကန်ကျေးရွာ၌ သောက်ရေ သုံးရှားပါးပြတ်လပ်ကာ ဒေသခံပြည်သူများအတွက် ရေအခက်အခဲဖြစ်နေသဖြင့် ယင်းမာပင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီက ကြီးမှူး၍ သောက်သုံးရေများကို ရေသယ်ယာဉ်များဖြင့် ဧပြီ ၆ ရက်က ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကျေးရွာတွင် သောက်သုံးရေလိုအပ်မှုအခြေအနေနှင့် ပတ်သက်၍ ကျေးရွာသားတစ်ဦးက "ကျွန်တော်တို့ တယ်ပင်ကန်ကျေးရွာမှာ အိမ်ခြေ ၁၈၄ အိမ်၊ လူဦးရေ ၈၅၀ ရှိပါတယ်။ ရွာမှာ စက်ရေတွင်းများ အကြိမ်ကြိမ်တူးဖော်ထားပေမယ့် ရေမထွက်လို့ နှစ်စဉ်ဆောင်းနဲ့ မိုးရာသီမှာ အဆင်ပြေပြီး နွေရာသီမှာဆိုရင် သောက်သုံးရေ ပြတ်လပ်ပါတယ်။ လက်ရှိမှာ သောက်သုံးရေကို ရွာနဲ့ နှစ်မိုင်ခန့်ဝေးတဲ့ စံပယ်တောင် ကြေးနီစီမံကိန်း မြန်မာယန်စီကော်ပါး ကုမ္ပဏီလီမိတက်မှာ စက်ဘီး၊ မော်တော်ဆိုင်ကယ်တွေနဲ့ သွားရောက်သယ်ယူသုံးစွဲနေရပါတယ်"ဟု ပြောသည်။

ရေဖြန့်ဝေပေးရာတွင် ယင်းမာပင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းက ကြီးကြပ်၍ ယင်းမာပင်မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ဇေမိုး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ ယင်းမာပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်သန်း၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးအောင် ဗိုလ်မြင့်တို့ ပူးပေါင်းအဖွဲ့က ဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေယာဉ်တစ်စီးနှင့် ဂါလန် ၈၀၀ ဆံ့ မီးသတ်ရေယာဉ်တစ်စီးတို့ဖြင့် ရေများကို အချိန်မီ သွားရောက်ဖြန့်ဝေပေးခဲ့ခြင်း ဖြစ်သည်။

ယင်းမာပင်မြို့နယ်၌ လတ်တလော ရေပြတ်လပ်နေသော တယ်ပင်ကန်ကျေးရွာသို့ ရေများ ဖြန့်ဝေပေးသည့်အပြင် နွေရာသီကာလအတွင်း ရေပြတ်လပ်နိုင်သော သရက်ကန်၊ မောက်သရက်(ရာန)၊ အောင်ချမ်းသာ၊ အောင်ချမ်းအေး၊ တရော်ကျင်း၊ ကံစုနှင့် ထန်းစင် စသည့် ကျေးရွာ ၁၀ ရွာသို့ သောက်သုံးရေများ ဆက်လက်ပေးဝေနိုင်ရန် အစီအစဉ်များကိုလည်း ယင်းမာပင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီက စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ထွန်းကိုကို(ယင်းမာပင်)

ပြွန်တန်ဆာမြို့ရှိ တရားမဝင်ဆေးဝါးများ ရောင်းချမှုမရှိစေရန် စစ်ဆေး

ညောင်လေးပင် ဧပြီ ၇

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ ဈေးရှိဆေးဆိုင်များနှင့် ကုန်စုံဆိုင်များတွင် ရောင်းချနေသော ဆေးဝါးများနှင့် စားသောက်ကုန်များတွင် စားသုံးသူပြည်သူများ ရောင်းချခြင်းမရှိစေရန်အတွက် တာဝန်ရှိသူများပူးပေါင်း၍ ဧပြီ ၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်မြို့နယ် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်ဦး၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ခံ ဦးမျိုးအောင်၊ ပြွန်တန်ဆာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်မှူးပိုင်တို့ ပါဝင်သော ပူးပေါင်းအဖွဲ့က ဆေးဆိုင်များ၌ စပ်ဆေးများ၊ မှတ်ပုံမတင်ထားသောဆေးများ၊ သက်တမ်းလွန်ဆေးဝါးများ၊ စိတ်ငြိမ်ဆေးများနှင့် တရားမဝင်ဝင်ရောက်နေသော လိင်စိတ်ကြွဆေးများရောင်းချခြင်းမရှိစေရန် စစ်ဆေးခဲ့ပြီး ကုန်စုံဆိုင်များ၌ ခွင့်မပြု ဓာတုဆိုးဆေးပါ စားသောက်ကုန်များ ရောင်းချခြင်းရှိ မရှိတို့ကို စစ်ဆေးခဲ့သည်။ ကွင်းဆင်းအဖွဲ့သည် ဈေးဆိုင်ရှင်များအား စားသုံးသူပြည်သူများ ဘေးကင်းစိတ်ချစေရေး ကိုယ်ချင်းစာတရားထား၍ ရောင်းချကြစေရန်လည်း အသိပညာပေးဟောပြောပြီး ခွင့်မပြုဓာတုဆိုးဆေးပါသော အစားအသောက်အမည်စာရင်း လက်ကမ်းစာစောင်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

သဘာဝတောထိန်းသိမ်းခြင်းလုပ်ငန်းမှ ထင်းများ အခမဲ့ဖြန့်ဝေပေး

မြို့သစ် ဧပြီ ၇

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ယင်း(၃)ကာကွယ်တောအတွင်း သဘာဝတောထိန်းသိမ်းကာကွယ်ခြင်း ဧက ၁၀၀၀ မှ ခမ္မတာမျိုးဆက်ခြင်းဖြစ်သည့် အပင်ပူးခွာခြင်း၊ ပင်စည်မှအကိုင်းအခက်များရှင်းလင်းခြင်း စသည့်လုပ်ငန်းများကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ဆောင်ရွက်စဉ် ထွက်ရှိသည့် ထင်း ၄ ဒသမ ၂၇၆၈ တန်ကို ပတ်ဝန်းကျင်ရှိ နတ်ရွာကျေးရွာမှ အိမ်ထောင်စု ၈၄ စုထံ ဝေငှပေးခဲ့ကြောင်း သိရသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် သစ်တောများထိန်းသိမ်းကာကွယ်ရေးအတွက် စိုက်ခင်းများတည်ထောင်ခြင်း ၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစားထိုးအခြားလောင်စာ အသုံးချရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခြင်း၊ရေရရှိရေးအကောင်အထည်ဖော်ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းကြီး(၄)ရပ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သန်းဝင်းထွန်း(မြို့သစ်)

သမိုင်းဝင် ဆင်ဖြူတောင်၌ ဘုရားပွဲကျင်းပမည်

နေပြည်တော် ဧပြီ ၇

နေပြည်တော် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းမြစ်အရှေ့ဘက်ကမ်းရှိ သမိုင်းဝင်တောင်တော်တစ်ခုဖြစ်သော ဆင်ဖြူတောင်၌ ဘုရားပွဲကို စတင်ကျင်းပမည်ဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

တန်ခူးလဆန်း ၈ ရက်မှစ၍ တန်ခူးလပြည့်နေ့အထိ ဇာတ်သဘင်အဖွဲ့များနှင့် ဖျော်ဖြေပြီး လပြည့်နေ့ ညနေပိုင်းတွင် သံဃာတော်အပါး ၁၀၀ ကျော်ကို ဆွမ်းဆန်စိမ်းများ လောင်းလှူကြမည်ဖြစ်ကြောင်း သိရသည်။

"ဒီတောင်ကြီးက သမိုင်းဝင်တဲ့တောင်ပါ။ အခုဆိုရင် ရွှေတွေတောင်ထွက်နေတဲ့ တောင်လည်းဖြစ်ပါတယ်။ ဒါကြောင့် ပွဲတော်တစ်ခုကျင်းပမှာ ဖြစ်ပါတယ်"ဟု ဒေသခံရွာသားတစ်ဦးကပြောသည်။ အဆိုပါ ဆင်ဖြူတောင်ပေါ်တွင် သဘာဝလိုဏ်ဂူများ၊ သဘာဝရေအိုင်များလည်းရှိပြီး ရွှေထွက်ရှိသဖြင့် ရွှေတူးဖော်မှုများ ပြုလုပ်နေသည်ကိုလည်း တွေ့ရသည်။

ယဉ်ယဉ်(ပျဉ်းမနား)

လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းအတွက် အထောက်အကူပြုသည့် မိတ္ထီလာမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း

မိတ္ထီလာ ဧပြီ ၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ဈေးအရှေ့ပြင်ရပ် ကန်တော်မင်္ဂလာခန်းမအနီး ကန်သာယာရပ်ကွက်၌ တည်ရှိသည့် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းသည် မြန်မာ့ရိုးရာ ရက်ကန်းပညာနှင့် တိုင်းရင်းသားများ၏ ရိုးရာရက်ကန်းပညာကို ထိန်းသိမ်းရန်၊ ရက်ကန်းပညာကျွမ်းကျင်သည့်မျိုးဆက်သစ်များ မွေးထုတ်ရန်၊ ခေတ်မီ ရက်ကန်းနည်းပညာများ တိုးတက်ပြန့်ပွားရန်၊ မြန်မာ့လက်ရက်ကန်းမှ စက်ရက်ကန်းသို့ အဆင့်မြှင့်တင်နိုင်ရန်နှင့် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်ချက်များဖြင့် လူငယ်များအား လက်ရက်ကန်းပညာများ၊ စက်ရက်ကန်းပညာများကို သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းသို့ မိတ္ထီလာမြို့နယ်နှင့် ထိစပ်လျက်ရှိသည့် မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်း၊ ပျော်ဘွယ်၊ ရမည်းသင်း၊ ကျောက်ပန်းတောင်းမြို့နယ်များအတွင်းရှိ လူငယ်များလာ၍ တက်ရောက်ကြပြီး လက်ရက်ကန်းပညာများ၊ စက်ရက်ကန်းပညာများကို လာရောက်သင်ကြားလျက်ရှိသည်။ ရက်ကန်းနှင့် အသက်မွေး ပညာသင်တန်းကျောင်းတွင် ၂၀၀၀-၂၀၀၁ ပညာသင်နှစ်မှ ယနေ့အထိ (စက်ရက်ကန်း) ချည်မျှင်နှင့် အထည်အလိပ် ကျွမ်းကျင်သူသင်တန်းကို သင်တန်းကာလ တစ်နှစ်၊ လက်ရက်ကန်းကို သင်တန်းကာလခြောက်လနှင့် စက်ရက်ကန်း စက်မောင်း/စက်ပြင် သင်တန်းကို သင်တန်းကာလ နှစ်လ သတ်မှတ်ကာ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် (စက်ရက်ကန်း) ချည်မျှင်နှင့် အထည်အလိပ် ကျွမ်းကျင်သူသင်တန်းကို သင်တန်းသား ဦးရေ ၂၀ သတ်မှတ်၍ လက်ခံသင်ကြားပေးရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ပြီး အသက် ၁၇ နှစ်မှ ၂၅ နှစ်အတွင်းရှိ အပျို လူပျိုဖြစ်ရမည်။ ပညာအရည်အချင်းအနေဖြင့် အနည်းဆုံး အလယ်တန်းအဆင့် အဋ္ဌမတန်းအောင်ရမည်ဖြစ်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံမှုရှိ၍ စိတ်ကျန်းမာရေး ကောင်းမွန်သူဖြစ်ရမည် စသည့် စည်းကမ်းချက်များဖြင့် ၂၀၁၅ ခုနှစ် ဇွန် ၁ ရက်မှ စတင်ဖွင့်လှစ်ပြီး ၂၀၁၆ ခုနှစ် မေလကုန်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အဆိုပါသင်တန်းသို့ မိတ္ထီလာမြို့မှ ၁၃ ဦး၊ သာစည်မြို့နယ်မှ သုံးဦး၊ ပျော်ဘွယ်မြို့နယ်မှ သုံးဦးနှင့် ကျောက်ပန်းတောင်းမြို့နယ်မှ နှစ်ဦး တက်ရောက် သင်ကြားလျက်ရှိသည်။

သင်တန်းတက်ရောက်သူများအား နေစရာ အဆောင်ပေးပြီး ထောက်ပံ့ကြေးများကိုပါပေး၍ သင်ကြားပေးနေသောကြောင့် သင်တန်းတက်ရောက်သူများ အဆင်ပြေကြသည်။ ၎င်းသင်တန်း၌ လက်ချည်မျှင်ဆွဲနှင့် ရက်ကန်း၊ စက်ရက်ကန်းသဘောတရား၊ စက်ချည်မျှင်ဆွဲ၊ အဖြူချွတ်ဆေးဆိုး၊ အထည်ခွဲစိတ်လေ့လာခြင်း(အထည်သချာ်)၊ အထည်ဒီဇိုင်း၊ အမျှင်ကုန်ကြမ်း၊ အမျိုးသားရေးစိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ်ဘာသာရပ်များကို ကျွမ်းကျင်သူနည်းပြများက သင်ကြားပေးလျက်ရှိသည်။

ထို့အပြင် လက်ရက်ကန်းပညာကို သင်တန်းကာလ ခြောက်လ သတ်မှတ်ပြီး သင်တန်းတက်ရောက်သူများမှာ အနည်းဆုံးပညာအရည်အချင်း စတုတ္ထတန်းအောင်ရမည်ဖြစ်ကာ လူလွတ်ဖြစ်ရမည်ဟူသည့် စည်းကမ်းချက်ဖြင့် သင်တန်းသား ၁၀ ဦးသတ်မှတ်၍ တစ်နှစ်ကို နှစ်ကြိမ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ သင်တန်းအတွက် ထောက်ပံ့ကြေးနှင့် နေစရာအဆောင်များ ပေးထားသည်။ ၎င်းသင်တန်းတွင်လည်း လက်ရက်ကန်း၊ အထည်ဒီဇိုင်း၊ အဖြူချွတ်ဆေး၊ အထည်ခွဲစိတ်လေ့လာခြင်း၊ လက်ချည်မျှင်ဆွဲနှင့် ရိုးရာဂျပ်ခုတ်၊ စက်ရက်ကန်း အခြေခံသဘောတရားများကို စာတွေ့လက်တွေ့သင်ကြားပေးနေသည်။

စက်ရက်ကန်း စက်မောင်း/စက်ပြင် သင်တန်းတွင်မူ သင်တန်းသား ၂၀ လက်ခံသင်ကြားပေးလျက်ရှိပြီး သင်တန်းကာလ နှစ်လဖြစ်သည်။

အဆိုပါ သင်တန်းများ တက်ရောက်ပြီးပါက တပ်မတော် ချည်မျှင်နှင့်အထည်လိပ်စက်ရုံနှင့် စက်မှုဇုန်၊ ဝမ်းတွင်းစသည့် ဒေသများရှိ စက်ရက်ကန်းစင်များ၌ ဝင်ရောက်လုပ်ကိုင်နိုင်ရေးကိုပါ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသောကြောင့် လူငယ်များမှာ အလုပ်အကိုင်များ ပါရရှိကာ ပုံမှန်ဝင်ငွေများ ရရှိပြီး အဆင်ပြေလျက်ရှိကြောင်း တင်ပြလိုက်ပါသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

ချယ်လ်ဆီးလေ့ကျင့်ရေးကွင်းသို့ ရောက်လာတဲ့ နည်းပြသစ်ကွန်တီ

ချယ်လ်ဆီးနည်းပြသစ်ဖြစ်လာတဲ့ အန်တိုနီယိုကွန်တီဟာ အသင်းတာဝန်ရှိသူတွေနဲ့ ဆက်တိုက်ဆွေးနွေးမှုတွေပြုလုပ်ခဲ့ပြီးနောက် မမျှော်လင့်ဘဲ ချယ်လ်ဆီးကစားသမားတွေရဲ့ လေ့ကျင့်ရေးကွင်းသို့ ရောက်ရှိလာပါတယ်။ ယူရို ၂၀၁၆ အပြီး ချယ်လ်ဆီးအသင်းကို ကိုင်တွယ်မယ့် ကွန်တီဟာ ချယ်လ်ဆီးအသင်းရဲ့ အဓိက ကစားသမားတွေဖြစ်တဲ့ ဟာဇက်၊ တယ်ရီ၊ မာတစ်နဲ့ ကော်စတာတို့နဲ့ တွေ့ဆုံဆွေးနွေးဖို့အတွက် မမျှော်လင့်ဘဲရောက်ရှိလာခဲ့တယ်လို့ ဆိုပါတယ်။ သူ့အနေနဲ့ ချယ်လ်ဆီးအသင်းကို အမြန်ဆုံးစုစည်းပြီး အောင်မြင်မှုတွေရအောင် လုပ်ပေးသွားဖို့ ရည်မှန်းထားတယ်လို့ ကွန်တီက ဆိုပါတယ်။ လက်ရှိ အီတလီအသင်းနည်းပြ ကွန်တီကို ချယ်လ်ဆီးက သုံးနှစ်စာချုပ်နဲ့ ခေါ်ယူထားပါတယ်။ ကွန်တီအနေနဲ့ ချယ်လ်ဆီးအသင်းကို ပြုပြင်ပြောင်းလဲရာမှာ အဓိကတိုက်စစ်အပိုင်းကို ပြုပြင်မှုတွေပြုလုပ်သွားဖွယ်ရှိနေပါတယ်။ ကွန်တီဟာ အောင်မြင်တဲ့ နည်းပြကောင်းတစ်ဦးဖြစ်ပြီး လာမယ့်ရာသီမှာတော့ ချယ်လ်ဆီးရဲ့ ကံကြမ္မာကို ပုံဖော်ထုဆစ်သွားဖွယ်ရှိနေပါတယ်။

စပါးက ထပ်မံစာချုပ်မယ့် နည်းပြပိုချက်တီနို

စပါးနည်းပြပိုချက်တီနိုဟာ ဥရောပလူငယ်နည်းပြတွေထဲက အကောင်းဆုံးနည်းပြတစ်ဦးဖြစ်လာပါတယ်။ အာဂျင်တီးနားနိုင်ငံသား ပိုချက်တီနိုဟာ နည်းပြသက်တမ်းနှစ်နှစ်မပြည့်မီမှာပင် စပါးအသင်းကို အကောင်းဆုံးအသင်းတစ်သင်းအဖြစ် ပြောင်းလဲနိုင်ခဲ့ပါတယ်။ ပိုချက်တီနိုဟာ လက်ရှိစာချုပ်တစ်နှစ်ကို ပေါင်နှစ်သန်းနဲ့ သုံးနှစ်စာချုပ်ထားတာပါ။ သို့ပေမယ့် စပါးအသင်းဥက္ကဋ္ဌ လီဗီက ကာလရှည်စာချုပ်သွားဖို့ စိတ်အားထက်သန်နေပါတယ်။ ၂၀၁၃ ခုနှစ်ကတည်းက အင်္ဂလန်ကိုရောက်လာပြီး စပါးအသင်းနှင့်အတူ အောင်မြင်မှုတွေတဖြည်းဖြည်းရရှိခဲ့ပါတယ်။ ဒီနှစ်ရာသီမှာတော့ စပါးအသင်းကို သိသာတဲ့အောင်မြင်မှုတစ်ခုရအောင် ကြိုးစားပေးခဲ့သူပါ။ လက်ရှိအချိန်မှာ စပါးအသင်းကို ပရီမီယာလိဂ်ဇယား ဒုတိယနေရာအထိ ပို့ပေးနိုင်ပြီဖြစ်ပါတယ်။ ပိုချက်တီနိုကို စပါးက ၂၀၁၄ ခုနှစ်မှာတော့ တစ်နှစ်ကို ပေါင်နှစ်သန်းနဲ့ တရားဝင်သုံးနှစ်စာချုပ်ခဲ့တာပါ။ စပါးက လက်ရှိစာချုပ်မှ နောက်ထပ်အနည်းဆုံးငါးနှစ်ထပ်မံစာချုပ်ဖို့မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် အသင်းအနေနဲ့ထပ်မံစာချုပ်မယ်ဆိုရင် တစ်နှစ်လုပ်ခလစာကိုလည်း အမြင့်ဆုံးပေးရဖို့ ရှိနေပါတယ်။ ဥရောပအကောင်းဆုံးနည်းပြတွေရဲ့ လုပ်ခလစာ အမြင့်ဆုံးပေးရဖွယ်ရှိနေပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

နိုင်ပွဲရဦးမယ့် ဘိုင်ယန်မြူးနစ်တို့ရဲ့ ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၉)

ဂျာမနီမြေက ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၉)ကို ဧပြီ ၉ ရက်နဲ့ ၁၀ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ ဘိုင်ယန်မြူးနစ်ဟာ စတုဂတ်ကို အနိုင်ကစားဖို့ရှိနေပြီး ဟာသာဘာလင်တို့ကလည်း အိမ်ကွင်းဆိုပေမယ့် ဟန်နိုဗာကို ခက်ခက်ခဲခဲကစားရဖို့ရှိနေပါတယ်။ ရာသီကုန်ချိန်နီးကပ်လာတာနဲ့အမျှ အသင်းကြီးတွေအနေနဲ့ ဖလားရယူရေး အိပ်မက်ကို အပြိုင်အဆိုင်အကောင်အထည်ဖော်ဖို့ အားထုတ်လာတာမို့ ပရိသတ်အကြိုက်ပွဲကောင်းတွေအဖြစ် မြင်တွေ့ကြရဦးမှာဖြစ်ပါတယ်။

စတုဂတ်နှင့် ဘိုင်ယန်မြူးနစ်

အိမ်ရှင်စတုဂတ်တို့ရဲ့ ခြေစွမ်းက အားရစရာတော့မရှိပါဘူး။ တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်ကျဆင်းနေသလို ခံစစ်ပိုင်းကလည်း လျော့ရဲမှုဖြစ်နေပါတယ်။ စတုဂတ်တို့ဟာ ဘိုင်ယန်မြူးနစ်နဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့မှုကိုကြည့်ရင် ဂိုးပြတ်ရှုံးနိမ့်ခဲ့ရတာချည်းဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်တို့ကတော့ ဒီနှစ် ဘွန်ဒက်စ်လီဂါမှာ အဝေးကွင်းရှုံးပွဲတစ်ပွဲသာရှိသေးတာမို့ အခုပွဲမှာတော့ အနိုင်ရရေးအတွက် ဂိုးပြတ်သွင်းပြီး အောင်ပွဲခံပါလိမ့်မယ်။

ဟာသာဘာလင်နှင့် ဟန်နိုဗာ

အိမ်ကွင်းမှာ ခြေစွမ်းပြကစားနိုင်တဲ့ ဟာသာဘာလင်တို့က အခုပွဲမှာ ဟန်နိုဗာကို ခြေကုန်ဖွင့်ပြီး အနိုင်ရအောင် အားထုတ်ပါလိမ့်မယ်။ ဟာသာဘာလင်နဲ့ ဟန်နိုဗာတို့ရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ ဟာသာဘာလင်တို့က သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပါတယ်။ ဒီနှစ်သင်းရဲ့ ဘွန်ဒက်စ်လီဂါမှာ စုစုပေါင်းတွေ့ဆုံမှုကိုကြည့်ရင်တော့ ဟာသာဘာလင်တို့က ၁၆ ပွဲနိုင်ပြီး ဟန်နိုဗာက ၁၀ ပွဲနိုင်ကာ ၁၃ ပွဲဖြစ်ခဲ့ပါတယ်။ တန်းစီဇယားအောက်ဆုံးရောက်ရှိနေတဲ့ ဟန်နိုဗာတို့အတွက် ဒီပွဲမှာလည်း မျှော်လင့်ချက်ထားလို့ မရနိုင်တဲ့ပွဲပါပဲ။

ဟမ်းဘတ်နှင့် ဒမ်စတက်

ခြေရည်တူအသင်းတွေမို့ ပြိုင်ဆိုင်မှုပြင်းထန်ပါလိမ့်မယ်။ လောလောဆယ်မှာတော့ ဟမ်းဘတ်တို့ ခြေပျက်နေပြီး အိမ်ကွင်း၊ အဝေးကွင်းတွေမှာလည်း နိုင်ပွဲပျောက်ဆုံးနေပါတယ်။ ဒမ်စတက်တို့ကလည်း လက်ရှိခြေစွမ်းပိုင်းအရ အဝေးကွင်းမှာ ရလဒ်တွေ ဆိုးရွားနေတာမို့ ဒီပွဲမှာ နိုင်ပွဲရဖို့ နှစ်သင်းစလုံးအပြိုင်အားထုတ်ပါလိမ့်မယ်။ အသင်းလိုက်ကစားအားရော စိတ်ဓာတ်ပိုင်းမှာပါ မြင့်မားတဲ့ ဟမ်းဘတ်တို့ အမှတ်ပြည့်ရရှိရေး မျှော်လင့်နိုင်တဲ့ပွဲပါပဲ။

ဝါဒါဘရီမင်နှင့် အော့စ်ဘတ်

တန်းဆင်းဇုန်ထဲမကျဆင်းအောင် ရုန်းကန်နေရတဲ့ ဝါဒါဘရီမင်တို့လည်း အခုပွဲအိမ်ကွင်းမှာ အောင်ပွဲရယူရေး ကြိုးစားလာပါလိမ့်မယ်။ အော့စ်ဘတ်တို့က တိုက်စစ်မှူးတွေရဲ့ ထိုးဖောက်မှုအားကောင်းပေမယ့် ခံစစ်ပိုင်းမှာ အမှားအယွင်းတွေရှိနေဆဲဖြစ်တာမို့ အိမ်ရှင်တို့ အခြေအနေကောင်းသွားနိုင်ပါတယ်။

ဖရန့်ဖတ်နှင့် ဟော့ဖန်ဟိုင်း

တန်းဆင်းဇုန်ထဲရောက်ရှိနေတဲ့ အသင်းတွေမို့ ပြိုင်တူရုန်းကန်မှုတွေနဲ့အတူ အကြိတ်အနယ်ရှိရမယ့် ပွဲပါပဲ။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ရလဒ်ပိုင်းကိုကြည့်ရင် တစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲဖြစ်ထားပါတယ်။ ဖရန့်ဖတ်ရဲ့ အားသာချက်က အိမ်ကွင်းမှာ ကစားအားမချတမ်းပွဲချိန်ပြည့် အားထုတ်တတ်တာမို့ အခုပွဲမှာ အိမ်ရှင်တို့ ဂိုးမပြတ်ပေမယ့် ကပ်ပြီးနိုင်ပွဲရသွားနိုင်ပါတယ်။

အင်ဂိုစတက်နှင့် ဂလာဘတ်

နှစ်သင်းစလုံးခြေစွမ်းအတက်အကျရှိနေတဲ့အတွက် ဒီပွဲမှာ ဘယ်အသင်းရလဒ်ကောင်းမလဲဆိုတာ စိတ်ဝင်စားစရာကောင်းပါတယ်။ အင်ဂိုစတက်ရဲ့ တိုက်စစ်၊ ခံစစ်က ပုံမှန်ထက်မပိုသလို တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်ကလည်း အားရစရာမရှိပါဘူး။ ဂလာဘတ်တို့ကတော့ အဝေးကွင်းဆိုရင် ပိုပြီးအားထည့်ကစားတတ်တာမို့ ဂလာဘတ်တို့ အမှတ်ပြည့်ရသွားနိုင်တဲ့ပွဲပါပဲ။

■ မိုးမြင့်လင်းလက် ■

မန်စီးတီးပစ်မှတ်ထားနေတဲ့ တိုက်စစ်မှူး ဂွန်ဇာလက်

မန်စီးတီးအသင်းအနေနဲ့ ဆာဗစ်တီလူငယ်တိုက်စစ်မှူး လောရန်ဇိုဂွန်ဇာလက်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေပါတယ်။ တိုက်စစ်မှူး ဂွန်ဇာလက်ကို ရီးရဲမက်ဒရစ်နဲ့ မန်ယူတို့ကလည်း ခေါ်ယူဖို့ ကြိုးစားနေတာပါ။ အသက် ၁၆ နှစ်အရွယ်ရှိ လူငယ်ကစားသမား ဂွန်ဇာလက်ဟာ နည်းပြဖြစ်လာမယ့် ဂွာဒီယိုလာနဲ့ မိသားစုချင်းရင်းနှီးကျွမ်းဝင်သူဖြစ်တယ်လို့ ဆိုပါတယ်။ ဆယ်ကျော်သက်တိုက်စစ်မှူး ဂွန်ဇာလက်ဟာ လာမယ့်နှစ်မှာ မန်ချက်စတာကို မရောက်လာမီ ဆွစ်ဇာလန်အသင်းနဲ့အတူ ယူ ၁၆ ပြိုင်ပွဲမှာ ဂျီနိုဗာကို သွားရောက်ကစားရမှာဖြစ်ပါတယ်။ သူဟာ ဆွစ်ဇာလန်အသင်းကို ဦးဆောင်ကစားမယ့် လူငယ်ကြယ်တစ်ပွင့်ဖြစ်ပါတယ်။ ဆာဗက်တီအသင်းဟာ ကာဒစ်ကွင်းလယ်ကစားသမားဟောင်း တီဗင်ဘူးဗားကိုင်တွယ်တဲ့ ဆွစ်ဇာလန်ကလပ်အသင်းဖြစ်ပါတယ်။ မန်စီးတီးက ဂွန်ဇာလက်ကို အရခေါ်ယူသွားဖွယ်ရှိနေပါတယ်။

အင်းတော်မြို့နယ်အတွင်း ရှေးဟောင်းရုပ်ပွားတော် ၃၀၀ ကျော် တူးဖော်ရရှိ

အင်းတော် မေ ၇
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် တုံစီကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှ ရှေးဟောင်းစေတီတစ်ဆူကို ပြုပြင်နေစဉ် ရှေးဟောင်းဘုရားရုပ်ပွားတော် ၃၃၁ ဆူကို တူးဖော်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါစေတီတော်ကို ပြုပြင်နေစဉ် စေတီအတွင်းပိုင်း ဝမ်းစာဖြည့်ရန်အတွက် စေတီ၏အရှေ့တောင်ဘက်ရှိ ဂန္ဓကုဋီတိုက်အဖြစ် တည်ရှိခဲ့သောအုတ်ပုံကြီးကို ဖယ်ရှားရာမှ ရှေးဟောင်းဘုရားရုပ်ပွားတော်များ ရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါရုပ်ပွားတော်များတွေ့ရှိရာစေတီသည် မှတ်တမ်းအရ သက္ကရာဇ် ၁၂၈၈ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်(ခရစ်နှစ် ၁၉၂၆ ခုနှစ်ခန့်)တွင် ပန္နက်ချတည်ထားခဲ့သော စေတီတော်ဖြစ်ကြောင်း ဂေါပကအဖွဲ့မှ ပြောကြားချက်အရ သိရသည်။

တွေ့ရှိသော ရုပ်ပွားတော် ၃၃၁ ဆူကို တုံစီကျေးရွာဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်၏ ညွှန်ကြားချက်အတိုင်း မူလရရှိသောနေရာတွင် ဂန္ဓကုဋီတိုက်အသစ်တည်ဆောက်ကာ ပြန်လည်ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် ဗုဒ္ဓရုပ်ပွားတော်များ တူးဖော်ရရှိကြောင်း သတင်းပျံ့နှံ့မှုကြောင့် ရပ်ဝေးရပ်နီးမှ ဘုရားဖူးများ တစ်နေ့ထက်တစ်နေ့ တိုးပွားကာ လာရောက်ဖူးမြော်လျက်ရှိသည်ကို တွေ့ရသည်။
လူအောင်(ကသာ)

ပန်းဝတ်မှုန်ရရှိရန် နေကြာခင်းများအနီးသို့ ပျားမွေးသူများ ပြောင်းရွှေ့လုပ်ကိုင်

ဗန်းမောက် မေ ၇
စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်မှ ပုဂ္ဂလိကပျားမွေးမြူရေးလုပ်ငန်းများကို လုပ်နေကြသူများသည် ဧပြီလဆန်းရက်ပိုင်းများမှစ၍ မဲဇာမြစ်အနီးရှိ နေကြာစိုက်ခင်းများနှင့် ဖရဲစိုက်ခင်းများအနီးတွင် ပြောင်းလဲလုပ်ကိုင်လာကြကြောင်း သိရသည်။

ပျားမွေးမြူသူများအနေဖြင့် မွေးပျားများ၏အစာဖြစ်သော ဝတ်မှုန်ရရှိရေးအတွက် နွေရာသီကာလအတွင်း ပန်းပွင့်များရှိသော နေရာများသို့ နယ်လှည့်ပြောင်းရွှေ့ကာ ပျားမွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်လာကြခြင်းဖြစ်ကြောင်း သိရသည်။ ယခုအချိန်မှာ ပျားမွေးသူများအတွက် ပျားရည်ထုတ်ယူနိုင်ခြင်း မရှိသေးသော်လည်း ပျားအုံများတွင် ပျားရည်ရရှိရေးအတွက် ပန်းဝတ်မှုန်များရှိသောနေရာများသို့ ပျားပုံးများကို ရွှေ့ပြောင်းကာ မွေးမြူလာကြခြင်းဖြစ်သည်။

"အခုက နေကြာပွင့်ဝတ်မှုန်နဲ့ ဖရဲပွင့်ဝတ်မှုန်တွေရှိတဲ့ နေရာတွေမှာ နယ်လှည့်ပြီး ပျားပုံးတွေကိုပြောင်းရွှေ့ရပါတယ်။ ပျားမွေးတဲ့အခါမှာ ခက်ခဲမှုတွေရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ စိတ်ရှည်သည်းခံတတ်ဖို့လိုပါတယ်။ မနှစ်ကတော့ ပျားရည်တွေရရှိမှုဟာ အားရစရာပါ။ ဒါပေမယ့် ဒီနှစ်ကတော့ ထင်သလောက်ရမယ်၊ မရဘူးကတော့ မသိနိုင်သေးဘူး"ဟု တစ်ပိုင်တစ်နိုင် ပျားမွေးမြူသူတစ်ဦးက ပြောသည်။ ယခုနှစ်တွင် ဧပြီလဆန်းပိုင်းရက်များ၌ မိုးတစ်ပြိုက် လေတစ်ပြိုက်ဖြစ်နေသဖြင့် ပျားမွေးမြူသူများအနေဖြင့် ပျားရည်ရရှိနိုင်မည့် အခြေအနေကို ခန့်မှန်းရန်ခက်ခဲနေခြင်းဖြစ်ကြောင်း သိရသည်။
သန်းမောင်လေး(ကချင်မြေ)

စက်ရေတွင်းများမှ မြေအောက်ရေဖြင့် သီးနှံများ ရာသီမရွေးစိုက်ပျိုးနိုင်

မိတ္ထီလာ မေ ၇
မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာနှင့် သာစည်မြို့နယ်များအပါအဝင် မြို့နယ်လေးခု၌ တိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်ဖြင့် တူးဖော်ခဲ့သော မြေအောက်ရေတွင်း ၃၀၀၀ နီးပါးမှ မြေအောက်ရေဖြင့် သီးနှံများ ရာသီမရွေးစိုက်ပျိုးနိုင်ကာ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း မိတ္ထီလာခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ သိရသည်။

"မိတ္ထီလာခရိုင်အတွင်း မိတ္ထီလာ၊ သာစည်မြို့နယ်များအတွင်းက ဒေသခံတောင်သူတွေ သီးနှံများကို မြေအောက်ရေနဲ့ ရာသီမရွေးစိုက်ပျိုးနိုင်ဖို့ တိုင်းဒေသကြီးအစိုးရအစီအစဉ်နဲ့ စက်ရေတွင်းတွေ တူးဖော်ပေးခဲ့ပါတယ်။ မိတ္ထီလာမြို့နယ်မှာ ၇၅၈ တွင်း၊ သာစည်မြို့နယ်မှာ ၄၉၀ အပြင် မလှိုင်မြို့နယ်မှာ ၁၁၀၅ တွင်းနဲ့ ဝမ်းတွင်းမြို့နယ်မှာ ၄၇၄ တွင်း စုစုပေါင်း မြို့နယ်လေးခုမှာ စက်ရေတွင်းပေါင်း ၂၈၂၇ တွင်း တူးဖော်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒီနှစ်ဆိုရင် အလွန်ပူပြင်းခြောက်သွေ့တဲ့ အယ်နီညိုရာသီဥတုအခြေအနေကို ကြုံတွေ့ရပေမယ်လို့ တူးဖော်ပေးပြီးဖြစ်တဲ့ မြေအောက်စက်ရေတွင်း ရေများနဲ့ မိတ္ထီလာ၊ သာစည်မြို့နယ်များအတွင်းမှာ သီးနှံတွေ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေပါတယ်"ဟု မိတ္ထီလာခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အေးက ပြောသည်။

ယခုနှစ် နွေရာသီတွင် မိတ္ထီလာမြို့နယ်အတွင်းရှိ ရှမ်းတဲ၊ ဆပ်ခင်းပေါက်၊ မင်းရွာ၊ ထနောင်းကန်၊ ကံသာ၊ ကျွန်းဖိုပင်၊ ညောင်မြင့် စသည့်ကျေးရွာများနှင့် သာစည်မြို့နယ်အတွင်းရှိ မကျီးကန် ၊ ကူဖြူ ၊ ဗူးရုံ စသည့်ကျေးရွာများ၌ မြေအောက်ရေဖြင့် ကြက်သွန်နီများ စိုက်ပျိုးထားရာ ဖြစ်ထွန်းအောင်မြင်နေပြီး အချို့တောင်သူများမှာ သီးနှံများပေါ်၍ ဈေးကွက်သို့ တင်ပို့ရောင်းချနေကြပြီဖြစ်ကြောင်း သိရသည်။
ချမ်းသာ (မိတ္ထီလာ)

သတင်းတိုများ

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့် ရက်(၁၀၀) စီမံချက် ရှင်းလင်း

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် ရက်(၁၀၀) စီမံချက် ချပြရှင်းလင်းပွဲကို ချင်းပြည်နယ် ဟားခါးမြို့ရှိ ပြည်နယ်သမဝါယမအစည်းအဝေးခန်းမ၌ မေ ၅ ရက်က ပြုလုပ်ခဲ့သည်။ စီမံချက်ရှင်းလင်းပွဲတွင် ချင်းပြည်နယ်သမဝါယမဦးစီးဌာနမှူး ဦးကျော်စိုးမင်းက သမဝါယမလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းက သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် ရက် (၁၀၀) စီမံချက်ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြီး ချင်းပြည်နယ် သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးခမ်းကျုံးက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိများနှင့် ဌာနခွဲတာဝန်ခံများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌများကလည်း လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

နွေရာသီ အားကစားသင်တန်းဆင်းပွဲ ကျင်းပ

လပွတ္တာမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော နွေရာသီ အခြေခံအားကစားသင်တန်းဆင်းပွဲနှင့် ကြံ့ခိုင်မှုစွမ်းရည်ပြိုင်ပွဲကို ရတနာဒီပအားကစားကွင်း၌ မေ ၄ ရက်က ပြုလုပ်ခဲ့ရာ သင်တန်းသား သင်တန်းသူများက အားကစားနည်းများ သရုပ်ပြခဲ့ပြီး လပွတ္တာခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဦး၊ လပွတ္တာခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာဦးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။
ဝင်းကျော်မြင့်(လပွတ္တာ)

အယ်နီညိုရာသီဥတုဖြစ်စဉ်အကြောင်း ပညာပေးဟောပြော

ခမောက်ကြီး မေ ၇
တနင်္သာရီတိုင်းဒေသကြီး ခမောက်ကြီးမြို့နယ် အောင်ချမ်းသာကျေးရွာအုပ်စုအတွင်းရှိ ခမောက်ငယ်ကျေးရွာနှင့် ချောင်းဝကျေးရွာများ၌ အယ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်၍ ဒေသခံကျေးရွာနေပြည်သူများအား အသိပညာပေးဟောပြောပွဲကို အဆိုပါကျေးရွာများရှိ မူလတန်းကျောင်းများ၌ မေ ၄ ရက်က ပြုလုပ်ခဲ့သည်။ ဟောပြောပွဲတွင် ခမောက်ကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နန့်လေးလေးခင်သိန်းနှင့် ခမောက်ကြီးမြို့ ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမ ဒေါ်ဇင်မာဝေတို့က အယ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်၍ ကျေးရွာနေပြည်သူများ သိရှိထားသင့် သည့်အချက်များဖြစ်သော အပူရှိန်မြင့်တက်မှုကြောင့် မီးဘေးအန္တရာယ် သတိပြုရေး၊ သောက်ရေသုံးရေရှားပါးပြတ်လပ်မှုမဖြစ်စေရန်အတွက် စနစ်တကျ စီမံသုံးစွဲရေးနှင့် ရေလှောင်ကန်များတည်ဆောက်ရေး၊ ဥယျာဉ်ခြံနှင့် ရေလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် နေရောင်အောက်တွင် လှုပ်ရှားသွားလာပါက ကျန်းမာရေးအတွက် သတိပြုရမည့် ဆောင်ရန်ရှောင်ရန် အချက်များ စသည်တို့ကို ဟောပြောခဲ့ကြသည်။
(မြို့နယ် ပြန်/ဆက်)

ကွန်ကရစ်ဓာတ်တိုင်များ အစားထိုးလဲလှယ်

စစ်ကိုင်း မေ ၇
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ် (၂) ရပ်ကွက် ကျွန်းရွှေဝါလမ်းမှ ဟောင်းနွမ်းနေသော သစ်သားဓာတ်တိုင်များနေရာတွင် ကွန်ကရစ်ဓာတ်တိုင်၊ သံလက်တန်းများဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဌာနက အစားထိုးလဲလှယ်လျက်ရှိကြောင်း သိရသည်။

ပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိစေရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေးအတွက် ဆွေးမြည့်နေသော သစ်သားတိုင်များနှင့် သံလက်တန်းများကို ကွန်ကရစ်ဓာတ်တိုင်သစ်များဖြင့် အစားထိုးလဲလှယ်ခြင်းဖြစ်ကြောင်း၊ ကွန်ကရစ်တိုင်များ အစားထိုးလဲလှယ်ရာတွင် ကန့်ဘလူမြို့ အမှတ် (၂) နှင့် အမှတ် (၃) ရပ်ကွက်အတွင်းရှိ ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများဖြတ်သန်းသည့် ဓာတ်တိုင် ၇၉ တိုင်ကို လဲလှယ်သွားမည်ဖြစ်ကြောင်း၊ မေ ၆ ရက် နံနက်ပိုင်းအထိ ၅၃ တိုင် လဲလှယ်ပြီးကြောင်း သိရသည်။

အဆိုပါရပ်ကွက်များရှိ ဆွေးမြည့်သစ်သားတိုင်များ လဲလှယ်ခြင်းအပါအဝင် ဓာတ်အားလိုင်းကြိုးများရှင်းလင်းခြင်းနှင့် မီးကြိုးများပြန်လည်ထိန်းညှိသွယ်တန်းခြင်းလုပ်ငန်းများကို မတ် ၃၁ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိပြီး မေ ၈ ရက်တွင် အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။
အောင်ဝင်းငြိမ်း(ကန့်ဘလူ)

စစ်တွေမြို့ မီးပွိုင့်များပျက်နေသဖြင့် ယာဉ်အန္တရာယ်စိုးရိမ်ရ

စစ်တွေ ဧပြီ ၇

ရခိုင်ပြည်နယ်မြို့တော် စစ်တွေမြို့ရှိ မီးပွိုင့်များမှာ မတ်လဆန်းမှစ၍ မီးမလင်းသေးဘဲ ပျက်နေရာ တစ်လကျော်ခန့်ရှိနေကြောင်း မြို့နေပြည်သူများ၏ ပြောပြချက်အရ သိရသည်။

"မီးပွိုင့်ရှိနေပြီးတော့ မီးမလင်းတော့ မရှိတာနဲ့ အတူတူပဲလေ။ မီးပွိုင့်အလုပ်လုပ်နေရင်တော့ လူတွေစနစ်တကျ သွားလာ၍ရပြီး မီးပွိုင့်ရှိလို့ ယာဉ်မောင်းသူတွေရော လမ်းလျှောက်သူတွေပါ အန္တရာယ်ကင်းတယ်။ အခုတော့ မီးမလင်းတာ တစ်လကျော်နေပြီ။ ယာဉ်အန္တရာယ်လည်း စိုးရိမ်ရတယ်။ သုံးမရတော့ဘူးလား။ ဒါမှမဟုတ် လုံးဝပျက်သွားပြီလားဆိုတာလည်း ပြည်သူတွေမသိရဘူး"ဟု ဒေသခံတစ်ဦးက ပြောသည်။

စစ်တွေမြို့တွင် တာဝန်ထမ်းဆောင်နေသော ရုံးဝန်ထမ်းတစ်ဦးကလည်း မီးပွိုင့်အလုပ်လုပ်နေစဉ်က သွားလာရအဆင်ပြေကြောင်း၊ မီးပွိုင့်မီးမလင်းသဖြင့် ညနေရုံးဆင်းချိန်၊ ဈေးပိတ်ချိန်၊ အလုပ်နားချိန်များတွင် ယာဉ်အသွားအလာ၊ လူအသွားအလာများ၍ လမ်းဆုံလမ်းခွများ၌ အန္တရာယ်ရှိသည်ကို မြင်တွေ့ရကြောင်း၊ မီးပွိုင့်မီးလင်းပါက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်ကို တားဆီးရာရောက်ကြောင်း မီးပွိုင့် မီးအမြန်ရစေလိုကြောင်း ပြောသည်။

စစ်တွေမြို့တွင် ၂၀၁၄ ခုနှစ်က မြို့တော်အင်္ဂါရပ်နှင့်ညီစေရန် မီးပွိုင့်များပြုလုပ်ပေးခဲ့ကြောင်း၊ ယင်းမီးပွိုင့်များအတွက် သိန်းပေါင်းရာချီပြီး အသုံးပြုခဲ့ကြောင်း မီးပွိုင့်ရှိသော်လည်း မကြာမကြာ ပျက်နေတတ်ကြောင်း၊ စစ်တွေမြို့၏သတင်းရပ်ကွက်များအရ သိရသည်။

စစ်တွေမြို့ရှိ မေယုလမ်း၌ လေယာဉ်ကွင်းလမ်းဆုံနှင့် လောကနန္ဒာဘုရားလမ်းဆုံတွင်လည်းကောင်း၊ လမ်းမကြီး၌ ကျောင်းကြီးလမ်းဆုံ၊ ဦးဥတ္တမလမ်းဆုံနှင့် သဘော်ဆိပ်လမ်းဆုံတွင်လည်းကောင်း မီးပွိုင့်များ တပ်ဆင်ပေးထားရာ ယင်းမီးပွိုင့်ငါးခုမှာ ယခုအခါ မီးမလင်းတော့ကြောင်း တွေ့ရသည်။

သတင်း-အာရက္ခဩရသ၊ ဓာတ်ပုံ-ဖရုံကာသား

ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၊ မတ်လ(၁၈)ရက် သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၄-၂၀၁၅ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ လုပ်ငန်းရှင်(၁၀၀၀)ဦးအနက် **"ကမ္ဘောဇဘဏ် လီမိတက်"** သည် **"ပထမ"** နေရာမှ (၄)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ၏ နာယက၊ ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း၏ နာယက၊ KBZ BANK/ KBZ GROUP ၏ ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း အား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုး တိုးတက်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဦးနေလင်းအောင်
Managing Director
Nilar Yoma Trading Co., Ltd.

ဦးကျော်ထွန်းနိုင်
Chairman
Yadanar Kaung Kin
Gems & Jewellery Co., Ltd.

ဦးမောင်မောင်အေး
Managing Director
Moe Htet Gabar Co., Ltd.

ဦးစိန်လွင်လေး
Managing Director
Myint Myat Htuk Khaung
International Co., Ltd.

ဦးအောင်ဝင်း
Managing Director
Tun Tauk Sa Gems Co., Ltd.

ဦးအောင်မြင့်
Managing Director
Shwe Aein Chan Thar Co., Ltd.

ဦးမြင့်စိန်
Managing Director
Soe Aung Trading Co., Ltd.

မှန်ကန်တဲ့ ဖြေရှင်းချက် နဲ့ အကောင်းဆုံး
အသားအရေ ကိုရယူလိုက်ပါ။
NIVEA MEN ကို သုံးစွဲတဲ့ အနုပညာရှင်တွေ ဟာ သူတို့ ရဲ့ ကောင်းမွန်တဲ့ အသားအရေ ရရှိဖို့ NIVEA MEN ကဘယ်လို စွမ်းဆောင်ပေးခဲ့တယ်ဆိုတာကို မျှဝေခဲ့ပါတယ်။
"ကျွန်တော်က အမြဲတမ်း နေရောင် နဲ့ ပတ်ဝန်းကျင် ညစ်ညမ်းမှုတွေ အောက်မှာ အလုပ်လုပ်ရတာကြောင့် မျက်နှာက တခဏ အတွင်း အဆီပြန် ညိုမည်း လာပါတယ်။ ကျွန်တော် သူငယ်ချင်း တစ်ယောက်က အေးမြတဲ့ ရွှံ့စေး နဲ့ အဆီပြန်ခြင်းကို တနေ့တာလုံး ထိန်းချုပ်ပေးနိုင်သော သဘာဝ အဆီထိန်း အဆီအနှစ် ၁၀ မျိုး ပါဝင်တဲ့ NIVEA MEN WHITE ACNE OIL CONTROL MUD FOAM ကိုအသုံးပြုဖို့ အကြံပေးလို့ သုံးကြည့်မိပါတယ်။ အခုတော့ ကျွန်တော် မျက်နှာပေါ်မှာ အဆီပြန် ညိုမည်းတာတွေ လုံးဝကို မရှိတော့ဘူး။ ပြီးတော့ တစ်နေ့တာလုံး အဆီပြန်ခြင်းကင်းပြီး ဖြူစင်ဝင်းပ နေတဲ့ မျက်နှာ အသားအရေကြောင့် ကျွန်တော်ရဲ့ ယုံကြည်မှုတွေ ပြန်လည်ရရှိခဲ့ပါပြီ။"
" ကျွန်တော့် အသားအရေကတော့ တစ်နေ့တာလုံး ဖြူစင်ဝင်းပပြီး အဆီပြန်ခြင်း ကင်းဝေးခဲ့ပါပြီ "
NIVEA MEN
WHITE ACNE OIL CONTROL
10X
100g
အောင်မင်းခန့်
(မော်ဒယ် နှင့် ခေါင်းဆောင်မင်းသား)
"ကျွန်တော်က နေရောင်အောက်မှာ ကစားရတဲ့ ဂေါက်သီးရိုက်ခြင်းလို အားကစားတွေကို ကြိုက်နှစ်သက်ပေမယ့် ကျွန်တော့် အသားအရေ ကအရမ်းကို နေလောင်လွယ် ပါတယ်။ အဲဒါကြောင့်လဲ ကျွန်တော့် အသားအရေမှာ ညိုမည်းခြင်းတွေ အမည်းစက်တွေ ဖြစ်လာတာပေါ့။ ကျွန်တော် သဘာဝ ပင်လယ် ရေညှိညို အဆီအနှစ် ပါဝင်တဲ့ NIVEA MEN EXTRA WHITE MUD FOAM ကိုသုံးပြီးနောက်မှာတော့ အရင်တုန်းကလို အမည်းစက်တွေ မရှိတော့ဘဲ ကျွန်တော့် အသားအရေလည်း ဖြူစင်ဝင်းပ သွားခဲ့ပါတယ်။"
" သူက ကျွန်တော့် အသားအရေကို ဖြူစင်ဝင်းပ စေပါတယ်။ အမည်းစက်တွေလည်း လုံးဝကို မရှိတော့ပါဘူး "
NIVEA MEN
EXTRA WHITE
10X
WHITENING EFFECT
100g
စိုင်းစည်သွမ်ခမ်း
(မော်ဒယ် နှင့် ခေါင်းဆောင်မင်းသား)
NIVEA MEN
ANTI-ACNE
ACNE CLEAR
100g
"ကျွန်တော်မှာ ဝက်ခြံတွေ ရှိခဲ့ဖူးပြီး ကျွန်တော် ရိုက်ကွင်း အတွက် မိတ်ကပ်လိမ်းတဲ့အခါ တွေမှာ ပိုမို ဆိုးရွား လာတတ်ပါတယ်။ ကျွန်တော် သူငယ်ချင်းတွေ NIVEA MEN ANTI-ACNE MUD FOAM သုံးတာတွေ့တော့ ကျွန်တော်လဲ စမ်းသုံးကြည့်ခဲ့တယ်။ အဲ့ဒီ မျက်နှာသစ်မှာပါတဲ့ သဘာဝ တတိုင်းမွှေး အခေါက် က အဆီနဲ့ ဝက်ခြံတွေကို ပျောက်ကင်းစေပြီး ကျွန်တော့် အသားအရေကို အဆီနဲ့ဝက်ခြံ မရှိဘဲ ဝင်းပနေစေပါတယ်။"
" ကျွန်တော့် အသားအရေကို အဆီနဲ့ ဝက်ခြံမရှိပဲ ဝင်းပနေအောင် ပြောင်းလဲလိုက်ပါပြီ "
အလင်းရောင်
(မော်ဒယ် နှင့် ခေါင်းဆောင်မင်းသား)
အသားအရေ ပြဿနာ တစ်ခုချင်းစီ အတွက် လိုက်ဖက်အောင် ဂျာမဏီ မှ အကောင်းဆုံး ဖော်စပ်ထားသော NIVEA MEN သည် မြန်မာပြည်၏ နံပါတ် (၁) အမျိုးသား အသားအရေ ထိန်းသိမ်းမှုဆိုင်ရာ အမှတ်တံဆိပ် ဖြစ်သည်။
NIVEA MEN

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်နေ အမက ၁၆၊ ရွှေပြည်သာ၊ သူငယ်တန်း(က) မှ မအိန်ဂျယ်မှူး၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးလဝီမွန် ၁၂/ဗဟန(နိုင်)၁၀၀၅၄၄ ဖြစ်ပါကြောင်း။ **ဦးလဝီမွန်**

ဖခင်အမည်မှန်

အရှေ့ပိုင်းတက္ကသိုလ် (ပထဝီ) ပထမနှစ်မှ မောင်တင်ဇော်လတ်၏ ဖခင်အမည်မှန်မှာ ဦးတင်ဦး (TKA-0729 63) ဖြစ်ပါကြောင်း။

ဦးတင်ဦး (TKA-0729 63)

ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

အထက(၃)၊ တောင်ဥက္ကလာပ၊ နဝမတန်း(F)မှ မောင်မျိုးသူရထွန်း၏ ဖခင်အမည်မှန်မှာ ဦးမိုးဝင်းဖြစ်ပါကြောင်းနှင့် ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၁-၂၀၀၃ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ရွှေတောင်မြို့နယ်၊ ရှားပင်ဇင်း အမက မူလွန်ကျောင်း၊ စတုတ္ထတန်းကျောင်းသား မောင်ဘုန်းမြတ်နိုင် (ကျောင်းဝင်အမှတ်-၁၆၃၈)၏ ဖခင်အမည်မှန်မှာ ဦးမျိုးဝင်းဇော် ၇/ရတန(နိုင်)၀၉၃၆၁၇ ဖြစ်ပါသည်။ **ဦးမျိုးဝင်းဇော်**

လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ လိုင်စင်လျှောက်ထားနိုင်ကြောင်း

အသိပေးကြေညာချက်

* တံဆိပ်ခေါင်းလိုအပ်သူများ လိုအပ်သည့်အချိန် ဝယ်ယူနိုင်စေရေးအတွက် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအဖြစ် ဆောင်ရွက်လိုသူများကို ခွင့်ပြုလိုင်စင်ထုတ်ပေးသွားမည် ဖြစ်ပါသည်။
* လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအဖြစ် လျှောက်ထားသူသည် အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရန် လိုအပ်ပါသည်-
  - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
  - ပြစ်မှုကင်းရှင်းသူ ဖြစ်ရမည်။
  - ပဋိညာဉ်အက်ဥပဒေအရ ပဋိညာဉ်ပြုလုပ်ရန် အရည်အချင်းရှိသူ ဖြစ်ရမည်။
  - အနည်းဆုံး အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။
  - အသက်(၁၈)နှစ် ပြည့်ပြီး (၆၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
  - ကျန်းမာရေးကောင်းမွန်၍ ကိုယ်တိုင်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။
* အထက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်၍ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအဖြစ် ဆောင်ရွက်လိုသူသည် မိမိ၏အမည်၊ အသက်၊ အဖအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာနှင့် တံဆိပ်ခေါင်းရောင်းချခြင်းပြုမည့်နေရာ သို့မဟုတ် ဆိုင်၏လိပ်စာတို့ကို ဖော်ပြ၍ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ စာဖြင့် လျှောက်ထားနိုင်ပါသည်။
* လျှောက်ထားသူများသည် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက ကျင်းပပြုလုပ်မည့် ရုံးခွန်၊ တံဆိပ်ခွန်နှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများဆိုင်ရာ ရက်သတ္တပတ်သင်တန်းကို အချိန်ပြည့်တက်ရောက်၍ အရည်အချင်းဆန်းစစ်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရပါမည်။
* ဖြေဆိုအောင်မြင်သူများ၏ အမှတ်အများဆုံးရရှိသူများကို မြို့နယ်အလိုက်သတ်မှတ်ထားသည့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအရေအတွက်အလိုက် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချခွင့်ရသူအဖြစ် လိုင်စင်ထုတ်ပေးသွားမည် ဖြစ်ပါသည်။
* လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူသည် တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်ဖြစ်ပါသည်။
* လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူသည် ဝယ်ယူသည့်တံဆိပ်ခေါင်းတန်ဖိုး၏ ၄ရာခိုင်နှုန်းကို လျှော့နှုန်းအဖြစ် ခံစားခွင့်ရှိပါသည်။
* တံဆိပ်ခေါင်းများကို လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူမှအပ အခြားမည်သူမျှ ရောင်းချခွင့်မရှိပါ။
* ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူအဖြစ်လည်းကောင်း၊ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအဖြစ်လည်းကောင်း ခန့်ထားခြင်းမရှိသူသည် ကျပ်တစ်ဆယ်တန် ကပ်တံဆိပ်ခေါင်းမှအပ အခြားတံဆိပ်ခေါင်းတစ်စုံတစ်ရာကို ရောင်းချလျှင် ထောင်ဒဏ် ၆လအထိ သို့မဟုတ် ငွေဒဏ်ကျပ်တစ်သိန်း သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ချမှတ်ခြင်းခံရမည်ဖြစ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

REQUEST FOR EXPRESSIONS OF INTEREST

Individual Consultant
Ministry of Agriculture, Livestock and Irrigation
Department of Rural Development (DRD)
Myanmar : National Electrification Project (NEP)
Off-Grid - Mini-grid Implementation Advisor
IDA Credit No. 5727-MM
Reference No. C2-TA2

1. This Request for Expressions of Interest follows the general procurement notice for this project that appeared in *Development Business* online on November 3, 2015.
2. The Republic of the Union of Myanmar *has received* financing from the *International Development Association (IDA)* and intends to apply part of the proceeds of this financing to payments under the contract for a Mini-gridImplementation Advisor for National Electrification Project (NEP).
3. Off-grid electrification will be technology neutral, depending on technology assessment for target communities, including solar photovoltaic (PV), mini-grids powered by mini-hydro power, biomass, wind, diesel and hybrid (e.g. diesel/solar). Mini-grids up to 1MW in capacity are eligible for support under the program. The DRD seeks to recruit a NEP Mini-grid Implementation Advisor (Advisor) to assist the DRD – Project Management Office to efficiently and effectively to perform its day-to-day management of the implementation of the Mini-grid Sub-Component.
4. The Department of Rural Development now invites eligible individual consultants to indicate their interest in providing the Services. Interested individual consultants must provide information indicating that they are qualified to perform the Services (CV with academic background, experience in similar assignment, knowledge of local conditions (if any) etc.) Consultants may be invited for interviewing, if necessary. The Advisor will be an individual professional with significant renewable energy mini-grid expertise. The specific qualifications required are as follows:
   - (i) At least a professional engineering qualifications and/or a Master's level degree in a relevant field such as electrical engineering, renewable energy or other related engineering discipline.
   - (ii) More than five years' experience mini-grid electrification with experience in project management, mini-grid networks, and power system technologies, in particular solar, diesel, mini-hydro, biomass gasifiers and hybrids. Other technologies may include wind. Range of expertise may including engineering design and feasibility, business planning and implementation, tendering, mini-grid systems procurement and installation, construction supervision and O&M. The consultant is not expected to have the breadth of coverage of these disciplines, but must have demonstrated expertise on at least two areas with good understanding of the others. It is expected that demand might be highest for mini-grids powered by solar, mini hydro ,diesel, biomassgasifiers, and hybrids. Knowledge of where to obtain expertise elsewhere is as important as the consultant having expertise in an area. Developing country work experience is a distinct advantage.
   - (iii) Experience or knowledge in assessing training needs and in establishing training programs in related areas would be an advantage. Training in developing country context will be an advantage.
   - (iv) Fluency in written and spoken English is required. Fluency in Myanmar language will be an advantage, but not required.

5.A consultant will be selected in accordance with the procedures set out the World Bank's *Guidelines: Selection and Employment of Consultants under IBRD Loans and IDA Credits & Grants by World Bank Borrows dated January 2011(revised July 2014) ("Consultant Guidelines")*. The attention of interested consultants is drawn to paragraph 1.9 of the Consultant Guidelines, setting forth the World Bank's policy on conflict of interest.

6. Interested individual consultants may obtain the Terms of Reference at the address given below from 09.30 to 16.00 hours. DRD will provide prompt responses to all interested individual consultants, should there be any questions.
7. Expressions of interest must be delivered by registered mail or by e-mail to the address below by no later than **April 28, 2016.**

Department of Rural Development, Ministry of Agriculture, Livestock and Irrigation.

Attention

U MyintOo, Deputy Director General and Chairperson of the Procurement Committee
National Electrification Project (NEP)
Department of Rural Development, Ministry of Agriculture, Livestock and Irrigation
Office Number 14, Nay Pyi Taw Territory,Myanmar, Tel/ FAX: +95 67 409529
E-mail: dr.soesoeohn@gmail.com,neppmo.drd@gmail.com, ksaung@gmail.com

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၅၇၃၉၄ Honda C90 Custom CMV, M/C ယာဉ်လက်ဝယ်ရှိသူ ဦးငွေးအောင် ၉/မရမ(နိုင်)၀၁၁၈၃၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

အများပြည်သူများသို့ သိရှိနိုင်ရန် အသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပြဋ္ဌာန်းချက်ပါ အခွန်အကောက်(၂၁)မျိုးအနက်မှ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ အထူးကုန်စည်ခွန်၊ အောင်ဘာလေသိန်းဆုခွန်နှင့် တံဆိပ်ခေါင်းခွန်များကို ကောက်ခံလျက်ရှိပါသည်။

၂။ ဤသို့ အခွန်ကောက်ခံမှုများဆောင်ရွက်လျက်ရှိရာတွင် အခွန်ထမ်းပြည်သူများ၏ အခွန်ဥပဒေနှင့်စပ်လျဉ်းသည့် သိရှိလိုသောအချက်များ၊ တည်ဆဲဥပဒေများနှင့်စပ်လျဉ်း၍ အကြံဉာဏ်ပေးလိုသည့်အချက်များ၊ အခွန်ဝန်ထမ်းများ၏ ပြုမူဆက်ဆံမှုများနှင့် စပ်လျဉ်း၍ မကျေနပ်ချက်များအား ဖြေရှင်းဆောင်ရွက်ပေးရန်အတွက် အခွန်ဝန်ဆောင်မှုရုံးများကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ဖွင့်လှစ်ထားပြီးဖြစ်ပါသည်။

၃။ အခွန်ဥပဒေနှင့်စပ်လျဉ်းသော သိရှိလိုသည့်အချက်များအား မေးမြန်းသူ၏လိပ်စာသို့လည်းကောင်း၊ တည်ဆဲအခွန်ဥပဒေနှင့် စပ်လျဉ်း၍ အကြံဉာဏ်ပေးလိုပါကလည်း ဦးစီးဌာနမှ စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဆောင်ရွက်မှုအခြေအနေကို အကြံဉာဏ်ပေးသူ၏လိပ်စာသို့လည်းကောင်း အခွန်ဝန်ထမ်းများ၏ပြုမူဆက်ဆံဆောင်ရွက်မှုများနှင့် ပတ်သက်၍ အတိတကျဖြည့်စွက်တိုင်ကြားပါက အဆိုပါဝန်ထမ်းအား အရေးယူဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများမှ ပြန်ကြားပေးသွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ဝန်ဆောင်မှုရုံးများတွင် အောက်ဖော်ပြပါ ပုံစံများကိုရယူပြီး ကိုယ်တိုင်ရေးသွင်းပေးပို့နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

အခွန်ဆိုင်ရာမေးမြန်းလိုသည့်ပုံစံ

Tax Question Form

၁။ တင်ပြသူအမည်
1. Name

၂။ မှတ်ပုံတင်အမှတ်/Passport No.
2. Identification No./Passport No.

၃။ နေရပ်လိပ်စာ
3. Address

၄။ ဖုန်းနံပါတ်/Phone No. Mobile

၅။ အခွန်ထမ်းဟုတ်/မဟုတ် Yes No
5. Taxpayer of IRD

၆။ အခွန်ထမ်းမှတ်ပုံတင်အမှတ်(GIR)
6. Tax Payers GIR No.

၇။ ဆက်သွယ်သည့်အခွန်ရုံး
7. Contact Tax Office

၈။ မေးမြန်းလိုသည့်အကြောင်းအရင်း
8. Reason of Question

၉။ အကြောင်းပြန်ကြားရန်လိပ်စာ
9. Address to reply

10. e-mail

၁၁။ မေးမြန်းတင်ပြချက်များ
11. Detail of Question
(နေရာမလောက်က ပူးတွဲတင်ပြရန်)

၁၂။ လက်မှတ်
12. Signature

အခွန်ဆိုင်ရာမေးမြန်းလိုသည့်ပုံစံ

Tax Complaint Form

၁။ တင်ပြသူအမည်
1. Name

၂။ မှတ်ပုံတင်အမှတ်/Passport No.
2. Identification No./Passport No.

၃။ နေရပ်လိပ်စာ
3. Address

၄။ ဖုန်းနံပါတ်/Phone No. Mobile

၅။ အခွန်ထမ်းဟုတ်/မဟုတ် Yes No
5. Taxpayer of IRD

၆။ အခွန်ထမ်းမှတ်ပုံတင်အမှတ်(GIR)
6. Tax Payers GIR No.

၇။ ဆက်သွယ်သည့်အခွန်ရုံး
7. Contact Tax Office

၈။ တင်ပြလိုသည့်အကြောင်းအရင်း
8. Reason of Complaint

၉။ အကြောင်းပြန်ကြားရန်လိပ်စာ
9. Address to reply

10. e-mail

၁၁။ မကျေနပ်မှုတင်ပြချက်များ
11. Detail of Complaint
(နေရာမလောက်က ပူးတွဲတင်ပြရန်)

၁၂။ လက်မှတ်
12. Signature

အခွန်ဆိုင်ရာအကြံပြုလိုသည့်ပုံစံ

Tax Advice Form

၁။ တင်ပြသူအမည်
1. Name

၂။ မှတ်ပုံတင်အမှတ်/Passport No.
2. Identification No./Passport No.

၃။ နေရပ်လိပ်စာ
3. Address

၄။ ဖုန်းနံပါတ်/Phone No. Mobile

၅။ အခွန်ထမ်းဟုတ်/မဟုတ် Yes No
5. Taxpayer of IRD

၆။ အခွန်ထမ်းမှတ်ပုံတင်အမှတ်(GIR)
6. Tax Payers GIR No.

၇။ ဆက်သွယ်သည့်အခွန်ရုံး
7. Contact Tax Office

၈။ အကြံပြုလိုသည့်အကြောင်းအရင်း
8. Reason of Advice

၉။ အကြောင်းပြန်ကြားရန်လိပ်စာ
9. Address to reply

10. e-mail

၁၁။ အကြံပြုတင်ပြချက်များ
11. Detail of Advice
(နေရာမလောက်က ပူးတွဲတင်ပြရန်)

၁၂။ လက်မှတ်
12. Signature

အမည်ပြောင်း

ဟသာ်တမြို့၊ ဂုဏ်ထူးပန်းခင်းကိုယ်ပိုင် အထက်တန်းကျောင်း၊ နဝမတန်းမှ မဖြူဖြူဝင်းအား မအေးစန္ဒာမြင့်ဟု ပြောင်းလဲခေါ်ပါရန်။ **မအေးစန္ဒာမြင့်**

အမည်ပြောင်း

ဟသာ်တမြို့၊အမှတ်(၃၈)မူလွန်ကျောင်း၊စတုတ္ထတန်းမှ ဦးဝင်းဇော်၏သား မောင်ပြည့်ဖြိုးဦးအား မောင်မျိုးမင်းသိန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မျိုးမင်းသိန်း**

အမည်ပြောင်း

ဟသာ်တမြို့၊ အမက(၁၁)၊ မူလွန်၊ ပထမတန်း(B)မှ ဦးထွန်းလင်းမောင်၏သမီး မဝတ်မှုံလင်းမောင်အား မလရိပ်မှုးပိုင်ဟု ပြောင်းလဲခေါ်ပါရန်။**မလရိပ်မှုးပိုင်**

လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး[ကျောက်တော်ကြီးဘုရား]၏ နှစ်သစ်မင်္ဂလာပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော **လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီး) ဘုရား ၏ နှစ်သစ်မင်္ဂလာပွဲ** ကို အောက်ပါ အစီအစဉ်များဖြင့် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ဘုရားဖူးပြည်သူအများ ကြွရောက်ဖူးမြော်နိုင်ပါကြောင်း နိုးဆော် အသိပေးအပ်ပါသည်။

၁၇-၄-၂၀၁၆ (နှစ်ဆန်းတစ်ရက်နေ့) နံနက်(၆း၃၀)နာရီအချိန် တွင် ရုပ်ပွားတော်မြတ်ကြီးအား ဂေါပကအဖွဲ့မှ မျက်နှာသစ်တော်ရေ ဆက်ကပ်ပြီး၊ ၄က်များကို ဘေးမဲ့လွှတ်ပါမည်။ ဘုရားဖူးပြည်သူအများ လောကကြီးတွင် ချမ်းသာ၍ ဘေးဘယာ ကင်းစေပြီး လာဘ်လာဘများ ပေါ်များစေရန် ရည်ရွယ်၍ ဘုရားကြီး၏ မျက်နှာသစ်တော်ရေများကို ဝေငှပေးပါမည်။

သင်္ကြန်ရက်များအတွင်း၌လည်း နေ့စဉ် ဓမ္မရက္ခိတဓမ္မာရုံကြီးတွင် သီလပေးတရားများ ချီးမြှင့်ပါမည်။ စတုဒိသာများလည်း ကျွေးမွေးမည်ဖြစ်ပါ၍ အလှူရှင်များမှ လာရောက် လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ဂေါပကအဖွဲ့ရုံး ♦ ဖုန်း - ၆၄၄၈၆၀၊ ၆၄၄၈၅၈၊ ၆၄၄၈၅၇။ ရုံးအဖွဲ့မှူး ♦ ဖုန်း - ၀၉ ၇၃၁၃၀၆၀၅။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆွမ်းကွမ်းဝေယျာဝစ္စအတွက် ၂၀၁၆ခုနှစ် မတ် ၁ရက်မှ ၃၁ရက်အထိ ကျပ်(၁)သိန်းနှင့်အထက် အလှူရှင်များစာရင်း

စဉ်	အလှူရှင်အမည်နှင့်နေရပ်လိပ်စာ	အလှူရငွေ
၁။	ဒေါ်ငွေငွေဝင်း ကောင်းမှု	၁၀၀၀၀၀ိ/-
၂။	ဦးဟံညွန့်-ဒေါ်ဖြူဖြူလတ် မိသားစုကောင်းမှု အမှတ်(၃၆၂/C)၊ အောင်ချမ်းသာလမ်း၊သဃ်န်းကျွန်းမြို့နယ်။	၂၀၀၀၀ိ/-
၃။	ဒေါ်တင်သိန်း မွေးနေ့ကောင်းမှု၊ အမှတ်(၈၅)၊ တန်ဆောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။	၄၃၆၀၀ိ/-
၄။	မိခင်ကြီး ဒေါ်ကြည်အားရည်စူး၍ မောင်နမတစ်စုကောင်းမှု၊ သား မောင်ပြည့်စုံဝင်းမောင် မွေးနေ့ကောင်းမှု၊ အမှတ်(၃၆၂)၊ ဝါယာလက်(၁)လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။	၂၆၀၀၀ိ/-
၅။	ဝေဟင်ချစ်သူ ညီအစ်မများအဖွဲ့ကောင်းမှု၊ တိုက်(၁)၊ အခန်း(၄၀၂)၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်။	၂၃၀၀၀ိ/-
၆။	ဖခင် ဦးမောင်မောင်-မိခင် ဒေါ်ခင်ခင်ကြီးတို့အားရည်စူး၍ သမီး ဒေါ်ပြုံးဝေသီကောင်းမှု၊ အမှတ်(၁၈/ခ)၊ မြစ်ပယ်လမ်း၊ (၉)ရပ်ကွက်၊ ပါရမီ၊ မရမ်းကုန်းမြို့နယ်။	၂၀၀၀၀ိ/-
၇။	ဦးဇော်ဝင်း-ဒေါ်မိမိတင်၊ သမီး မအိမွန်မွန်(ခ)ဂျူးဂျူးမိသားစု ကောင်းမှု၊ အမှတ်(၇၁)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ဘောက်ထော်တွင်းရပ်ကွက်၊ သန်လျင်မြို့။	၆၂၀၀၀ိ/-
၈။	ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)-ဒေါ်ကြိုင်ကြိုင်မိသားစု ကောင်းမှု။	၆၀၀၀၀ိ/-
၉။	ဒေါ်စုစုတင် (၇၆)နှစ်မြောက် မွေးနေ့ကောင်းမှု၊ အမှတ်(၃၅၃/၃၅၅)၊ ဦးဝိစာရလမ်း၊ စမ်းချောင်းမြို့နယ်။	၂၂၀၀၀ိ/-
၁၀။	ဇေယျကျော်ထင် ဦးစိန်ရ(ဝန်ကြီး-ငြိမ်း)-ဒေါ်အေးအေးစိုး မိသားစု၊ သီရိပျံချီ ဒု-ဗိုလ်ချုပ်ကြီးမင်းသိန်း-ဒေါ်ခင်သန်းမြင့် မိသားစု၊ ဦးမောင်မောင်(7)-ဒေါ်မြင့်မြင့်မိသားစု၊ ဦးမိုးသွင်-ဒေါ်နုနုရီမိသားစု၊ (ဗိုလ်ကြီးဗန်နွေသန်း-ဒေါ်ညီညီတင်)မိသားစုကောင်းမှု။	၁၃၀၀၀၀ိ/-
၁၁။	မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး-ဒေါ်ခင်သန်းနွဲ့ မိသားစု၊ မဟာသရေစည်သူ ဗိုလ်ချုပ်ကြီးစိုးဝင်း-ဒေါ်သန်းသန်းနွဲ့ မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း(ငြိမ်း)-(ဒေါ်စမ်းစမ်းရီ)၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်(ငြိမ်း)-ဒေါက်တာ ဒေါ်တင်လင်းမြင့်မိသားစု၊ မဟာသရေစည်သူ (ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို)-ဒေါ်ခင်လေးမြင့်မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး(ငြိမ်း)-ဒေါ်ခင်နှင်းဝေမိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း(ငြိမ်း)-ဒေါ်မာလာတင့်မိသားစု၊ ဇေယျကျော်ထင်ဗိုလ်ချုပ်တင်ငွေ(ငြိမ်း)-ဒေါ်နန်းခင်လှဝင်း မိသားစုများကောင်းမှု။	၁၀၀၀၀၀ိ/-
၁၂။	ဆရာတော်ဘဒ္ဒန္တမာနိတ(သဒ္ဓမ္မဇောတိကဓဇ)ဦးဆောင်သော တပည့်ဒါယကာ၊ ဒါယိကာမများကောင်းမှု၊ ကျိုက္ကစံဝေဠုဝန်(ရွှေကျောင်)ကျောင်းတိုက်၊ သဃ်န်းကျွန်းမြို့နယ် (သတ္တရာသမအကြိမ်မြောက်)လှူဒါန်းခြင်း	၁၀၀၀၀၀ိ/-
၁၃။	ဘဒ္ဒန္တသုမနာဘိဝံသ၊ နိုင်ငံတော်ပြဝါဒါစရိယဆရာတော်၊ နတ်မော်ကျောင်း၊ မော်လမြိုင်မြို့။	၁၀၀၀၀ိ/-
၁၄။	ဦးသက်လွင်-ဒေါ်ခင်ထားရွှေအားရည်စူး၍ ဒေါ်မေထားလွင်၊ ဒေါ်ခင်ထားလွင်၊ ဦးထွန်းဇော်လွင် မိသားစုကောင်းမှု၊ အမှတ်(၃၀)၊ နီလာလမ်း၊ ဗဟန်းမြို့နယ်။	၁၀၀၀၀ိ/-
၁၅။	ဦးမြကျော်-ဒေါ်စန်းကြွယ်မွေးနေ့ကောင်းမှု၊ အမှတ်(၁၃၇/၂)၊ သံသုမာလမ်း၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏမြို့သစ်။	၆၀၀၀၀ိ/-
၁၆။	ဖခင်ကြီး ဦးချစ်မောင်-မိခင်ကြီး ဒေါ်မမလေးတို့၏ ကွယ်လွန်ခြင်း(၆)နှစ်ပြည့်အထိမ်းအမှတ် ဆွမ်းဆက်ကပ်ခြင်း၊ သမီး ဒေါ်အမာကြည်ကောင်းမှု၊ အမှတ်(၁၈/B)၊ စွန်းလွန်းလမ်းသွယ်(၂)၊ (၁၆)ရပ်ကွက်၊ ပြည်သာယာ၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်။	၁၀၀၀၀ိ/-
၁၇။	ဗိုလ်ကြီးထွန်းဝင်း(ငြိမ်း) (၈၈)နှစ်ပြည့် မွေးနေ့ကောင်းမှု၊ အမှတ်(၄၀၆)၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်။	၃၈၀၀၀ိ/-
၁၈။	တပ်မတော်ကြည်း၊ ရေ၊ လေ အမျိုးသမီးစစ်မှုထမ်းဟောင်း များ ကောင်းမှု။	၃၇၀၀၀ိ/-
၁၉။	အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်-သီဟသုဓမ္မသီ်ဂီ ဒေါ်ခင်ခင်စိန် မိသားစုကောင်းမှု၊ အမှတ်(၁၃၄)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်။	၁၀၀၀၀ိ/-
၂၀။	ဖခင်ကြီး ဦးကိုကြီး-မိခင်ကြီး ဒေါ်ကြင်ကြင်တို့အားရည်စူး၍ ဦးစိုးဝင်းမောင်-ဒေါ်ခင်လှိုင်ဦး၊ သား မောင်စွမ်းထက်နိုင် မိသားစုကောင်းမှု၊ အမှတ်(၂၄၀)၊ ဗားကရာလမ်း၊ မြေနီကုန်းမြို့နယ်။	၃၀၀၀၀ိ/-
	စုစုပေါင်း	**၈၂၁၆၀၀ိ/-**

ဆက်သွယ်ရန် ဖုန်းနံပါတ်များ- ၀၉-၇၃၁၁၉၅၆၃၊ ၀၉-၂၅၃၃၈၉၇၉၄

ပျောက်ဆုံးကြောင်း

ကျွန်မ မခင်ထွေး ၁၀/မဒန(နိုင်)၁၆၇၇၅၇ ၏ Passport (No. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၂၄၀၇၄၆၃**

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်) ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပခြင်းနှင့် သက်ကြီးပူဇော်ကန်တော့ခံပုဂ္ဂိုလ်ကို လှူဒါန်းမှုပြုခြင်း

၁။ မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)သည် နှစ်စဉ် မြောင်းမြမြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ နှစ်ဆန်းတစ်ရက်တွင် သွားရောက်၍ လှူဒါန်းပြုလုပ်မည်ဖြစ်ပါသဖြင့် လှူဒါန်းလိုသူများသည် မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)နှင့် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ ဆန်တစ်အိတ်လျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် အောက်ပါ ပုဂ္ဂိုလ်များထံ ပါဝင်လှူဒါန်းနိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

(၁) ဦးဝင်းကြည် ဖုန်း-၀၁-၅၇၃၀၇၄၊ (၂) ဦးစန်းရွှေ ဖုန်း-၀၉-၃၁၁၂၅၁၃၄၊ (၃) ဒေါ်မြင့်မြင့်သန်း ဖုန်း-၀၉-၅၀၉၄၉၁၁

၂။ မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)သည် ၁၃-၃-၂၀၁၆ ရက် (တနင်္ဂနွေနေ့)တွင် နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို ဧရာဝတီတိုင်းဓမ္မာရုံ(ရန်ကုန်မြို့)၌ ကျင်းပပြုလုပ်ပြီးဖြစ်ပါသဖြင့် ယင်းနေ့အခမ်းအနားသို့ ကန်တော့ခံခြင်းမတက်ရောက်နိုင်သော သက်ကြီးကန်တော့ခံပုဂ္ဂိုလ်များသည် ၂၄-၃-၂၀၁၆ရက်(တနင်္ဂနွေနေ့)မှ ၂၉-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့)အထိ တနင်္ဂနွေနေ့တိုင်း နံနက် ၁၁း၀၀ နာရီမှ ၁၄း၀၀ နာရီအထိ အသင်းယာယီနေရာ မြောင်းမြဒေါ်ချိုမုန့်ဟင်းခါးဆိုင်၊ အမှတ် ၁၁၈(ဒီ)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်တွင် သက်ကြီးကန်တော့ခံ ပုဂ္ဂိုလ်များကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ကသော်လည်းကောင်း၊ အထောက်အထား သက်သေခံ အသင်းဝင်အထောက်အထား၊ မှတ်ပုံတင်ကတ်၊ မိသားစုအိမ်ထောင်စုဇယားမိတ္တူများပြသ၍ သတ်မှတ်ရက်အတွင်း လာရောက်ထုတ်ယူကြပါရန် အကြောင်းကြားပါသည်။

အမှုဆောင်အဖွဲ့

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆွမ်းကွမ်းပဒေသာပင်အတွက် ၂၀၁၆ခုနှစ် မတ်(၁)ရက်နေ့မှ (၃၁)ရက်အထိ ကျပ်(၁)သိန်းနှင့်အထက် အလှူရှင်များစာရင်း

စဉ်	အလှူရှင်အမည်နှင့်နေရပ်လိပ်စာ	အလှူရငွေ
၁။	နှစ်ဖက်သောမိဘများကိုအမှူးထား၍ ဦးမောင်သောင်း-ဒေါ်ခင်သောင်းမေ မိသားစုကောင်းမှု၊ အမှတ် ၉၉၊အောင်သပြေလမ်း၊(၃၆)ရပ်ကွက်၊မြောက်ဒဂုံမြို့နယ်။	၁၀၀၀၀ိ/-
၂။	ဘဒ္ဒန္တဝေပုလ္လ(ကျောက်မဲ)ကောင်းမှု၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့	၁၀၀၀၀ိ/-
၃။	ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းသန်း-ဒေါ်ရီရီဝင်း မိသားစုကောင်းမှု	၁၅၀၀၀ိ/-
၄။	အာယုဗေဒ ဆရာရွှေ၏ မိခင် ဒေါ်မိတင် (၈၈)နှစ်ပြည့် မွေးနေ့ကောင်းမှု၊ အမှတ် ၉၂၃၊ ၁ လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။	၁၀၀၀၀ိ/
၅။	ဝေဟင်ချစ်သူ ညီအစ်မများအဖွဲ့ကောင်းမှု တိုက်(၁)၊ အခန်း ၄၀၂၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်	၁၀၀၀၀ိ/
၆။	ကွယ်လွန်သူမိဘနှစ်ပါးဖြစ်သော ဦးဘနု-ဒေါ်ပါးပါးတို့အား ရည်စူး၍ ဦးငွေမြင့်-ဒေါ်တင်မြင့် သားသမီး မြေးတစ်စုကောင်းမှု၊ အမှတ်(၁/က၊ခ)၊ အနော်ရထာလမ်း၊ (၁၈)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်	၂၀၀၀၀၀ိ/-
၇။	ဒေါ်နုနုရီ (၇၃)နှစ်ပြည့် မွေးနေ့အလှူ၊ အမှတ် ၇၄/က၊ ကင်ပွန်းခြံလမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်	၃၀၀၀၀ိ/-
၈။	ဦးပြုံးချို-ဒေါ်တင်ရီမိသားစုကောင်းမှု၊ အမှတ်(C/၇၈)၊ ဂန္ဓမာလမ်းမကြီး၊ F.M.I City၊ လှိုင်သာယာမြို့နယ်	၁၀၀၀၀ိ/-
၉။	ဦးတင်ဦး-ဒေါ်မြဆင့်၊ သားကြီး ဗိုလ်ကြီးထင်လင်းအောင်၊ သားငယ်-ဝေလင်းအောင် မိသားစုကောင်းမှု၊ အမှတ် ၆၄၄၊ ဗိုလ်မင်းရောင်လမ်း၊ (၄၀)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်	၅၀၀၀၀ိ/-
၁၀။	ဆရာမဒေါ်ခင်မြင့်မြင့်(ခ)Milly Aye အားရည်စူး၍ နှစ်(၂၀)ပြည့်ကုသိုလ်၊ ဆရာမ ဒေါ်မြမြစန်းမှလှူဒါန်းပါသည်။	၁၀၀၀၀ိ/-
၁၁။	ကွယ်လွန်သူ ဦးခင်အောင်(စစ်ကိုင်း) (၃)နှစ်ပြည့်အား ရည်စူး၍ ဒေါ်ခင်ငွေမိသားစုကောင်းမှု၊ တိုက် ၂၀၂၊ အခန်း(၂)၊ ရန်ကင်း၊ ၁၂ လုံးတန်း၊ ရန်ကင်းမြို့နယ်	၁၀၀၀၀ိ/-
၁၂။	ဘဒ္ဒန္တသုမနာဘိဝံသ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် နတ်မော်ကျောင်း၊ မော်လမြိုင်မြို့	၁၀၀၀၀ိ/-
၁၃။	ဦးထွန်းအောင်-ဒေါ်ငွေကြွယ်မိသားစုကောင်းမှု၊ အမှတ် ၁၁၉၁/ခ၊ ကန်သာယာ ၁ လမ်း၊ (၃၅)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်	၁၀၀၀၀ိ/-
၁၄။	ဒေါ်ခင်ခင်စု (တွဲဖက်ညွှန်မှူး၊ သုတေသနဌာနခွဲ၊ သာသနာရေးဦးစီးဌာန)ကွယ်လွန်ခြင်း(၂)နှစ်ပြည့်အား ရည်စူး၍ ခင်ပွန်း ဦးတင်အောင်နှင့်မိသားစုကောင်းမှု၊ ကျောက်ရေတွင်း၊ မရမ်းကုန်းမြို့နယ်	၁၀၀၀၀ိ/-
၁၅။	ဖခင်ကြီးဦးချစ်မောင်-မိခင်ကြီး ဒေါ်မမလေးတို့၏ ကွယ်လွန်ခြင်း (၆)နှစ်ပြည့်အထိမ်းအမှတ် ဆွမ်းပဒေသာပင် လှူဒါန်းခြင်း၊ သမီး ဒေါ်အမာကြည်ကောင်းမှု၊ အမှတ် ၁၈/B၊ စွန်းလွန်းလမ်းသွယ်(၂)၊ (၁၆)ရပ်ကွက်၊ ပြည်သာယာ၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်။	၁၀၀၀၀ိ/
၁၆။	နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးဝင်းဗိုလ်-ဒေါ်ယုယုခိုင် သားသမီးမြေးတစ်စုကောင်းမှု၊ မုံရွာမြို့	၁၀၀၀၀ိ/-
	စုစုပေါင်း	**၄၁၅၀၀၀ိ/-**

ဆက်သွယ်ရန် ဖုန်းနံပါတ်များ- ၀၉-၇၃၁၁၉၅၆၃၊ ၀၉-၂၅၃၃၈၉၇၉၄

အမည်ပြောင်း

ဦးတင်ထွန်း၏သား အထက ဘုတလင် နဝမတန်း(B1)မှ မောင်သန်းတိုးအောင်အား မောင်လင်းသန့်နိုင် ၅/ဘတလ(နိုင်) ၁၂၃၉၈၇ ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်လင်းသန့်နိုင်**

စစ်တက္ကသိုလ်အပတ်စဉ်(၁၃) နှစ်ပတ်လည်မိတ်ဆုံညစာစားပွဲဖိတ်ကြားခြင်း

စစ်တက္ကသိုလ်အပတ်စဉ်(၁၃)၏ နှစ်ပတ်လည်မိတ်ဆုံညစာစားပွဲကို ၂၄-၄-၂၀၁၆ ရက် (တနင်္ဂနွေနေ့) ညနေ ၁၈း၀၀ နာရီတွင် မရမ်းကုန်းမြို့နယ်၊ ၈ မိုင်လမ်းဆုံရှိ Yangon City Hotel ဒုတိယထပ် Grand Ballroom တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများနှင့် မိသားစုများ၊ ကျန်ရစ်သူဇနီးများနှင့် မိသားစုများ စုံညီစွာ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အထိမ်းအမှတ် ဂေါက်သီးရိုက်ပွဲအား ၂၄-၄-၂၀၁၆ ရက် (တနင်္ဂနွေနေ့) မှာပင် နံနက် ၀၆း၀၀ နာရီတွင် တပ်မတော်ဂေါက်ကွင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

DSA-13 မှ သူငယ်ချင်းများ

ယဉ်ကျေးလိမ္မာ ဆရာဖြစ်သင်တန်း အမှတ်စဉ်(၆/၂၀၁၆)ဖွင့်လှစ်မည်

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းမှကြီးမှူး၍ မြန်မာနိုင်ငံတစ်ဝန်း ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအသီးသီးတွင် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ယဉ်ကျေးလိမ္မာ ဆရာဖြစ်သင်တန်းကို သာသနာနုဂ္ဂဟအသင်း(ဗဟို)ရုံးတွင် ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ပါသည်။

သင်တန်းအမည် - ယဉ်ကျေးလိမ္မာဆရာဖြစ်သင်တန်း အမှတ်စဉ်(၆/၂၀၁၆)

ပညာအရည်အချင်း - သာသနာရေးဝန်ကြီးဌာနမှ ကျင်းပပြုလုပ်သော အဘိဓမ္မာစာမေးပွဲ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်မြင်ထားသူဖြစ်ရမည်။ အနည်းဆုံး အဘိဓမ္မာ(ပ)(ဒု)(တ)အောင်မြင်သူများလည်းလျှောက်ထားနိုင်သည်။

သင်တန်းကာလ - ၂၀၁၆ခုနှစ် မေ ၂ရက်(တနင်္လာနေ့)မှ မေ ၃၁ရက်(အင်္ဂါနေ့)အထိ၊ (စနေ၊ တနင်္ဂနွေ)နေ့များမှအပ တစ်လတိတိ။

သင်တန်းချိန် - နံနက် ၈ နာရီမှ နံနက် ၁၀ နာရီအထိ (တန်းခွဲ-၁)
မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ (တန်းခွဲ-၂)

လျှောက်လွှာပေးပို့ရမည့်ရက် - ၂၀၁၆ ခုနှစ် ဧပြီ ၃၀ ရက် နောက်ဆုံးထား၍ ပေးပို့ရန်

လျှောက်လွှာလက်ခံမည့်နေရာနှင့်စုံစမ်းရန် - မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း၊ ဇမ္ဗူသီရိဗိမာန်တော်၊ တံတားလေးလမ်းဝ၊ နဝဒေးရပ်ရှင်ရုံအနီး၊ မရမ်းကုန်းမြို့နယ်။ ဖုန်း-၀၁-၆၅၅၉၇၃၊ ၆၅၆၆၂၇

မှတ်ချက်။ ။လျှောက်လွှာနှင့်အတူ ဓာတ်ပုံ လေးပုံ၊ အောင်လက်မှတ်(မူရင်း/မိတ္တူ)နှင့် မှတ်ပုံတင်မိတ္တူများ ပူးတွဲတင်ပြရပါမည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်လယ်ယာဓမ္မာရုံ၏ ငွေရတုအခမ်းအနားဖိတ်ကြားခြင်း

ကုန်သွယ်လယ်ယာဓမ္မာရုံအား ၂-၅-၁၉၉၁ ရက်တွင် စတင်ရေစက်ချဖွင့်လှစ်ခဲ့ပြီး ဘာသာ၊ သာသနာတည်တံ့ခိုင်မြဲရေး၊ တိုးတက်ပြန့်ပွားရေးနှင့် ကုန်သွယ်လယ်ယာဝန်ထမ်းဟောင်းများ ရိုင်းပင်းကူညီရေးလုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်ခဲ့ရာ ယခုအခါ (၂၅)နှစ်ပြည့်မြောက်ပြီဖြစ်ပါ၍ ငွေရတုအခမ်းအနားအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကုန်သွယ်လယ်ယာတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းများအား တက်ရောက်ကြည်ညို သဒ္ဓါပွားများနိုင်ရန် ဖိတ်ကြားအပ်ပါသည်-

(၁) **ကျင်းပမည့်နေ့ရက်** - ၁-၅-၂၀၁၆ ရက် (တနင်္ဂနွေနေ့)

(၂) **ကျင်းပမည့်အချိန်** - နံနက် ၀၉း၀၀ နာရီ

(၃) **ကျင်းပမည့်နေရာ** - ကုန်သွယ်လယ်ယာဓမ္မာရုံ၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊

ဗုဒ္ဓဘာသာအသင်း၊ ကုန်သွယ်လယ်ယာဓမ္မာရုံ
ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၀၀၈၈၃၇၅

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၉၂၂၇ Honda Click 110 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးမင်းကျော်မင်း ၁၀/ခဆန(နိုင်)၀၈၉၅၇၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၈၁၄၈၇ ဟွန်ဒါ ဒရင်းဖ်/ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေကေခိုင် ၃/ကကရ(နိုင်)၁၅၉၅၁၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၅၈၅၇၉ Honda Wave 110 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးညဏ်ထွန်း ၁၀/ကမရ(နိုင်)၁၄၇၀၉၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
ရန်ကုန်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်မှ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ဝန်ထမ်းအိမ်ရာ(ဖြန်းတွဲ ၄ ထပ်)၊ (RC)အား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တရားရုံးအဆောက်အအုံအသစ်ဆောက်လုပ်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသား ပုဂ္ဂလိက လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၈-၄-၂၀၁၆ ရက်
(ခ) **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၂၈-၄-၂၀၁၆ ရက်
(ဂ) **တင်ဒါပုံစံစတင်ရမည့်နေရာ** - (စီမံ/ထောက်ပံ့)ဌာန ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်
(ဃ) **တင်ဒါပုံစံဖွင့်မည့်ရက်** - ၂၉-၄-၂၀၁၆ ရက် မွန်းတည့် ၁၂း၀၀ နာရီ

၂။ တင်ဒါပုံစံနှင့် စည်းကမ်းများကို တစ်စုံလျှင် ငွေကျပ် ၁၀၀၀၀ိ/(ကျပ်တစ်သောင်းတိတိ)ဖြင့် ၈-၄-၂၀၁၆ ရက်မှစတင်၍ ရုံးချိန်အတွင်း တိုင်းဒေသကြီး တရားလွှတ်တော်(စီမံ/ထောက်ပံ့)ဌာနတွင် စတင်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး (စီမံ/ထောက်ပံ့)ဌာန၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၁-၃၈၂၀၂၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
ရန်ကုန်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်မှ လှိုင်သာယာမြို့နယ် တရားရုံးအား (RC - လေးထပ်)ဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တရားရုံးအဆောက်အအုံသစ်ဆောက်လုပ်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားပုဂ္ဂလိက လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၈-၄-၂၀၁၆ရက်
(ခ) **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၂၈-၄-၂၀၁၆ရက်
(ဂ) **တင်ဒါပုံစံစတင်ရမည့်နေရာ** - (စီမံ/ထောက်ပံ့)ဌာန ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်
(ဃ) **တင်ဒါပုံစံဖွင့်မည့်ရက်** - ၂၉-၄-၂၀၁၆ရက် မွန်းလွဲ ၂း၀၀နာရီ

၂။ တင်ဒါပုံစံနှင့်စည်းကမ်းများကို တစ်စုံလျှင် ငွေကျပ် ၁၅၀၀၀ိ/ (ကျပ်တစ်သောင်းငါးထောင်တိတိ) ဖြင့် ၈-၄-၂၀၁၆ရက်မှစတင်၍ ရုံးချိန် အတွင်း တိုင်းဒေသကြီးတရားလွှတ်တော် (စီမံ/ထောက်ပံ့)ဌာနတွင် စတင်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး(စီမံ/ထောက်ပံ့)ဌာန ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၁-၃၈၂၀၂၇သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

စက်သုံးဆီအရောင်းဆိုင်များရောင်းမည်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ (ဒသမ ၂၂ဧက)နှင့် စဉ့်ကိုင်မြို့ (ဒသမ ၅ ဧက)တို့တွင် တရားဝင်လိုင်စင်ဖြင့် ဖွင့်လှစ်ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင် နှစ်ဆိုင်အား ရောင်းရန်ရှိပါသည်။

ဖုန်း-၀၉-၇၉၇၅၂၄၆၃၆၊ ၀၉-၂၆၃၆၂၁၅၀၄၊ ၀၉-၇၈၈၉၀၆၅၆၀၊ ၀၉-၅၁၀၇၀၅၈

အယူတော်ခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို
အယူတော်ခံတရားပြိုင်များသို့ ကြားသိစေသည့်
အကြောင်းကြားစာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၆ ခုနှစ် တရားမပထမအယူခံမှုအမှတ်-၂၉

ဦးကျော်ထွန်းအောင် **နှင့်** ဒေါ်ခင်ဆွေဝင်း
(၄င်း၏အခွင့်ရကိုယ်စားလှယ်)
ဒေါ်ဥမ္မာအောင်)
အယူခံတရားလို **အယူခံတရားပြိုင်**

၂၀၁၅ခုနှစ် နိုဝင်ဘာ ၂၃ ရက်စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ မကြီး ၆၁၁/၁၃ ၏ စီရင်ချက်နှင့် ဒီကရီကို အယူတော်ခံမှု။

အထက်အမည်ပါအမှုမှ အယူခံတရားပြိုင် သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်ပေးသည့်ဒီကရီကို ဦးကျော်ထွန်းအောင် (၄င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ဥမ္မာအောင်)က အယူတော်ခံရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤအယူခံမှုကို ၂၀၁၆ခုနှစ် မေလ ၂ ရက် (၁၃၇၇ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ အယူခံမှုတွင် သင့်အတွက်ရှေ့ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့မလာမရောက်ရှိခဲ့လျှင် ၄င်းအယူခံမှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်တို့ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းဆိုထားသောအချိန်အတွင်း ဤကဲ့သို့ သင်တို့ကကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၁၆ ခုနှစ် မတ်လ ၃၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **အမိန့်အရ-**

(ခိုင်ခိုင်လေး)
လက်ထောက်ညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၅၊ မြေကွက်အမှတ် ၁၅၂၅/ခအား အမည်ပေါက် ဒေါ်စောခင် HGU-၀၁၈၈၀၆ထံမှ ဝယ်ယူထားသူ ဒေါ်နန်းစိန်ပွင့် ၁၂/ဒဂန(နိုင်)၀၂၅၇၅၀ မှ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော်**

အလှူရှင်များနှိုးဆော်ခြင်း

ဒါ့အပြင် လက်ရှိအချိန်မှာလည်း အင်္ဂလန်သား မန်နေဂျာတွေရဲ့ စွမ်းဆောင်ရည်တွေဟာ အားရစရာမရှိပါဘူး။ ဒီရာသီမှာ တင်ရှားဝုဒ်ဟာ ဗီလာကို အဆင့် ၁၉ အထိ ကျဆင်းအောင် ကိုင်တွယ်နိုင်ခဲ့မှုနဲ့အတူ ထုတ်ပယ်ခံခဲ့ရတာဖြစ်သလို ဂယ်ရီမွန့်စ်ဟာလည်း ဆွမ်ဆီးကို အနိုင် သုံးပွဲသာရရှိအောင် ဦးဆောင်ပေးနိုင်မှုနဲ့အတူ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။ မက္ကလာရင်ဟာလည်း နယူးကာဆယ်ကို တန်းဆင်းဇုန်အတွင်းက လွတ်အောင် လုပ်ဆောင်မပေးနိုင်မှုနဲ့အတူ ထုတ်ပယ်ခံခဲ့ရတာဖြစ်သလို ကျန်နေသေးတဲ့ မန်နေဂျာ သုံးဦးကိုကြည့်ရင်လည်း အလန်ပါဂျူးဟာ ပဲလေ့စ်ကို အဆင့် ၁၆ နေရာမှာသာ တင်ပေးထားနိုင်သလို တန်းဆင်းဇုန်ထဲက အမြင့်ဆုံး ဆန်းဒါးလန်းထက်တောင် ခုနစ်မှတ်သာအသာရထားတယ်။ ဒါ့အပြင် အက်ဒီဟိုဝီလ်ဟာလည်း ဘုန်းမောက်ကို အဆင့် ၁၃ နေရာမှာထားရှိထားနိုင်ပါတယ်။ ဆမ်အလာဒိုက်စ်ဆိုရင်လည်း ဆန်းဒါးလန်းကို အခုချိန်ထိ တန်းမဆင်းရဖို့ အာမခံချက်မပေးနိုင်သေးမှုအရ ပရီမီယာလိဂ်မှာ အင်္ဂလန်အသင်းအတွက် အရည်အသွေးပြည့် အင်္ဂလန်မန်နေဂျာတွေကအစ ရှားပါးလာပြီလို့ဆိုရမလို ဖြစ်လာပါတယ်။

ပြောရမယ်ဆိုရင် အဲ့ဒီလိုအခြေအနေမှာ ပြည်ပထွက်ပြီး အသင်းတစ်သင်းကို ကိုင်တွယ်နိုင်တဲ့ အင်္ဂလန်သားမန်နေဂျာဟာလည်း ရှားပါးလွန်းပြီး ဂယ်ရီနဗီးလ်ဆိုရင်လည်း ဗလင်စီယာကနေ ထုတ်ပယ်မှုတောင်ခံလိုက်ရပြီဆိုတော့ ဘောလုံးအသိုင်းအဝိုင်းရဲ့ အယူအဆအတိုင်း အရည်အသွေးပြည့် အင်္ဂလန်သားမန်နေဂျာတွေ ရှားပါးလာပြီလားဆိုတာ မေးစရာသိပ်ကောင်းလာတယ်။

တကယ်တော့ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်းမှာ မန်နေဂျာနေရာတစ်ခုသာ ပြည်ပသားတွေရဲ့ လွှမ်းမိုးမှုကိုခံနေရတာမဟုတ်ဘဲ နေရာစုံမှာပါ အင်္ဂလန်သားတွေ တစ်စတစ်စ နေရာပျောက်ဆုံးလာနေတာ ဖြစ်ပါတယ်။ လက်ရှိ ပရီမီယာလိဂ် ပြိုင်ပွဲအတွင်း ထိပ်ဆုံး နေရာရောက်ရှိ နေတဲ့ လက်စတာမှာတောင် အင်္ဂလန်သားက အတော်နည်းပါတယ်။ ဂျိမ်းဗာဒီဟာ လက်စတာအတွက် အားကိုးအားထားပြုစရာ အင်္ဂလန်သား ဖြစ်သော်ငြား အိုကာဇာကီ၊ မာရက်စ်၊ ရော ဘတ် ဟုချ်၊ ကန်တီစတဲ့ အဓိက ကစားသမား အများစုဟာ ပြည်ပသားတွေချည်း ဖြစ်နေပါတယ်။ စပါးမှာဆိုရင်လည်း ဟယ်ရီကိန်း၊ ဒါလီအလီ၊ အီဒီရာစတဲ့ အင်္ဂလန်သားတွေဟာ နေရာတစ်နေရာကို ခိုင်မာစွာရရှိနေတယ်ဆိုပေမယ့် အခြားကစားသမားအများစုဖြစ်တဲ့ လာမယ်လာ၊ အဲရစ်ဆင်၊ ဒမ်ဘီလီတို့ဟာ ပြည်ပသားတွေချည်း ဖြစ်နေပါတယ်။

ဒါ့အပြင် အာဆင်နယ်မှာဆိုရင်လည်း ဂျရူး၊ အိုဇေးလ်၊ ဆန်းချက်ဇ်၊ ကိုကွီလင်၊ မာတီဆက်ကာ၊ ကိုစီနီတို့လို ပြည်ပသား အများစုတွေသာ အားပြုနေရပြီး ဝဲလ်ဘတ်၊ ဝေါလ်ကော့တို့လောက်သာ ပွဲထွက်ခွင့်ရတဲ့ အင်္ဂလန်သားဆိုလို့ ပြစရာရှိနေပါတယ်။ မန်စီးတီးမှာဆိုရင်လည်း အဓိကအားပြုတဲ့အထဲမှာ စတာလင်း တစ်ဦးလောက်သာ အင်္ဂလန်သားပါဝင်နေပြီး အဂူရို၊ ဆေးလ်ဗား၊ ယာယာတိုရေး၊ ဒီဘရိုင်း၊ ဖာနန်ဒို၊ ဖာနန်ဒင်ညို၊ ကွန်ပါနေးလ်တို့လို ကျန်အဓိက ကစားသမားတွေဟာ ပြည်ပသားတွေ ဖြစ်နေပါတယ်။ မန်ယူမှာလည်း ကာရစ်၊ ရွှန်နေးလ်တို့လောက်သာ နေရာခိုင်ခိုင်မာမာရတဲ့ အင်္ဂလန်သားရှိတော့ပြီး ကျန်အများစုဟာ ပြည်ပသားတွေဖြစ်တာနဲ့အမျှ ပရီမီယာလိဂ်မှာ အင်္ဂလန်သား ဘောလုံးသမားတွေဟာ နေရာပျောက်ဆုံးလာနေတာ ထင်ရှားနေပါတယ်။

ဒါကြောင့်ပဲ မက္ကလာရင် ထုတ်ပယ်ခံရမှုဟာ အင်္ဂလန်ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ သရုပ်မှန်ကို ထုတ်ပြရာရောက်တယ်လို့လည်း ဆိုကြတာဖြစ်ပါတယ်။ အရှင်းဆုံးပြောရရင် လက်ရှိအင်္ဂလန်ပရီမီယာလိဂ်မှာ မန်နေဂျာနေရာတွေမှာလည်း ပြည်ပသားတွေချည်း အများစုစိုးမိုးနေသလို ကစားသမားတွေကြားမှာလည်း ပြည်ပသားတွေချည်းသာ ကြီးစိုးခြယ်လှယ်လာတဲ့ အခြေအနေတွေအရ အင်္ဂလန်သားတွေရဲ့ ပရီမီယာလိဂ်ပြိုင်ပွဲဟာ အင်္ဂလန်သားတွေအတွက် မဟုတ်တော့သလိုတောင် ဖြစ်လာတယ်လို့ပဲ ဆိုချင်မိပါတယ်။

ဝေမိုးဆက်

လက်ရှိ အင်္ဂလန်ပရီမီယာလိဂ်မှာ မန်နေဂျာနေရာတွေမှာလည်း ပြည်ပသားတွေချည်း အများစု စိုးမိုးနေသလို ကစားသမားတွေကြားမှာလည်း ပြည်ပသားတွေချည်းသာ ကြီးစိုးခြယ်လှယ်လာတဲ့ အခြေအနေတွေအရ အင်္ဂလန်သားတွေရဲ့ ပရီမီယာလိဂ်ပြိုင်ပွဲဟာ အင်္ဂလန်သားတွေအတွက် မဟုတ်တော့သလိုတောင်ဖြစ်လာ

တစ်ခါတုန်းက နယ်စပ်ဒေသမှာ(၁၂)

သည်နေ့ မနက်ခင်း အိမ်ရှေ့ပြတင်းတံခါးကို ဖွင့်လိုက်သည်နှင့် မိုးပွားကလေးတွေ တဖွဲဖွဲကျနေသောမြင်ကွင်းက တိုးဝင်လာသည်။ မျက်နှာပြင်သို့ အေးစိမ့်စိမ့် အထိအတွေ့လေးတစ်ခု လာရောက်တိုးဝှေ့ကျီစယ်သည်ကိုလည်း ခံစားလိုက်ရသည်။ ဩော်. . . တန်ခူးလေ။ သင်္ကြန်မိုးရေ တန်ခူးလေ။ ထိုစဉ် အိမ်ရှေ့ဝန်းကျင်မှာ ပိတောက်ပင်တစ်ပင်မှမရှိပါဘဲလျက် ပိတောက်ပန်းရနံ့တွေက ကြိုင်လှိုင်သင်းပျံ့လို့ လာနေဘိအလား။ တိုင်းရင်းသူဝတ်စုံလေးများနှင့် လှပသောသင်္ကြန်ယိမ်းအကပုံရိပ်များက စိတ်အာရုံတွင် ထင်ဟပ်လာသကဲ့သို့ သင်္ကြန်တေးသီချင်းသံတွေကိုလည်း နားထဲမှာ ကြားယောင်လာခဲ့သည်။ ထိုသီချင်းသံများထဲတွင် မြူမှောင်ဝေကင်းနှင့် မန်းတောင်ရိပ်ခို သီချင်းသံများက အကျယ်ဆုံး၊ အမြိုင်ဆုံး။ တေးသံရှင်ကိုရန်ပိုင်စိုး ကိုယ်တိုင်လာရောက်သီဆိုပေးသော မြူမှောင်ဝေကင်း တေးသီချင်းနှင့် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာထဲက သင်္ကြန်မဏ္ဍပ်ကို စတင်ဖွင့်လှစ်ခဲ့စမြဲ။ အသင့်နေရာယူထားသော တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင်များက စည်းဝါးညီညီယိမ်းကာနွဲ့ကာဖြင့် စုပေါင်းကပြခဲ့ကြသည်။ ၁၉၉၃ ခုနှစ်မှ အစပြု ဖိတ်ကြားခေါ်ယူခဲ့၍လားတော့မသိ။ သူတို့အတွက် ရည်ရွယ်စပ်ဆိုထားသော တေးသီချင်းတွေက အတော်အသင့်ကို များပြားလို့နေပါပြီ။ ဘဘဦးကျော်ဆန်း (စာရေးဆရာ သုခိအောင်) ရေးဖွဲ့ပေးသော တိုင်းရင်းသားမျိုးဆွေ ခါသင်္ကြန်ရေဂီတစာဆို အလင်္ကာကျော်စွာ ဟသ်ာတမြင့်ငွေ ရေးစပ်သီကုံးခဲ့သော နွေပိတောက်၊ ပြည်ထောင်စုသားတို့ သင်္ကြန်၊ ပြည်ထောင်စုကြီး အေးချမ်းပါစေ၊ ရာသက်ပန် ပြည်ထောင်စုအေးချမ်းပါစေနှင့် ရွှေဝါဖူးသင်္ကြန်တေးသီချင်းများ၊ ကိုမြသန်းစံ ရေးပေးခဲ့သော ပြည်ထောင်စုနှင့် ခါသင်္ကြန်သီချင်း၊ ကေတုဝင်းထွန်း၏ ရိုးရာအလှ မြန်မာ့သင်္ကြန်သီချင်း၊ ဘဘ ရာမဦးအုန်းမောင်၏ ပြည်ထောင်စုအားမာန် သွေးချင်းတို့သင်္ကြန်တေးသီချင်းများဖြစ်သည်။

ရန်ကုန်မြို့ မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲရန်အတွက် ၁၉၉၃ ခုနှစ်က ထားဝယ်နှင့် ဓနု တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့နှစ်ဖွဲ့ကို စတင်ဖိတ်ကြားခေါ်ယူခဲ့သည်။ ၁၉၉၄ခုနှစ်တွင် ကရင်တိုင်းရင်းသားတိုင်းရင်းသူအဖွဲ့၊ ၁၉၉၅ ခုနှစ်တွင် ကိုးကန့်နှင့် 'ဝ' တိုင်းရင်းသူအဖွဲ့နှစ်ဖွဲ့၊ ၁၉၉၆ခုနှစ်တွင် ကချင်နှင့် ချင်း နှစ်ဖွဲ့၊ ၁၉၉၇ ခုနှစ်တွင် ကျိုင်းတုံအရှေ့ဒေသမှ အာခါ၊ လားဟူနှင့် ရှမ်းတိုင်းရင်းသား တိုင်းရင်းသူးများပါဝင်သော အဖွဲ့လေးဖွဲ့၊ ၁၉၉၈ခုနှစ်တွင် ကယား၊ ချင်း၊ နာဂနှင့် ရခိုင်တိုင်းရင်းသားများ ပါဝင်သော အဖွဲ့လေးဖွဲ့၊ ၁၉၉၉ခုနှစ်က မွန်၊ နာဂ၊ ချင်း၊ ရခိုင်၊ ပလောင်၊ ပအိုဝ်းနှင့် ကယားတိုင်းရင်းသားများပါဝင်သော အဖွဲ့ခုနစ်ဖွဲ့၊ ၂၀၀၀ ပြည့်နှစ်က ကယား၊ ကရင်၊ ကိုးကန့်နှင့် 'ဝ' အဖွဲ့လေးဖွဲ့၊ ၂၀၀၁ ခုနှစ်က ကိုးကန့်၊ 'ဝ'၊ နာဂ၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်နှင့် ရခိုင်တိုင်းရင်းသား တိုင်းရင်းသူများပါဝင်သော အဖွဲ့ကိုးဖွဲ့၊ ၂၀၀၂ ခုနှစ်က ပန်ဝါနှင့် လွယ်ဂျယ်ဒေသမှ ကချင်တိုင်းရင်းသား တိုင်းရင်းသူများ အဖွဲ့၊ ဘော်လခဲဒေသမှ ကယားတိုင်းရင်းသား တိုင်းရင်းသူများအဖွဲ့၊ မြိုင်ကြီးငူနှင့် ဝှေ့ရှမ်းဒေသမှ ကရင်နှင့် ရှမ်းတိုင်းရင်းသား တိုင်းရင်းသူများ၊ ကျီခါး၊ ပလက်ဝ၊ လေရှီးနှင့် လဟယ်ဒေသများမှ နာဂတိုင်းရင်းသား တိုင်းရင်းသူများ၊ ကွတ်ခိုင်၊ ကောင်းခါးနှင့် မန်တုံဒေသတို့မှ ပလောင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ပန်ဆန်း၊ မိုင်းမောနှင့် မိုင်းပေါက်ဒေသမှ 'ဝ' တိုင်းရင်းသား တိုင်းရင်းသူများ၊ မိုင်းဆတ်၊ အဒီးဒေသများမှ လားဟူနှင့် ရှမ်းတိုင်းရင်းသား တိုင်းရင်းသူများ၊ ကော့သောင်းနှင့် ဘုတ်ပြင်းဒေသမှ ဆလုံတိုင်းရင်းသား တိုင်းရင်းသူများ စသည်တို့ပါဝင်သော တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ပေါင်း ၁၅ ဖွဲ့ကို ဖိတ်ကြား ခေါ်ယူခဲ့ပါသည်။

အလားတူ ၂၀၀၃ ခုနှစ်တွင်လည်း နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူများပါဝင်သော ယဉ်ကျေးမှုအဖွဲ့ပေါင်း ၁၉ ဖွဲ့ကို ဖိတ်ကြားခေါ်ယူခဲ့ရာ မိုးကောင်းဒေသမှ ကချင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ဟိုယာ/ဘီယာဒေသမှ ကယားတိုင်းရင်းသား တိုင်းရင်းသူများ၊ ကြာအင်းဆိပ်ကြီးနှင့် ဖာပွန်ဒေသမှ ကရင်တိုင်းရင်းသား တိုင်းရင်းသူများ၊ မတူပီဒေသမှ ချင်းတိုင်းရင်းသား တိုင်းရင်းသူများ၊ နန်းယွန်း၊ ပန်ဆောင်၊ လေရှီးနှင့် လဟယ်ဒေသများမှ နာဂတိုင်းရင်းသား တိုင်းရင်းသူများ၊ ဘုတ်ပြင်း၊ ထားဝယ်ဒေသတို့မှ ထားဝယ်နှင့် ဆလုံ တိုင်းရင်းသား တိုင်းရင်းသူများ၊ သထုံနှင့် ဘီးလင်းဒေသမှ မွန်တိုင်းရင်းသား တိုင်းရင်းသူများ၊ မောင်တောဒေသမှ ရခိုင်တိုင်းရင်းသား တိုင်းရင်းသူများ၊ မိုးညှင်းနှင့် အင်းတော်ကြီးဒေသမှ ရှမ်းတိုင်းရင်းသား တိုင်းရင်းသူများ၊ နမ့်ဆန်ဒေသမှ ပလောင်တိုင်းရင်းသား တိုင်းရင်းသူများ၊ မိုင်းဆတ်၊ နားကောင်းမူ၊ မိုင်းလားဒေသများမှ လားဟူ၊ အာခါတိုင်းရင်းသား တိုင်းရင်းသူများ၊ လောက်ကိုင်ဒေသမှ ကိုးကန့်တိုင်းရင်းသား တိုင်းရင်းသူများ၊ ပန်းဆန်းနှင့် မိုင်းမောဒေသမှ 'ဝ' တိုင်းရင်းသား တိုင်းရင်းသူများ ပါဝင်လာခဲ့သည်။

နောက်ဆုံး ဖိတ်ကြားခေါ်ယူခဲ့သော ၂၀၀၄ ခုနှစ်တွင် ဆွမ်ပရာဘွမ်နှင့် နောင်မွန်း ဒေသများ၊ မော်ချီးနှင့် ဖယ်ခုံ၊ ကျိုက်ဒိုနှင့် လှိုင်းဘွဲ၊ ရိခေါဒါရ်၊ ပင်လည်ဘူးနှင့် ဗန်းမောက်၊ ရေးမြို့နယ် တောင်ပိုင်းဒေသ၊ ကျောက်တော်နှင့် ပလက်ဝ၊ ကျောက်တလုံး၊ ကျိုင်းတောင်း/ ကျိုင်းခမ်း၊ ပါလျှိုး/ကျိုင်းလပ်၊ ပန်ဆန်း၊ ကျိုင်းတုံ၊ နန်းယွန်းနှင့် ပန်ဆောင်၊ ချောင်ချိအစရှိသော မြို့ရွာဒေသအသီးသီးမှ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားသွေးချင်းများ ပါဝင်ဆင်နွှဲခဲ့ကြသည်။ ထိုသို့ရောက်ရှိလာကြသော တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များကို ၂၀ ဦးယိမ်း၊ ၁၆ ဦးယိမ်း အစရှိသည်ဖြင့် အဖွဲ့များဖွဲ့၍ အထက်က ကျွန်တော်ပြောခဲ့သည့် နယ်စပ်သင်္ကြန်တေးသီချင်းများဖြင့် ယိမ်းအကများလေ့ကျင့်၍ ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာအတွင်းရှိ မိမိတို့၏ သင်္ကြန်မဏ္ဍပ်၌ လည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် သင်္ကြန်မဏ္ဍပ်၌ လည်းကောင်း၊ ပြည်ထဲရေးနှင့် နိုင်ငံခြားရေး သင်္ကြန်မဏ္ဍပ်များ၌ လည်းကောင်း ကပြဖျော်ဖြေခဲ့ကြသည်။

ထို့အပြင် တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့များအနေဖြင့် မိမိတို့၏ တိုင်းရင်းသားရိုးရာ အကနှင့် တေးသီချင်းများကိုပါ ဖျော်ဖြေတင်ဆက်ခွင့်ရခဲ့ကြသည်။ နှစ်ကာလတွေ မည်ရွေ့ မည်မျှပင်ကြာခဲ့ပါစေ ၎င်းတို့သီဆိုကပြဖျော်ဖြေသွားခဲ့သော တေးသီချင်းနှင့် အကများကို ယနေ့တိုင် ပြန်လည်ကြားယောင် မြင်ယောင်နေဆဲဖြစ်

သည်။ ရဝမ်အဇီးလမ်အက၊ လီဆူရှာဖဲတာအက၊ ကိုးကန့် လက်ဖက်ခူး အက၊ 'ဝ' တိုင်းရင်းသား တိုင်းရင်းသူများ၏ စပါးလိပ်ပြာပြန်လာပါ အက၊ 'ဝ' တို့ပျိုမေ ဆံကေသာအက၊ ကယန်းတိုင်းရင်းသားများ၏ ဆောင်ဒူပါကန်း အကနှင့် သာယာလှပကယန်းဒေသအက၊ ကရင်ဒုံးယိမ်းအကများ၊ မောင်တောဒေသမှ မြိုတိုင်းရင်းသား တိုင်းရင်းသူများ၏ နိန့်ဆာရ်ကျိုးရီမလိုက် အက၊ ချင်းတိုင်းရင်းသား တိုင်းရင်းသူများ၏ ဝါးညှပ်အကနှင့် ကောက်ရိတ်သိမ်းပွဲ အကများ၊ နာဂတိုင်းရင်းသား တိုင်းရင်းသူများ၏ ကိုင်းအီလို တေးသီချင်းနှင့် အကများစသည်. . . စသည်ဖြင့်။ ၎င်းတို့၏ အပျော်ဆုံးအချိန်ကို ပြောပါဆိုလျှင် မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့၌ သင်္ကြန်ယိမ်းအကများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများကို အဖွဲ့လိုက်သွားရောက်ရိုက်ကူးပြီး အဆိုပါရုပ်မြင်သံကြားများမှ ပြန်လည်ထုတ်လွှင့်ပြသပေးသည်ကို ညပိုင်းစုပေါင်းကြည့်ရှုကြသော အချိန်ပင်ဖြစ်သည်။ ဘုရင့်နောင် အမှတ်(၁) တည်းခိုရေးနှင့် စစ်ကြောရေးစခန်းဝင်းကြီးအတွင်း အိပ်ဆောင်များ၌ နေရာချထားပေးခြင်းဖြစ်ရာ အဆောင်တိုင်းတွင် တီဗွီများထားရှိပြသပေးခဲ့သည်။

တိုင်းရင်းသား တိုင်းရင်းသူလေးများအနေဖြင့် နေထိုင်စားသောက်ရေးကိစ္စအတွက် ပူပန်ကြောင့်ကြဖြစ်ရန်မလို။ အဆိုပါ တည်းခိုရေးနှင့် စစ်ကြောရေးစခန်းမှူးဒုအရာခံဗိုလ် ဆရာကြီးဘကျော် ဦးစီးသောအဖွဲ့နှင့် ညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည်။ ဆရာကြီးဘကျော်တို့ အဖွဲ့ကလည်း အားကိုးရသည်။ ယခုလို တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ၊ လေ့လာရေးအဖွဲ့များ လာရောက်နေရာချထား တည်းခိုနေထိုင်ကြသည်မှာ များပြားလှပြီဖြစ်၍ မည်သည့်တိုင်းရင်းသား တိုင်းရင်းသူအဖွဲ့က မည်သို့သော အစားအစာကို နှစ်သက်ကြသည်၊ ဘာကိုတော့ဖြင့် မစား၊ ဘယ်တိုင်းရင်းသားတွေက ရေအေးဆိုလျှင်မသောက်၊ ရေနွေးပဲသောက်တတ်ကြသည် စသည်ဖြင့် ထုံးဓလေ့၊ ရိုးရာယဉ်ကျေးမှုများနှင့် ရင်းနှီးကျွမ်းဝင်နေကြပြီဖြစ်သည်။ ၎င်းတို့လာစဉ်ကာလ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို ပါဝင်ဆင်နွှဲခွင့်ရကြသည်သာမက ရန်ကုန်မြို့တွင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရားများဖူးမြော်ခြင်း၊ အမျိုးသားပြတိုက်၊ တပ်မတော်စစ်သမိုင်းပြတိုက်၊ စိုက်ပျိုးရေးပြတိုက်၊ မြန်မာ့ရုပ်မြင်သံကြားစသည်တို့ကိုကြည့်ရှုလေ့လာ၍ တိရစ္ဆာန်ဥယျာဉ်၊ ပြည်သူ့ရင်ပြင်တို့၌ သွားရောက်အပန်းဖြေစေခြင်း၊ သန်လျင်ကျောက်တန်းဘက်သို့ ပို့ဆောင်၍ တန်ခိုးကြီးဘုရားများ ဖူးမြော်ခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယဉ်ကျေးမှုအဖွဲ့ဝင်များအားလုံးကို နှုတ်ဆက်တည်ခင်းသော ညစာစားပွဲအခမ်းအနား၌ စုပေါင်းသီဆိုကပြသည့် မန်းတောင်ရိပ်ခိုသီချင်းသံသည် ဘဝင်သို့ ညံသွားသည့် အလားပင်။ နောက်တစ်နေ့တွင် ၎င်းတို့အားလုံး မိမိတို့နေရပ်သို့ ပြန်လည်ထွက်ခွာကြပေမည်။ ယဉ်ကျေးမှုအဖွဲ့ဝင်များအတွက် ခရီးစဉ်အစမှအဆုံး မိမိတို့မြို့ရွာ ဒေသများကနေ စတင်ထွက်ခွာလာချိန်မှ ပြန်လည်ရောက်ရှိသွားချိန်အထိ ခရီးစရိတ်၊ စားစရိတ်အားလုံးကို တွက်ချက်ပြီး နတလက ကျခံပေးခဲ့သည်။ လေယာဉ်နှင့် လာရသောအဖွဲ့များတွင် ရိုးရာတူရိယာပစ္စည်းများ သယ်ဆောင်ခြင်းအတွက် ကုန်ကျသည့် လေယာဉ်ပေါင်ပိုခမှအစ ပြန်လည်ကျခံပေးခဲ့သည်။ မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်တွင် လာရောက်ပါဝင်ဆင်နွှဲရင်း မိမိတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကိုလည်း ဖော်ထုတ်ပြသခွင့်ရခဲ့သည်။ ဘုရင့်နောင်တည်းခိုရေးနှင့် စစ်ကြောရေးစခန်း၌ တိုင်းရင်းသား အဖွဲ့များအားလုံးအတူတကွ ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီးစုပေါင်းနေထိုင်ကြစဉ် တစ်ဦး၏ ရိုးရာယဉ်ကျေးမှုများကို တစ်ဦးက သိရှိခွင့်ရခဲ့ကြသည်။ ဖလှယ်ခွင့်ရခဲ့ကြသည်။ အပြန်အလှန် လေးစားလိုက်နာခဲ့ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွင်းတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းအစရှိသော တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် ရင်းနှီးချစ်ကြည်စွာ လက်တွဲနေထိုင်လျက်ရှိကြသည်။ ပြည်ထောင်စုစိတ်ဓာတ် အစဉ်ထာဝရရှင်သန်ခိုင်မာရန်လည်း လိုအပ်ပါသည်။ ဤသို့သော အကြောင်းတရား အကျိုးတရားများနှင့်ယှဉ်တွဲ၍ ဤမည်သော အမျိုးသားရေးတာဝန်များကို ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနက ထမ်းဆောင်ခဲ့ဖူးပါသည်။ တစ်ခါတုန်းက နယ်စပ်ဒေသမှာ . . . . ။ ။

မြင့်စိုး (နတလ)

မွန်ပြည်နယ်

ကလေးသူငယ် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး အလုပ်ရုံဆွေးနွေး

မွန်ပြည်နယ် ရေးမြို့ မြမြင့်မိုရ်ဟိုတယ်၌ ဧပြီ ၄ ရက်မှ ၅ ရက်အထိ ကလေးသူငယ် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး နှစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်းသိရသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ကလေးအလုပ်သမား အခြေခံသဘောတရားနှင့် ILO ပြဋ္ဌာန်းချက်၊ နိုင်ငံတွင်း ဥပဒေစီမံကိန်းမူဘောင် လက်ရှိလုပ်ဆောင်မှုများနှင့် ရွှေ့လုပ်ငန်းစဉ်ချမှတ်ရှင်းလင်းခြင်း၊ အသေးစားရွှေ့ပြေးစီမံကိန်းအကြောင်း အကျိုးရလဒ်တင်ပြချက်များမှ တွေ့ရှိချက်နှင့် စိန်ခေါ်မှုလုပ်ဆောင်ချက်တို့ကို မျှဝေခြင်းဖြင့် ရေးမြို့နယ်အတွင်းရှိနယ်မြေကိုရွှေ့ပြေးဒေသအဖြစ် ရွေးချယ်ခြင်းတို့ကို ILO မှ စီမံကိန်းအကြံပေးအရာရှိ Selim Benaissa ဦးဆောင်ဆွေးနွေးကာ မြို့နယ်သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ၊ ရပ်ရွာလူထုအခြေပြုအဖွဲ့အစည်းများ၊ INGO များ၊ မွန်ပြည်သစ်ပါတီမှ တာဝန်ရှိသူများက အုပ်စုဖွဲ့ ဆွေးနွေးခဲ့ကြကြောင်းသိရသည်

မြန်မာနိုင်ငံ၌ ကလေးလုပ်သားများ ခိုင်းစေခြင်းနှင့်စပ်လျဉ်း၍ ILO ပြဋ္ဌာန်း ချက်အမှတ် (၁၈၂) ကို လက်မှတ်ရေးထိုးထားပြီးဖြစ်သောကြောင့် အမေရိကန်အလုပ်သမားရေးဌာန၏ ရန်ပုံငွေအထောက်အပံ့ဖြင့် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးစီမံကိန်းမှ ရန်ကုန်ဒဂုံဆိပ်ကမ်း၊ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာနှင့် မွန်ပြည်နယ် ရေးမြို့နယ်ရှိ မြို့နယ်များ၌ ကလေးစုစုပေါင်း ၃၆၀၀ ကို ပညာရေးအသက်မွေးဝမ်းကျောင်းဆိုင်ရာနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အဓိကဦးစားပေး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

နေမျိုးထွင့်(ရေး)

ရှမ်းပြည်နယ်(တောင်ပိုင်း)

လွိုင်လင်မြို့၌ နွေရာသီရေပြတ်လပ်မှုမရှိစေရန် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများက ဧပြီ ၇ ရက်က တောင်ကြီး-လွိုင်လင်-နမ့်စန်ပြည်ထောင်စုကားလမ်းနှင့် တောင်ကြီး-လွိုင်လင်-ပင်လုံ-သီပေါ ပြည်ထောင်စုလမ်းမကြီး လမ်းဆုံ၌ မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူနှင့်ဝန်ထမ်းများကို ရေပိုက်လိုင်းသွယ်တန်း စစ်ဆေးခြင်းဆောင်ရွက်ကြစဉ်

မိုးလွင်ဦး(လွိုင်လင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)

သီပေါ စက္ခုဒါနဆေးရုံ မျက်စိအခမဲ့ခွဲစိတ်ပေး

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ ဦးဆောင်လှူဒါန်းမှုနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင် ဘဒ္ဒန္တပညာသီရိဆရာတော်၏ ကြီးကြပ်မှုဖြင့် (၃၅) ကြိမ်မြောက် မျက်စိဝေဒနာရှင်များအား ဧပြီ ၁ ရက်မှ ၅ ရက်အထိ သီပေါသီတဂူစက္ခုဒါနဆေးရုံကြီး၌ အခမဲ့ခွဲစိတ်ကုသပေးခဲ့သည်။ **(အပေါ်ပုံ)**

သီတဂူစက္ခုဒါနဆေးရုံကြီးသို့ ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ်များသာမက အခြားမြို့နယ်များမှ လာရောက်ကုသသော မျက်စိဝေဒနာရှင်များကို သီတဂူစက္ခုဒါနဆေးရုံကြီးမှ ကျွမ်းကျင်ဝန်ထမ်းများ၊ မဟာမြတ်မုနိဘုရားကြီး ရေကြည်တော်ဝတ်အသင်းသားများက သွေးပေါင်ချိန်ခြင်း၊ မျက်စဉ်းခတ်ခြင်း စသည်တို့ ဆောင်ရွက်ပေးပြီး အငြိမ်းစားမျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာခင်အေးမူနှင့် အထူးကုဆရာဝန်များက ခွဲစိတ်ရန် လိုအပ်သည့် ဝေဒနာရှင်များကို နံနက် ၈ နာရီမှ ည ၁၁ နာရီအထိ ခွဲစိတ်ကုသပေးကြသည်။ မျက်စိဝေဒနာရှင် ရဟန်းရှင်လူပြည်သူများအား ဆရာတော် အရှင်ပညာသီရိ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်နှင့် တာဝန်ရှိသူများက အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။ ယခုအကြိမ်တွင် မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိဝေဒနာရှင် ၅၂၂ ဦးကို စမ်းသပ်စစ်ဆေးကာ မျက်မှန်များပြုလုပ်ပေးပြီး ၁၂၂ ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

တနင်္သာရီတိုင်းဒေသကြီး

တစ်နှစ်အောက်ကလေးငယ်များအား ကာကွယ်ဆေးတိုက်ကျွေးခြင်းဆောင်ရွက်

ကော့သောင်းခရိုင် ခမောက်ကြီးမြို့ ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမ ဒေါ်ဇင်မာဝေနှင့်အဖွဲ့သည် ခမောက်ကြီးမြို့ အောင်ချမ်းသာကျေးရွာအုပ်စု ခမောက်ငယ်ကျေးရွာနှင့် ချောင်းဝကျေးရွာတို့တွင် တစ်နှစ်အောက် ကလေးငယ်များအား လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ဧပြီ ၅ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာများမှ တစ်နှစ်အောက်ကလေးငယ်များအား ငါးမျိုးစပ် ကာကွယ်ဆေးနှင့် ပိုလီယိုထိုးဆေးများထိုးနှံခြင်း၊ ပိုလီယိုအစက်ချဆေးတိုက်ကျွေးခြင်းတို့အပြင် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးနှံပေးခြင်းစသည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်မောင်(ပြန်/ဆက်)

ကယားပြည်နယ်

ပျော်ရွှင်အပန်းဖြေလို လာလှည့်ပါ ထီစီးခါးရေတံခွန်ကကြိုနေမှာ

သင်္ကြန်နီးလာပြီ။ သင်္ကြန်တွင်း မိသားစုအနားယူအပန်းဖြေခရီးထွက်ကြတော့မည်။ မိသားစုလိုက် ဘုရားဖူးထွက်ကြမည်။ အပန်းဖြေခရီးထွက်လိုသူများအတွက် စိတ်အေးချမ်းသာ အပန်းဖြေခရီးအဖြစ် ရှမ်း၊ ကယားပြည်နယ်စပ်က (ထီစီးခါး) ရေတံခွန်ရေချိုးအပန်းဖြေစရာ နေရာလေးကို ညွှန်ပြပါရစေ။

ထီစီးခါးရေတံခွန်မှာ ရှမ်းပြည်နယ်မြောက်ပိုင်းမှ ချောင်းဖျားခံကာ ကယားပြည်နယ် လွိုင်ကော်ခရိုင် ထီစီးခါးကျေးရွာအနီးမှ ဖြတ်သန်းကာ ဘီလူးချောင်းအတွင်း စီးဝင်ပြီး ဘီလူးချောင်းမှတစ်ဆင့် သံလွင်မြစ်ထဲသို့ စီးဝင်သော ရေတံခွန်ဖြစ်သည်။

ထီစီးခါးရေတံခွန်မှာ လွိုင်ကော်-ဆီဆိုင်-တောင်ကြီးသွားလမ်း၏ ၁၇ မိုင်အကွာ ကားလမ်းနံဘေး၌ တည်ရှိသည်။ ကားလမ်းမှ အတွင်းသို့ နှစ်မိုင်ခန့်ဝင်ရသည်။ ထီစီးခါးကျေးရွာအနီး၌ တည်ရှိ၍ ထီစီးခါးရေတံခွန်ဟု ခေါ်သည်။ ထီစီးခါးရေတံခွန်သည် ပြင်ဦးလွင် ပွဲကောက်ရေတံခွန်ကဲ့သို့ အမြင့်လေး၊ ငါးပေသာရှိသည်။ ထီစီးခါးရေတံခွန်သည် ၁၂ ရာသီစလုံး ရေစီးဆင်းနေသည့် ရေတံခွန်ဖြစ်သည်။ ထီစီးခါးရေတံခွန်သည် ပတ်ဝန်းကျင်၌ သစ်ပင်များအုံ့ဆိုင်းပြီး ရေတံခွန် လေး၊ ငါးခုရှိသည်။ ထီစီးခါးရေတံခွန်သို့ အပန်းဖြေရေချိုးလာသူများ၊ ရေကူးလာသူများ၊ ဗောကွင်းစီးသူများဖြင့် အထူးစည်ကားသည်။

ထီစီးခါးရေတံခွန်သည် တောတောင်လျှိုမြောင်ကြားတွင် သဘာဝအလျောက်စီးဆင်းနေသော ရေတံခွန်ဖြစ်သည်။ ထီစီးခါးရေတံခွန်သို့ သင်္ကြန်တွင်း ရေချိုးအပန်းဖြေသူများဖြင့် အထူးစည်ကားလှသည်။ သင်္ကြန်မတိုင်မီ ယခုကတည်းက နေ့စဉ် လူ ၂၀၀၀ ကျော် လာရောက် အပန်းဖြေနေကြသည်။ ထီစီးခါးရေတံခွန်အနီးတွင် စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များဖြင့် အထူးစည်ကားနေသည်။ ထီစီးခါးရေတံခွန်အနီးရှိ တောင်ယာသမားများထံမှ ရှေ့မျက်နှာစာ ၁၀ ပေနှင့် နောက်အကျယ် ၂၅ ပေ တစ်ခန်းလျှင် ငွေကျပ် ၂၀၀၀၀ မှ နေရာအလိုက် ငွေကျပ် ၄၀၀၀၀ အထိပေး၍ ဆိုင်ဖွင့်နေကြရာ ယခုအခါ ဆိုင်ခန်းပေါင်း ၅၀ ကျော်ဖြင့် အထူးစည်ကားနေသည်။

သင်္ကြန်တွင်း၌ ထီစီးခါးရေတံခွန်သို့ တောင်ကြီး၊ လွိုင်ကော်ခရိုင် အတွင်းမှ ဒီမောဆို၊ ဖရူဆို၊ ရှားတော၊ ဘော်လခဲ၊ ဖားဆောင်း၊ မယ်စဲ့၊ ရွာသစ်မြို့နယ်များနှင့် ရန်ကုန်-မန္တလေးမှ အပန်းဖြေခရီးအဖြစ် လာရောက်ကြသူများ နေ့စဉ် ၁၀၀၀၀ ကျော် လာရောက်အပန်းဖြေကြသည်။ သင်္ကြန်တွင်း စားသောက်ဆိုင်များမှာလည်း ရောင်းမလောက်အောင် ဝင်ငွေကောင်းလှသည်။

သင်္ကြန်ရက်အတွင်း ထီစီးခါးရေတံခွန်သို့ လာရောက်ရေချိုးကြသူများ၊ ရေကူးကြသူများ၊ ဗောကွင်းစီးသူများဖြင့် အထူးစည်ကားလှသည်။ ဗောကွင်းငှားသူများကလည်း တစ်နာရီ ငွေကျပ် ၁၀၀၀ ဖြင့် ငှားရသည်မှာ လက်မလည်အောင် အထူးဝင်ငွေကောင်းလှသည်။ ထီစီးခါးရေတံခွန်အနီးရှိ လယ်ယာရှင်များမှာလည်း သင်္ကြန်တွင်း ဆိုင်ခန်းငှားခကြောင့် ဝင်ငွေတစ်သိန်းကျော်ရရှိသဖြင့် ဝမ်းသာနေကြသည်။

ထီစီးခါးရေတံခွန်တွင် သင်္ကြန်မတိုင်မီ ယခုအချိန်မှစ၍ စည်ကားနေပြီး နှစ်ဆန်းတစ်ရက်နေ့တွင် အထူးစည်ကားလှသည်။ နေ့စဉ် ၁၀၀၀၀ ကျော် လာရောက်အပန်းဖြေကြပြီး နှစ်ဆန်း ၃ ရက်နေ့အထိ ထီစီးခါးရေတံခွန်မှာ အပန်းဖြေသူများဖြင့် အထူးစည်ကားလှသည်။

မြန်မာပြည်အရပ်ရပ်မှ သင်္ကြန်တွင်း အပန်းဖြေလိုသူများအတွက် လူသိနည်းလှသည့် ကယားပြည်နယ် လွိုင်ကော်ခရိုင်အတွင်း ထီစီးခါးရွာအနီးမှ ထီစီးခါးရေတံခွန်သို့ သွားရောက်လည်ပတ် အပန်းဖြေနိုင်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

တင်လှိုင်(မိတ္ထီလာ)

ဧရာဝတီတိုင်းဒေသကြီး

ညောင်တုန်းမဟာသင်္ကြန် ရိုးရာမပျက်ဆင်နွှဲမည်

မြန်မာ့ရိုးရာယဉ်ကျေးမှုအနှစ်သာရများကို ထိန်းသိမ်းရေးနှင့် ယဉ်ကျေးသိမ်မွေ့စွာ အတာရေသဘင်ပွဲတော်ကို ပါဝင်ဆင်နွှဲနိုင်စေရေးတို့အတွက် ညောင်တုန်းမြို့တွင် မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဆိုင်ရာ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်ယိမ်းအဖွဲ့များ စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

ညောင်တုန်းမြို့ ၂၁ လမ်းထိပ်ဗဟိုမဏ္ဍပ်တွင် ဧပြီ ၁၂ ရက် မဟာသင်္ကြန် အကြိုနေ့ ညနေ ၅ နာရီတွင် ဖွင့်ပွဲအခမ်းအနားကို စည်ကားစွာကျင်းပမည်ဖြစ်ပြီး ညပိုင်းတွင် မူကြိုကလေးငယ်များက ဖျော်ဖြေကြမည်ဖြစ်သည်။ မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် စတိတ်ရှိုးတီးဝိုင်းများ၊ ညပိုင်းတွင် ပညာရေးယိမ်းအဖွဲ့၊ စည်ပင်သာယာ ယိမ်းအဖွဲ့၊ ကျန်းမာရေးယိမ်းအဖွဲ့များနှင့် ရပ်ကွက်ယိမ်းအဖွဲ့များက ညစဉ် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

ထို့အပြင် မြန်မာနှစ်ဆန်း ၁ ရက် နံနက် ၇ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ သက်ကြီးပူဇော်ပွဲကျင်းပကာ နံနက် ၈ နာရီတွင် အမှတ်(၁)ရပ်ကွက် မြစ်ကမ်းတွင် ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပပြီး ညနေပိုင်းတွင် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ သံဃာတော် ၁၁ ပါးပင့်ဆောင်ပြီး ပရိတ်တရားတော်နာကြားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် စေတနာရှင်များ စုပေါင်းပြီး မြန်မာနှစ်ဆန်း ၁ ရက် နံနက် ၉ နာရီတွင် ငြိမ်းချမ်းမြေသုသာန်၌ အကျွတ်အလွတ်ဒါနပြုပွဲကျင်းပရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နေလင်း(ညောင်တုန်း)

ကရင်ပြည်နယ်

ဒေသခံများနွေစပါးစိုက်ပျိုးမှုအတွက် စိုက်ပျိုးရေပေးဝေနိုင်မည့် ရေဘုတ်ရေလှောင်တမံ

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ထီလုံကျေးရွာအနီးရှိ ရေဘုတ်ချောင်းနှင့် ကစိုင်းချောင်းပေါ်တွင် အလျား ပေ ၁၇၇၂၀၊ အမြင့် ၄၆ ပေနှင့် သိုလှောင်ရေပမာဏ ၂၈၄၇၄ ဧကပေခန့် သိုလှောင်၍ လှိုင်းဘွဲမြို့နယ်အတွင်းရှိ လယ်မြေဧရိယာဧက ၃၀၀၀ ခန့်အတွက် စိုက်ပျိုးရေပေးဝေနေသော ရေဘုတ်ရေလှောင်တမံကို ဧပြီ ၆ ရက် နံနက်ပိုင်းက ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ရေဘုတ်ရေလှောင်တမံစီမံကိန်းရှင်းလင်းဆောင်၌ ရေဘုတ် ဆည်စီမံကိန်းနှင့်ပတ်သက်၍ ပြည်နယ်ဆည်မြောင်းဒုတိယညွှန်ကြားရေးမှူး ဦးညွန့်ဆွေနှင့် တည်ဆောက်ရေး(၆) တာဝန်ခံ ဦးသန်းဌေးတို့က ရှင်းလင်းတင်ပြကြသည်။

ရေဘုတ်ရေလှောင်တမံစီမံကိန်းကို ၂၀၀၅-၂၀၀၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပြီးစီးကာ ဆည်ရေပေးဝေရန် ဆည်တွင် ရေလုံလောက်မှုရှိသည့်အပြင် ဆည်ရေသောက်စနစ်တစ်ခုလုံးအတွက် ၆ ဒသမ ၂၅ မိုင်ရှိ တူးမြောင်းမကြီးတစ်ခု၊ ၁၅ ဒသမ ၅၂ မိုင်ရှိ လက်တံမြောင်း ခြောက်ခု၊ ၁၀ ဒသမ ၇၈ မိုင်ရှိ တိုက်ရိုက်ရေပေးမြောင်း ၂၀ ခု၊ တူးမြောင်း အဆောက်အအုံ ၁၀၀ တို့ဖြင့် ဆည်ရေပေးနိုင်မည့် ဧရိယာမှာ ဧက ၃၀၀၀ ရှိကြောင်း သိရသည်။

လက်ရှိတွင် ဒေသခံတို့၏ စီးပွားရေးအခြေခံမှု သည် စိုက်ပျိုးရေးလုပ်ငန်းအပေါ်တွင် အမှီသဟဲပြုမှုနည်းပါးခြင်း၊ ဒေသ၏အခြေခံမြေ အမျိုးအစားအရ စိုက်ပျိုးရေးထွက်ကုန်နည်းပါးခြင်းတို့ကြောင့် နွေစပါးစိုက်ပျိုးမှုအပေါ် စိတ်ပါဝင်စားမှုအားနည်းသေးသော်လည်း စီးပွားရေးအခြေခံပုံစံပြောင်းလဲမှုနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုတို့ ပေါင်းစပ်ဆောင်ရွက်လာနိုင်သည်နှင့်အမျှ နွေစပါးတိုးချဲ့စိုက်ပျိုးလာပါက ရေဘုတ်ရေလှောင်တမံက စိုက်ပျိုးရေအပြည့်အဝပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး

ပြင်ဦးလွင်ခရိုင်အတွင်း ရေတွင်း၊ ရေစက်ရုံနှင့် ရေကန်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာ ဖူလုံမှုရန်ပုံငွေအဖွဲ့ (LIFT FUND) တို့ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (VDP)ရေးဆွဲပြီး စီမံကိန်းဆောင်ရွက်လျက်ရှိရာ ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်ရှိ စီမံကိန်းကျေးရွာ ငါးရွာတွင် ရေတွင်း၊ ရေစက်ရုံနှင့် ရေကန်တည်ဆောက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကျေးရွာများမှာ ဗန္ဒဲ့ကျေးရွာ၊ ကျောက်လှည်းဘီးကျေးရွာ၊ ညောင်ပင်သာကျေးရွာ၊ အုန်းဇုန်းကျေးရွာနှင့် ကျောက်ဖြူကျေးရွာတို့ဖြစ်ပြီး ခရိုင်ဦးစီးမှူး ဦးစောမြင့်ထွန်း (ဒုတိယညွှန်ကြားရေးမှူး)၊ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သောင်း(လ/ထညွှန်ကြားရေးမှူး)နှင့် တာဝန်ရှိသူများသည် မတ်လနောက်ဆုံးပတ်က ကျောက်ဖြူကျေးရွာတွင် ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံနှင့် ရေကန်တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဇော်မျိုးထိုက် (ပြင်ဦးလွင်)

စစ်ကိုင်းတိုင်းဒေသကြီး

မင်းကင်းမြို့နယ် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ် မတောကျေးရွာအုပ်စု ယုံသာကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံသစ်လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၆ ရက်က အဆိုပါအဆောက်အအုံ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူးဦးချမ်းမြေ့လှိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာမိုးမိုးညွန့်နှင့် အလှူရှင်ဒေါ်အေးမြကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူးက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အဆိုပါအဆောက်အအုံကို မတည်အလှူရှင် ကလေးဝမြို့နေ ဒေါ်အေးမြကြည်မိသားစုက ငွေကျပ် ၂၇ သိန်း၊ ကျေးရွာနာယကဆရာတော် ဩဘာသက ငွေကျပ် သိန်း ၃၀ နှင့် ကျေးရွာပြည်သူများထံမှ ငွေကျပ် သိန်း ၂၀ ကျော် စုစုပေါင်းငွေကျပ် ၇၈ သိန်းကျော် အကုန်အကျခံကာ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ချင်းတွင်းသား

မဟာသင်္ကြန်ကာလ ယာဉ်မောင်းသူများ သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းသူများလိုက်နာရန်။
- (၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
- (၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
- (၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
- (၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
- (၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်) မပါဘဲ မမောင်းရ။
- (၈) ဖျက်သိမ်းထားသော ယာဉ်အို၊ ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
- (၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
- (၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်းလုံးဝမပြုရ။
- (၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။
- (၁၂) ပစ်ကပ်ယာဉ်များ(လိုက်ထရပ်၊ မီနီပစ်ကပ်) သည် သတ်မှတ်ထားသည့် ဝန်အလေးချိန် (လူဦးရေ)ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်း မပြုရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်။

(ဂ) ယာဉ်မောင်းနှင်သူများအား အရက်သေစာ သောက်စားထားခြင်း ရှိ/ မရှိ အရက်မူးတိုင်းကိရိယာ(ALCOHOL TESTER) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူ ဆောင်ရွက်နေပါသည်။

(ဃ) သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်သည်။

(င) ယခုအခါ အချက်အချာကျသော လမ်းဆုံ၊ လမ်းခွ၊ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော CCTV CAMERA များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။

(စ) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

စတုတ်ကို ခက်ခဲစွာကျော်ဖြတ်ရဦးမယ့် လီဗာပူး

PREMIER LEAGUE WEEK 33

ပရီမီယာလိဂ်ပွဲစဉ် (၃၃)ကို လာမယ့် ဧပြီလ ၉၊ ၁၀ရက်တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ မန်ယူဟာ စပါးရဲ့အိမ်ကွင်းမှာ သွားရောက်ကစားရမှာဖြစ်လို့ နိုင်ပွဲရယူနိုင်ဖို့အတွက် ခက်ခဲမှုတွေရှိလာနိုင်ပါတယ်။ ဒါ့အပြင် ဒီပွဲစဉ်မှာတော့ ဥရောပဝင်ခွင့်မျှော်လင့်နေတဲ့ ဆောက်သမ်တန်နဲ့ တန်းမဆင်းရဖို့ အားစိုက်ကစားနေတဲ့ ကာဆယ်၊ ချန်ပီယံလိဂ်ဝင်ခွင့် မျှော်လင့်နေတဲ့ ဝက်စ်ဟမ်းနဲ့ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရဖို့ရုန်းကန်နေတဲ့ အာဆင်နယ်၊ ဥရောပဝင်ခွင့်အတွက် အားစိုက်ကစားနေတဲ့ လီဗာပူးနဲ့ အသင်းကောင်းတစ်သင်းဖြစ်တဲ့ စတုတ်တို့ ဆုံတွေ့နေတဲ့အတွက် စိတ်ဝင်စားဖို့ကောင်းမွန်နေကာ အကြိတ်အနယ်ရှိလာမယ့် ပွဲစဉ်တစ်ခုလည်း ဖြစ်ပါတယ်။

ဆောက်သမ်တန် v ကာဆယ်

ပ-ကျော့	ကာဆယ်	၂	၂	ဆောက်သမ်တန်

နယူးကာဆယ်ဟာ တန်းမဆင်းရဖို့အတွက် အားစိုက်ကစားနေပါတယ်။ လက်ရှိအချိန်မှာ နယူးကာဆယ်အနေနဲ့ ရလဒ်ပိုင်းက ကောင်းမွန်ခြင်း သိပ်မရှိသေးသလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေ အားနည်းတယ်ဆိုပေမယ့် ဘင်နီတက်ဇ် လက်အောက်မှာတော့ အသင်းလိုက်ကစားပုံ တစ်ပွဲထက်တစ်ပွဲ ပိုမိုကောင်းမွန်လာတာကို တွေ့ရပါတယ်။ ဒါပေမယ့် ဆောက်သမ်တန်ကလည်း ခြေစွမ်းပိုင်း ကောင်းမွန်နေတဲ့အသင်းဖြစ်ကာ အိမ်ကွင်းလည်း ဖြစ်နေပါတယ်။ ဒါ့အပြင် ဥရောပဝင်ခွင့်ရဖို့လည်း အားစိုက်လာမှာဖြစ်လို့ ဆောက်သမ်တန်ကပဲ အနိုင်ရမှာပါ။

ဆန်းဒါးလန်း v လက်စတာ

ပ-ကျော့	လက်စတာ	၄	၂	ဆန်းဒါးလန်း

ပွဲကောင်းတစ်ပွဲဖြစ်လာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာ လက်စတာဟာ ချန်ပီယံဖြစ်ခွင့်အတွက် အားစိုက်ကစားနေသလို ဒီပွဲမှာလည်း အမှားခံမှာ မဟုတ်ပါဘူး။ ဒါပေမယ့်လည်း လက်စတာဟာ တိုက်စစ်ပိုင်းက အခုနောက်ပိုင်းမှာ ဂိုးသွင်းအားကျဆင်းနေပါတယ်။ ဆန်းဒါးလန်းကတော့ လက်ရှိအချိန်မှာ တန်းမဆင်းရဖို့အတွက် အားစိုက်ကစားနေသလို ခြေကလည်း ကောင်းမွန်နေပါတယ်။ ဒီဖိုးခြေစွမ်းပြသနေလို့ တိုက်စစ်ကလည်း ဂိုးသွင်းခြေရှိနေပါတယ်။ ဆန်းဒါးလန်းရဲ့ အိမ်ကွင်းလည်းဖြစ်တာကြောင့် လက်စတာ နိုင်ရင်တောင် မပြတ်သားဘူး။

ဝက်စ်ဟမ်း v အာဆင်နယ်

ပ-ကျော့	အာဆင်နယ်	၀	၂	ဝက်စ်ဟမ်း

ဝက်စ်ဟမ်းဟာ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အားစိုက်ကစားလာမှာသေချာနေပါတယ်။ ပထမအကျော့တုန်းကလည်း ဝက်စ်ဟမ်းကသာ အဝေးကွင်းမှာ အနိုင်ရရှိခဲ့ပါတယ်။ ဒါ့အပြင် ဒီရာသီမှာ ဝက်စ်ဟမ်းဟာ အိမ်ကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်း ပိုမိုကောင်းမွန်တတ်တာကြောင့် အာဆင်နယ်ကို ဒီပွဲစဉ်မှာလည်း ဖိအားပေးကစားသွားနိုင်မှာ သေချာနေပါတယ်။ အာဆင်နယ်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းက တည်ငြိမ်မှု အားနည်းနေပါတယ်။ ကွင်းလယ်ကစားပုံလည်း အားနည်းတာကြောင့် အာဆင်နယ် သရေလောက်ပဲ ရမယ်။

ဆွမ်ဆီး v ချယ်လ်ဆီး

ပ-ကျော့	ချယ်လ်ဆီး	၂	၂	ဆွမ်ဆီး

လက်ရှိ အမှတ်ရရှိထားမှုအနေအထားအရ ချယ်လ်ဆီးဟာ ယူရိုပါလိဂ်ဝင်ခွင့် မျှော်လင့်နိုင်ပါသေးတယ်။ ဒါကြောင့် ချယ်လ်ဆီးတို့ အားစိုက်ကစားလာမှာဖြစ်သလို ခြေကလည်းကောင်းမွန်ပါတယ်။ ဒါပေမယ့် တိုက်စစ်မှူး ဒီယေဂိုကော်စတာ ပွဲပယ်ပြစ်ဒဏ်ကြောင့် ဒီပွဲမှာလည်းပါဝင်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့်လည်း ချယ်လ်ဆီးတိုက်စစ်ပိုင်းက အားနည်းမှုတွေရှိလာနိုင်ပါတယ်။ ဆွမ်ဆီးကလည်း အိမ်ကွင်းအားနဲ့ တုံ့ပြန်ကစားလာမှာပါ။ ဆွမ်ဆီးခြေက လက်ရှိအချိန်မှာ အသင်းလိုက်အား ကောင်းမွန်နေတာကြောင့်လည်း ချယ်လ်ဆီးကပ်ပြီးသာနိုင်မယ်။

ပဲလေ့စ် v နော့ဝှစ်ချ်

ပ-ကျော့	နော့ဝှစ်ချ်	၁	၃	ပဲလေ့စ်

နော့ဝှစ်ချ်ဟာ တန်းမဆင်းရဖို့အတွက် မျှော်လင့်ချက်ရှိနေတာကြောင့် နောက်ပိုင်းပွဲတွေမှာအားစိုက်ကစားနေသလို ခြေကလည်း ကောင်းမွန်နေပါတယ်။ ဒီပွဲမှာလည်း နော့ဝှစ်ချ်အနေနဲ့ တန်းမဆင်းရဖို့အတွက် အားစိုက်ကစားလာမှာဖြစ်သလို ပဲလေ့စ်ကို တုံ့ပြန်ကစားနိုင်ဖို့ရှိနေပါတယ်။ ပဲလေ့စ်ကတော့ အိမ်ကွင်းအားနဲ့ ဖိအားပေးကစားလာမှာဖြစ်ပေမယ့်လည်း ခြေက သာမန်ထက်မပိုပါဘူး။ ခံစစ်ပိုင်းကအစ အရင်ကလို ကျစ်လျစ်မှုမရှိတော့တာကြောင့် နော့ဝှစ်ချ်ရဲ့ တုံ့ပြန်အားကို ထိန်းဖို့ခက်ပါလိမ့်မယ်။ သရေကျဖို့များတဲ့ပွဲပါ။

စပါး V မန်ယူ

ပ-ကျော့	မန်ယူ	၁	၀	စပါး

စိတ်ဝင်စားဖို့ကောင်းတဲ့ပွဲပါ။ လက်ရှိအချိန်မှာ စပါးဟာ ချန်ပီယံဖြစ်ခွင့်ရဖို့အတွက် လက်စတာကို ဖိအားပေးနိုင်ရေး အားစိုက်ကစားလာမှာဖြစ်သလို ခြေကလည်း ကောင်းမွန်နေပါတယ်။ ဟယ်ရီကိန်း ခြေစွမ်းပြနေတာကြောင့် တိုက်စစ်က ဂိုးသွင်းခြေရှိနေပါတယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် စပါးတို့ တိုက်စစ်ဖွင့်ကစားလာရင် မန်ယူကို အခက်တွေ့စေနိုင်ပါတယ်။ မန်ယူဟာ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အားစိုက်ကစားလာမှာဖြစ်ပေမယ့် ခံစစ်ပိုင်းအားနည်းနေပါတယ်။ မန်ယူတို့ အမြင့်ဆုံးသရေလောက်ပဲရမယ်။

ဗီလာ v ဘုန်းမောက်

ပ-ကျော့	ဘုန်းမောက်	၀	၁	ဗီလာ

ဗီလာဟာ တန်းမဆင်းရဖို့အတွက် အားစိုက်ကစားလာမှာဖြစ်သလို လက်ရှိအချိန်မှာ ခြေကောင်းမွန်ခြင်းမရှိပေမယ့်လည်း မန်နေဂျာအပြောင်းအလဲပြုလုပ်ထားတာကြောင့် ခြေစွမ်းပိုင်းအပြောင်းအလဲရှိလာနိုင်ပါတယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် ဗီလာတို့ ပိုမိုအားစိုက်ကစားလာမှာ သေချာနေသလို ဘုန်းမောက်ကို တုံ့ပြန်ကစားသွားနိုင်မှာပါ။ ဘုန်းမောက်ရဲ့ လက်ရှိခြေက ကောင်းမွန်နေတယ်ဆိုပေမယ့် အဝေးကွင်းပွဲတွေမှာတော့ ခြေကအနည်းငယ်ကျဆင်းတတ်ပါတယ်။ ဗီလာတို့အိမ်ကွင်းမှာ သရေလောက်ကစားနိုင်မှာပါ။

ဝက်ဖို့ဒ် v အဲဗာတန်

ပ-ကျော့	အဲဗာတန်	၂	၂	ဝတ်ဖို့ဒ်

တန်းဆင်းဇုန်ကနေ လွတ်မြောက်ဖို့ နီးစပ်နေတဲ့ ဝက်ဖို့ဒ်ရဲ့ ရုန်းကန်အားက လက်ရှိအချိန်မှာ အနည်းငယ်ကျဆင်းလာတာကို တွေ့နေရပါတယ်။ တိုက်စစ်ပိုင်းကအစ ဂိုးသွင်းခြေကျဆင်းလာတာကြောင့် ဒီပွဲမှာတော့ အဲဗာတန်ကို တုံ့ပြန်ကစားနိုင်ဖို့ခက်ပါလိမ့်မယ်။ အဲဗာတန်ဟာ ခံစစ်ပိုင်းက အားနည်းနေတယ်ဆိုပေမယ့်လည်း တိုက်စစ်ပိုင်းက ထိုးဖောက်ကစားပုံ ကောင်းမွန်တတ်ပါတယ်။ လူကာကူ ခြေစွမ်းပြသနေတာကြောင့်လည်း ဝက်ဖို့ဒ်ကို ပိုမိုဖိအားပေးသွားနိုင်မှာ သေချာနေပါတယ်။ အဝေးကွင်းဖြစ်ပေမယ့် အဲဗာတန်ပဲအနိုင်ရမယ်။

မန်စီးတီး v ဝက်စ်ဘရွန်း

ပ-ကျော့	ဝက်စ်ဘရွန်း	၀	၃	မန်စီးတီး

မန်စီးတီးက ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့အတွက် အမှားမခံတဲ့အခြေအနေမှာ ရောက်နေတဲ့အတွက် ဒီပွဲစဉ်မှာလည်း အားစိုက်ကစားလာမှာ သေချာနေပါတယ်။ မန်စီးတီးဟာ အိမ်ကွင်းပွဲတွေမှာလည်း အသင်းလိုက်ကစားပုံ ပိုမိုကောင်းမွန်တတ်တာကြောင့် ဝက်စ်ဘရွန်းကို ဖိအားပေးကစားသွားနိုင်မှာပါ။ ဝက်စ်ဘရွန်းကတော့ တန်းမဆင်းရဖို့အတွက်ပါရော ဥရောပဝင်ခွင့်ရဖို့အတွက်ပါ အားစိုက်ရမယ့် အခြေအနေမှာမရှိတာကြောင့် ရုန်းကန်အားကလည်း လက်ရှိအချိန်မှာ ကျဆင်းနေပါတယ်။ မန်စီးတီးကသာ အိမ်ကွင်းမှာ နိုင်ပွဲရမှာပါ။

လီဗာပူး v စတုတ်

ပ-ကျော့	အဲဗာတန်	၀	၃	မန်ယူ

အခုတစ်ကြိမ်ဆုံတွေ့မှုဟာ ဒီနှစ်သင်းအတွက် အခုနှစ်ရာသီမှာ လေးကြိမ်မြောက် ဆုံတွေ့မှုဖြစ်ပါတယ်။ ရှေ့သုံးကြိမ်မှာတော့ လီဗာပူးက နှစ်ကြိမ်အနိုင်ရရှိကာ စတုတ်ကတော့ တစ်ကြိမ်အနိုင်ရယူနိုင်ခဲ့ပါတယ်။ အဆိုပါ သုံးပွဲစလုံးမှာလည်း ဒီနှစ်သင်းဂိုးကွာဟချက်ကျဉ်းမြောင်းလွန်းခဲ့ကာ တစ်ဂိုးအသာစီနဲ့သာ အနိုင်ရရှိခဲ့ကြတာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာလည်း လီဗာပူးဟာ ဥရောပဝင်ခွင့်အတွက် အားစိုက်လာမှာဖြစ်ပေမယ့် ယူရိုပါလိဂ်ကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ လီဗာပူးရဲ့အိမ်ကွင်းဖြစ်ပေမယ့် စတုတ်ရဲ့ တုံ့ပြန်မှုကြောင့် ကပ်ပြီးသာနိုင်မယ်။

အဘွန်လဟောအား ရောင်းချသွားရန် ဗီလာအသင်းရည်ရွယ်ထား

ပရီမီယာလိဂ်ကလပ် အက်စ်တွန်ဗီလာအသင်းသည် လာမည့်နွေရာသီ ဈေးကွက်ကာလအတွင်းတွင် တိုက်စစ်ကစားသမား အဘွန်လဟောအား ရောင်းချရန် ရည်ရွယ်ထားကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အက်စ်တွန်ဗီလာအသင်းသည် ယခုနှစ် ဘောလုံးရာသီပြီးဆုံးချိန်တွင် ပရီမီယာလိဂ်ပြိုင်ပွဲမှ ပထမဆုံးအကြိမ် တန်းဆင်းရမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသည့်အသင်းဖြစ်သည်။ အသင်းတာဝန်ရှိသူများက တန်းဆင်းခဲ့ရပါက အသင်း၏ လုပ်ခငွေပေးချေနေရမှုကို လျှော့ချသွားရန်ရည်ရွယ်ကာ အဓိက ကစားသမားအချို့ကို ရောင်းချသွားရေးအတွက် စဉ်းစားနေခြင်းဖြစ်သည်။ အက်စ်တွန်ဗီလာအသင်း၏ အဓိက ကစားသမားများအနက်မှ တစ်ဦးဖြစ်သူ အင်္ဂလန်ကစားသမား အဘွန်လဟော(၂၉နှစ်)သည် ဗီလာအသင်းတွင် လက်ရှိအချိန်၌ တစ်ပတ်လုပ်ခငွေ ပေါင် ၅၄၀၀၀ ရရှိနေသူဖြစ်ပြီး အဘွန်လဟောနှင့် ဗီလာအသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ နှစ်နှစ်ကျန်ရှိနေသေးသည်။

အက်စ်တွန်ဗီလာအသင်း လူငယ်ကစားသမားဟောင်း အဘွန်လဟော အနေဖြင့် ဗီလာအသင်း တန်းဆင်းခဲ့ရပါက လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဗီလာအသင်း၌ပင် ဆက်လက်ပါဝင်ကစားသွားမည်ဆိုပါက သူ၏လုပ်ခငွေပမာဏကို လျှော့ယူသွားရမည်ဖြစ်သည်။ သို့သော်လည်း တစ်ပတ်လုပ်ခငွေ ပေါင် ၅၀၀၀၀ ခန့်ရရှိမည့် အဘွန်လဟောသည် ဗီလာအသင်း၏ လုပ်ခငွေအများဆုံးရရှိသည့် ကစားသမားများအနက်မှ တစ်ဦးအဖြစ် ဆက်ရှိနေမည်ဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

အဘွန်လဟောသည် ၂၀၀၅ ခုနှစ်တွင် ဗီလာအသင်း၌ပင် ပရော်ဖက်ရှင်နယ် ကစားသမားဘဝ စတင်ခဲ့သူဖြစ်သည်။ ယခုနှစ် ဘောလုံးရာသီတွင် အဘွန်လဟောသည် ဗီလာအတွက် စုစုပေါင်း ၁၃ ပွဲသာ ပါဝင်ကစားပေးထားနိုင်ပြီး သွင်းဂိုး တစ်ဂိုးသာ ရရှိထားသူဖြစ်သည်။

ထို့အပြင် အက်စ်တွန်ဗီလာအသင်းသည် တစ်ပတ်လုပ်ခငွေ ပေါင် ၆၃၀၀၀ ပေးချေနေရပြီး ယခုနှစ် ဘောလုံးရာသီကုန်ချိန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် ပြင်သစ်တိုက်စစ်မှူး ဇော့ဘီယာနှင့်လည်း လမ်းခွဲဖွယ်ရှိနေသည်ဟု ဆိုသည်။

ဗီလာအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် လက်ကျန်ပွဲ ခြောက်ပွဲသာကစားရန် ကျန်ရှိတော့ချိန်၌ ရမှတ် ၁၆ မှတ်သာ ရရှိထားသေးပြီး အဆင့် ၁၇ နေရာမှ နော့ဝှစ်ချ်အသင်းထက် ၁၅ မှတ်လျော့နည်းနေခြင်းကြောင့် တန်းဆင်းရမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။ **အောင်က**

မြန်မာ့အလင်း
၈-၄-၂၀၁၆ (သောကြာနေ့)

ဂျာဂျင်ကလော့ရဲ့ နွေရာသီဇာတ်ခုံမှာ အစွန့်ပယ်ခံဖြစ်လာမယ့် ကြိုးကြာနီများ

◆ အောင်က

မန်နေဂျာ ဂျာဂျင်ကလော့။ ဥရောပရဲ့အအောင်မြင်ဆုံးနည်းပြတွေထဲကတစ်ဦးအပါအဝင်ဖြစ်ခဲ့သူ။ ရော်ဂျာရဲ့နေရာမှာ ဆက်ခံလာခဲ့စဉ်ကတည်းက ဝေဖန်တိုက်ခိုက်မှုတွေကိုသတိထားပြီး ရှောင်ရှားပြီး အသင်းကို အောင်မြင်မှုတွေရရှိအောင် ပြောင်းလဲလာဖို့အတွက် ကြိုးစားနေတဲ့သူလည်း ဖြစ်ပါတယ်။ ဂျာဂျင်ကလော့ဟာ လီဗာပူးအသင်းကို စတင်ကိုင်တွယ်ခဲ့စဉ်ကတည်းက စိန်ခေါ်မှုတွေနဲ့အတူ တွေ့ကြုံဖွယ်ရှိနိုင်တဲ့ အလားအလာအားလုံးကိုလည်း တွေးတောထားမှုတွေတော့ ရှိပါတယ်။ သူဟာ ဇန်နဝါရီဈေးကွက်မှာ ထိပ်တန်းကစားသမားတွေကို ခေါ်ယူဖို့ အခွင့်အရေးရရှိခဲ့ပေမယ့် အသင်းမှာရှိတဲ့ကစားသမားတွေနဲ့ အကောင်းဆုံးအသင်းကို တည်ဆောက်ထားခဲ့သူလည်း ဖြစ်ပါတယ်။

အဖြေရှာရမယ့် ဂျာဂျင်ကလော့

ဂျာဂျင်ကလော့အနေနဲ့ အသင်းကို စတင်ရောက်ရှိခဲ့တဲ့ အချိန်မှာတော့အသင်းဟာ ညီညွတ်မျှတစွာနဲ့ကောင်းမွန်နေတယ်လို့ ပြောနိုင်တဲ့ပုံစံမျိုးတော့ ရှိနေပါတယ်။ ဒါပေမယ့် တစ်ပတ်ပြီး တစ်ပတ် အသင်းရဲ့အရည်အသွေးပိုင်းကတော့ ထင်သလောက်ကောင်းမွန်မှုမရှိခဲ့သလို ဒဏ်ရာပြဿနာကလည်း လီဗာပူးအသင်းအတွက်တော့ ကြီးမားတဲ့ထိုးနှက်ချက်တစ်ခုအဖြစ် ရှိနေခဲ့ပါတယ်။ ဒါကြောင့်မို့လည်း ပြီးခဲ့တဲ့ ဖေဖော်ဝါရီက ဂျာဂျင်ကလောက "အပြောင်းအရွှေ့ရာသီကြောင့် အသင်းအနေနဲ့ ကောင်းမွန်မှုရှိလာတယ်ဆိုတာကိုတော့ ယုံကြည်လို့မရပါဘူး။ ကျွန်တော်တို့ရဲ့ပြဿနာကို ကိုယ့်သာဖြေရှင်းရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ မဖြစ်မနေအဖြေရှာရမှာဖြစ်ပါတယ်။ အသင်းရဲ့ပြဿနာတွေကိုလည်း ကစားသမားတွေကပဲ ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်"လို့လည်း ပြောဆိုခဲ့ပါတယ်။

တကယ်လို့ ဂျာဂျင်ကလော့အနေနဲ့ နွေရာသီမှာ ကစားသမားခေါ်ယူဖို့အတွက် ဘဏ္ဍာငွေလိုအပ်တယ်ဆိုရင် ကစားသမားအချို့ကို ရောင်းထုတ်နိုင်ပါတယ်။ ဒါပေမယ့် စတာရစ်၊ ကော်တင်ညိုတို့လို့ အသင်းအတွက်အရေးကြီးတဲ့ကစားသမားတွေကို ရောင်းထုတ်ဖို့တော့ မလိုအပ်ပါဘူး။ လီဗာပူးအသင်းရဲ့ပိုင်ရှင်အုပ်စုကလည်း အသင်းရဲ့အဓိကကစားသမားတွေကို ရောင်းထုတ်ဖို့ မစဉ်းစားပါဘူး။ ဒါပေမယ့် လီဗာပူးအသင်းဟာ နွေရာသီပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ဖို့အတွက် မလိုအပ်တဲ့ကစားသမားတွေကို ရှင်းထုတ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် နွေရာသီမှာဂျာဂျင်ကလော့အနေနဲ့ ရှင်းထုတ်မယ့်ကစားသမားအချို့ကို တင်ပြလိုက်ပါတယ်။

အဒန်ဘော့ဒန်

ကျွန်တော်ဟာဒီအသင်းကို အရန်ခုံမှာထိုင်နေဖို့အတွက် ရောက်လာတဲ့သူ မဟုတ်ပါဘူး"လို့ ပြီးခဲ့တဲ့စက်တင်ဘာက လီဗာပူးအသင်းရဲ့ အရန်ဂိုးသမား အဒန်ဘော့ဒန်က ပြောဆိုထားခဲ့ပါတယ်။ ဒါပေမယ့် အဒန်ဘော့ဒန်ဟာ လီဗာပူးအသင်းမှာတော့ မန်နေဂျာ ဂျာဂျင်ကလော့ရဲ့ နှစ်သက်မှုကို မခံရတဲ့သူလို့ ပြောရမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဂျာဂျင်ကလော့ဟာပြီးခဲ့တဲ့ဇန်နဝါရီကလူငယ်ဂိုးသမား ဒန်နီဝက်ကို စကော့တလန်မှာအငှားချထားရာကနေ ပြန်လည်ခေါ်ယူထားခဲ့ပါတယ်။ ဒါကြောင့် လီဗာပူးအသင်းအတွက်တော့ဂိုးသမား အဒန်ဘော့ဒန်ဟာ နွေရာသီမှာ ရောင်းထုတ်ရမယ့် ကစားသမားအဖြစ် ရှိနေပြီလို့ ပြောရမှာဖြစ်ပါတယ်။

ဘန်တီကီ

ပြီးခဲ့တဲ့နွေရာသီက လီဗာပူးအသင်းကို ဘန်တီကီပြောင်းရွှေ့မှုဟာ အသင်းရဲ့အနာဂတ်အတွက်တော့ အကောင်းဆုံးဖြစ်လာလိမ့်မယ်လို့ ပညာရှင်တွေက ခန့်မှန်းပေးခဲ့ကြပါတယ်။ ဒါပေမယ့် အဲ့ဒီထင်ကြေးပေးမှုတွေရဲ့ အဝေးဆုံးကို ဘန်တီကီ ရောက်ရှိခဲ့တယ်လို့ဆိုရမှာဖြစ်ပါတယ်။ ဘန်တီကီဟာ လီဗာပူးအသင်းမှာ ပုံမှန်ခြေစွမ်းပြကစားနိုင်ခြင်းမရှိတာကြောင့် နေရာပါ ပျောက်ဆုံးခဲ့ရပါတယ်။ ကလပ်အသင်းမှာ နေရာပျောက်ဆုံးမှုဟာ ဘန်တီကီအတွက်တော့ လက်ရွေးစင်ကစားသမားဘဝအတွက်ပါ ထိခိုက်မှုရှိလာနိုင်တဲ့အခြေအနေမှာရှိနေပြီဖြစ်ပါတယ်။ ဂျာဂျင်ကလော့အနေနဲ့လည်း လီဗာပူးအသင်းမှာတော့ စတာရစ်၊ အိုရီဂျီတို့ပြီးမှသာ ဘန်တီကီကို ပွဲထွက်ကစားခွင့်ပေးတာလည်းတွေ့ရပါတယ်။ ဒါ့အပြင် တန်ကြေးကြီးကစားသမားဘန်တီကီကို မေ့လျော့ပြီး ဖာမီနိုကိုပိုမိုအလေးထားကစားစေတာကိုလည်းတွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဘန်တီကီဟာ နွေရာသီမှာတော့ လီဗာပူးအသင်းအတွက် ဘဏ္ဍာငွေပြန်လည်ရရှိဖို့အတွက် ရောင်းထုတ်သင့်တဲ့ကစားသမားအဖြစ် ရှိလာနိုင်ပါတယ်။

မာတင်စကာတဲလ်

တကယ်တော့ စကာတဲလ်ဟာ လီဗာပူးအသင်းအတွက် အရေးကြီးတဲ့ အရန်ခံစစ်မှူးတစ်ဦးအဖြစ် ရှိနေပါတယ်။ ဒီနှစ်ရာသီမှာ သူ့အနေနဲ့လီဗာပူးအသင်းမှာ ပရီမီယာလိဂ် ၁၇ပွဲသာ ပါဝင်ကစားခွင့်ရရှိထားခဲ့ပြီး ပွဲတော်တော်များများမှာ အရန်ခုံမှာ ထိုင်နေခဲ့ရတာဖြစ်ပါတယ်။ သူ့ရဲ့အသက်အရွယ်နဲ့အညီ အတွေ့အကြုံရင့်ကျက်တဲ့ ဝါရင့်ခံစစ်မှူး တစ်ဦးဖြစ်ပေမယ့် လီဗာပူးအသင်းရဲ့ နောက်တန်းခံစစ်တံတိုင်းမှာတော့ အကောင်းဆုံးခံစစ်မှူးအဖြစ် မရပ်တည်နိုင်တော့ပါဘူး။ ဒါကြောင့်လည်း နွေရာသီဟာ စကာတဲလ်အတွက်တော့ လီဗာပူးအသင်းနဲ့ လမ်းခွဲဖို့ဟာပိုမိုနီးစပ်မှု ရှိလာခဲ့ပြီလို့ ဆိုရမှာဖြစ်ပါတယ်။

ဂျိုးအလန်

လီဗာပူးအသင်းကို ဆွမ်ဆီးအသင်းကနေ ၂၀၁၂ ခုနှစ်က ပြောင်းရွှေ့လာခဲ့တဲ့ ဂျိုးအလန်ဟာ အသင်းအတွက်တော့ ထင်သလောက် အားကိုးရတဲ့ကစားသမားတစ်ဦးမဖြစ်ခဲ့ပါဘူး။ သူဟာ လက်ရှိရာသီမှာတော့ အသင်းနဲ့အတူ ပရီမီယာလိဂ် ကိုးပွဲသာ ပါဝင်ကစားခွင့်ရရှိထားခဲ့သလို တစ်ဂိုးသာသွင်းထားနိုင်သေးတဲ့ကစားသမားတစ်ဦးဖြစ်ပါတယ်။ ဒါကြောင့်ဂျိုးအလန်ဟာ လီဗာပူးအသင်းရဲ့ ပြုပြင်ပြောင်းလဲမှုတွေနဲ့အတူ ပြန်လည်တည်ဆောက်ရမယ့် အနာဂတ်အစီအစဉ်မှာ မပါဝင်နိုင်တော့ဘူးလို့ ပြောရမှာလည်း ဖြစ်ပါတယ်။

စပါးနှင့်ပွဲတွင် တိုက်စစ်မှူး ရွှန်းနေပါဝင်နိုင်ရန် မျှော်လင့်ထားကြောင်း မန်ယူကစားသမား ဟာရီရာ ပြောဆို

◆ ထက်အောင်

မန်ယူအသင်းတာဝန်ရှိသူများသည် တိုက်စစ်မှူး ဝိန်းရွှန်းနေ လာမည့် ဧပြီ ၁၀ ရက်တွင် စပါးအသင်းနှင့်အဝေးကွင်း၌ ရင်ဆိုင်ရမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ပါဝင်နိုင်ရန် မျှော်လင့်နေကြောင်း၊ တိုက်စစ်မှူး ရွှန်းနေ ပြန်လည်ပါဝင်လာနိုင်ပါက အသင်း၏ တိုက်စစ်အတွက် အကျိုးကျေးဇူးရှိလာစေလိမ့်မည်ဖြစ်ကြောင်း မန်ယူအသင်းကွင်းလယ် ကစားသမားအန်ဒါ ဟာရီရာက ထုတ်ဖော်ပြောဆိုလိုက်သည်။

အင်္ဂလန်တိုက်စစ်မှူး ရွှန်းနေသည် ဒူးဒဏ်ရာပြဿနာကြောင့် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၃ ရက်ကတည်းက ဘောလုံးကစားခြင်းမှ အနားယူနေရသူ ဖြစ်သည်။ သို့သော်လည်း ယခုအခါ တိုက်စစ်မှူး ရွှန်းနေသည် မန်ယူပထမအသင်းတွင် ပြန်လည်ပါဝင်ကစားနိုင်ရေးအတွက် ကြံ့ခိုင်မှု ပြည့်ဝရန် နီးစပ်နေပြီဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ တိုက်စစ်မှူး ရွှန်းနေသည် ပြီးခဲ့သည့် ဧပြီ ၃ ရက်က အဲဗာတန်နှင့် ကစားခဲ့သောပွဲ၌ ပြန်လည်ပါဝင်နိုင်လိမ့်မည်ဟု ထင်ကြေးပေးခံခဲ့ရသူ ဖြစ်သည်။

"တိုက်စစ်မှူး ရွှန်းနေဟာ အခုနှစ် ဘောလုံးရာသီမှာ မန်ယူအသင်းရဲ့ ဂိုးသွင်းအများဆုံးကစားသမားဖြစ်ပါတယ်။ သူဟာ မန်ယူအတွက် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် အမြဲလိုလို ရပ်တည်နိုင်ခဲ့သူပါ။ စပါးနဲ့ ကစားရမယ့် ပရီမီယာလိဂ်ပွဲမှာ ရွှန်းနေပြန်လည် ပါဝင်နိုင်ဖို့ ကျွန်တော်တို့ မျှော်လင့်ထားပါတယ်။ တကယ်လို့ အဲဒီပွဲမှာ ရွှန်းနေ ပြန်ကစားနိုင်ခဲ့မယ်ဆိုရင် ဒါက အားလုံးအတွက် အကောင်းဆုံးဖြစ်လာမှာပါ။ မန်ယူအသင်းမှာ ရွှန်းနေပါဝင်ကစားတဲ့အချိန်တိုင်းအသင်းအတွက် ကောင်းမွန်မှုရှိတယ်ဆိုတာကို ကျွန်တော် အမြဲပြောခဲ့ပါတယ်"ဟု စပိန်ကစားသမား ဟာရီရာက ပြောသွားသည်။

အသက် ၃၀ နှစ်အရွယ်ရှိ တိုက်စစ်မှူး ရွှန်းနေသည် ယခုနှစ် ဘောလုံးရာသီတွင် မန်ယူအသင်းအတွက် ပရီမီယာလိဂ်သွင်းဂိုး ခုနစ်ဂိုး အပါအဝင် စုစုပေါင်း ၁၄ ဂိုးသွင်းယူထားသူ ဖြစ်သည်။

ဒဏ်ရာပြဿနာကြောင့် ရွှန်းနေ မပါဝင်နိုင်ချိန်၌ မန်ယူအသင်း၏ တိုက်စစ်ကို လူငယ်တိုက်စစ်မှူးများဖြစ်သည့် ပြင်သစ်ကစားသမား အန်ထော်နီ မာတီရယ် (၂၀နှစ်)၊ မားကပ်စ် ရပ်ရှ်ဖို့ဒ် (၁၈နှစ်)တို့က ဦးဆောင်နေပြီး မာတီရယ်၊ ရပ်ရှ်ဖို့ဒ်တို့၏ သွင်းဂိုးများကြောင့် မန်ယူအသင်းသည် အာဆင်နယ်၊ မန်စီးတီး၊ အဲဗာတန်စသည့် ပြိုင်ဘက်ကောင်းများနှင့် ရင်ဆိုင်ခဲ့ရသော ပရီမီယာလိဂ်ပွဲများ၌ နိုင်ပွဲများ ရရှိခဲ့သည်။

အိုဇေးလ်၊ ဆန်းချက်ဇ်တို့နှင့် စာချုပ်သစ်ချုပ်ဆိုနိုင်မည်ဟု အာဆင်နယ်မန်နေဂျာ အာစင်ဝင်းဂါး ယုံကြည်ထား

◆ ထက်အောင်

ယခုနှစ် ပရီမီယာလိဂ်ဘောလုံးရာသီ ပြီးဆုံးချိန်၌ အာဆင်နယ်အသင်းအနေဖြင့် မည်သည့် အဆင့်တွင် ရပ်တည်နိုင်သည်ဖြစ်စေ အာဆင်နယ်အသင်း၏ အဓိကကစားသမားနှစ်ဦးဖြစ်သော အလက်ဇီဆန်းချက်ဇ်နှင့်အိုဇေးလ်တို့သည် အသင်းနှင့် စာချုပ်သစ်များ ချုပ်ဆိုလိမ့်မည်ဟု အာဆင်နယ်အသင်းမန်နေဂျာ အာဆင်ဝင်းဂါးက ထုတ်ဖော်ပြောဆိုလိုက်သည်။

အာဆင်နယ်အသင်းသည် ယခုနှစ် ရာသီအစပိုင်းတွင် ပရီမီယာလိဂ် အမှတ်ပေးဇယားထိပ်ပိုင်းတွင် ရပ်တည်နိုင်ခဲ့မှုရှိသော်လည်း ၂၀၁၆ ခုနှစ် အတွင်းတွင်မူ ရလဒ်ပိုင်းအတွင်းတွင်မူ ရလဒ်ပိုင်း မတည်ငြိမ်မှုများနှင့် ရင်ဆိုင်နေရပြီး အမှတ်ပေးဇယား၏ အဆင့် ၃ နေရာတွင်သာ ရပ်တည်နေရကာ ပွဲကျန်တစ်ပွဲကစားရန် ကျန်ရှိနေချိန်၌ အမှတ်ပေးဇယားထိပ်ဆုံးမှ လက်စတာအသင်းထက် ၁၁ မှတ် လျော့နည်းလျက်ရှိသည်။

ထို့ကြောင့် အာဆင်နယ်အသင်း၏ အဓိက ကစားသမားများဖြစ်သည့် ဆန်းချက်ဇ်၊ အိုဇေးလ်တို့ လာမည့် ဘောလုံးရာသီတွင် အာဆင်နယ်၌ ဆက်ရှိနေရေးနှင့်ပတ်သက်၍ မရေရာမှုများ ဖြစ်ပေါ်နေရသည်ဟု ထင်ကြေးမှုများ ထွက်ပေါ်နေသည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်းတွင် ဂျာမနီကစားသမား အိုဇေးလ်က ယခုနှစ် ဘောလုံးရာသီတွင် အာဆင်နယ်အသင်း၏ စွမ်းဆောင်မှုအပေါ် စိတ်ပျက်မိကြောင်း ဖွင့်ဟပြောဆိုခဲ့ခြင်းကြောင့် အိုဇေးလ်အနေဖြင့် လာမည့်နွေရာသီအတွင်း အာဆင်နယ်မှထွက်ခွာနိုင်သည်ဟု သုံးသပ်မှုများလည်း ထွက်ပေါ်လာခဲ့သည်။ သို့သော်လည်း မန်နေဂျာ အာစင်ဝင်းဂါးက "အိုဇေးလ်နဲ့ ဆန်းချက်ဇ်တို့ဟာ အာဆင်နယ်အသင်းမှာ ပျော်ရွှင်နေပြီး ဆက်ကစားဖို့ ဆန္ဒရှိလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ထားပါတယ်။ သူတို့နှစ်ဦးနဲ့ အာဆင်နယ်အသင်း ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကလည်း နှစ်နှစ်စီ ကျန်ရှိနေသေးတယ်။ အိုဇေးလ်၊ ဆန်းချက်ဇ်တို့နဲ့ စကားပြောဆိုကြည့်တဲ့အခါမှာလည်း သူတို့က အာဆင်နယ်အသင်းနဲ့ စာချုပ်သက်တမ်းတိုးဖို့ ဆန္ဒရှိတယ်လို့ ပြောပါတယ်။ ဒါကြောင့် သူတို့နဲ့ စာချုပ်သက်တမ်းတိုးဖို့က ပြဿနာ တစ်ခုလို့ ကျွန်တော် မထင်ဘူး။ စာချုပ်သက်တမ်းတိုးရေးအတွက် ဆွေးနွေးမှုတွေကိုလာမယ့် နွေရာသီကျမှ ပြုလုပ်ဖြစ်ပါလိမ့်မယ်"ဟု ပြောသွားသည်။